


တပေဗိမာန်စာမူဆုရ

# စလေ ပန်းပု ရုပ်စုံကျောင်း သမိုင်းစာတမ်းများ

[illegible]

<ရှေးဟောင်းသုတေ[illegible]န>

**၁၉၉၇ ခုနှစ်၊ စာပေဗိမာန် စာမူဆု**
**သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ပထမဆုရ**

# စလေပန်းပုရှပ်စုံကျောင်း
# သမိုင်းစာတမ်းများ

## မောင်မောင်လတ် (ရှေးဟောင်းသုတေသန)

တည်းဖြတ်သူ ... ဦးညွန့်ဟံ (စာတည်း/တာဝန်ခံ)

**အဖုံးပန်းချီ ... မြတ်ဟန်**

**စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်**

ပထမအကြိမ်၊ ၁၉၉၉ ခုနှစ်၊ အုပ်ရေ ... ၁၂,၀၀၀

တန်ဖိုး ၃၀ ကျပ်

အမှတ် ၅၂၉/၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့
စာပေဗိမာန်အဖွဲ့စာတည်းမှူးချုပ် ဦးဝင်းဖေက မှတ်ပုံတင်အမှတ် ၄၁၆ (ယာယီ) ဖြင့်
ရိုက်နှိပ်၍မှတ်ပုံတင်အမှတ် ၂၈၅ (ယာယီ) ဖြင့် ထုတ်ဝေသည်။
ကွန်ပျူတာစာစီ ... ကွန်ပျူတာ (ဗဟိုပုံနှိပ်စက်ရုံ)

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
* တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

## ပြည်သူ့ သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **အမှာစာ** | |
| ၁။ | အမုန်းတော်ခံ ... ... ... | ၁ |
| ၂။ | ဂိုဏ်းထောက်ဆရာတော် ... ... | ၂၀ |
| ၃။ | ကျောင်းဒါယကာ ... ... ... | ၄၃ |
| ၄။ | ဓားပြတိုက်ခံရခြင်း ... ... ... | ၆၇ |
| ၅။ | ရှက်တတ်ကြပါစေ ... ... ... | ၈၆ |
| ၆။ | မွေ့ခံထိုက်စေ ... ... ... | ၁၁၂ |
| | **အကိုးအကားများ** | |

# မကွေးတာဏ္ဍသိုလ်
# သမိုင်းဌာန
## ကထိက ဦးဘမောင် ၏

## အမှာစာ

စလေဒေသသည်ကား ဒုတိယပုဂံဟု တင်စားကြသော နေရာဖြစ်သည်။ ဦးပုည၏မြို့ ဖြစ်သောကြောင့် လူသိများသည်။ သို့ရာတွင် ဦးပုညမတိုင်မီ ပုဂံခေတ်ကတည်းက ရှေးဟောင်းစေတီ ပုထိုးများ၊ မြန်မာ့ယဉ်ကျေးမှု လက်ရာများ စုဝေးနေသော ဒေသဖြစ်သည်။ စလေသည် ပုဂံနှင့် မိုင် ၃၀ မျှသာ ကွာဝေးသော နေရာတွင် တည်ရှိသည်။ ပုဂံရှေးဟောင်း ယဉ်ကျေးမှု၏ အရိပ်အာဝါသ ကြီးမားပုံကို သတိပြုမိသူ များပြားသော်လည်း စလေကို များစွာ သတိမမူမိကြသေးဟု ဆိုရပါမည်။

ရှေးဟောင်းယဉ်ကျေးမှု လက်ရာများ စုဝေးနေလင့်ကစား စလေနှင့် သက်ဆိုင်သော သုတေသနလုပ်ငန်းများ၊ စာအုပ်စာတမ်းများ ထွက်ရှိသင့်သလောက် မထွက်သေးဟု ဆိုရပါမည်။ ၎င်းလိုအပ်ချက် တစ်နေရာကို ဦးမောင်မောင်လတ်က ဖြည့်စွက်လိုက်သည်အတွက် ဦးမောင်မောင်လတ်၏ ကြိုးပမ်းမှုကို ဝမ်းမြောက်စွာ ကြိုဆို လိုက်ရပါသည်။ ဦးမောင်မောင်လတ် ရေးသားသော ဤစာအုပ်ကို ဖပ. ခြင်းဖြင့် –

- စလေရှပ်စုံ ကျောင်းတော်ကြီးအကြောင်းနှင့် ကျောင်းတော်ကြီးကို တည်ဆောက်သူ ဦးဘိုကြည်အကြောင်း သိရမည်။
- ကုန်းဘောင်ခေတ်နှောင်း ကုန်ဈေးနှုန်းနှင့် ကူးသန်းရောင်းဝယ်ရေး။
- မြန်မာမင်းများလက်ထက် ကျွန်ရောင်းဝယ်ရေးနှင့် ကျေးကျွန်စနစ်။
- ကုန်းဘောင်ခေတ် ဘုန်းတော်ကြီးများ၊ ဆရာတော်ကြီးများသည် သာသနာရေးသာမက အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် ပင်လျှင် ထိရောက်စွာ စွမ်းဆောင်ကြသည်။ မည်မျှ ဩဇာကြီးမား ကြသည် ဟူသော အချက်များကို တစေ့တစောင်း သိမြင်ရမည်။

ဤစာအုပ်ကို ရေးသားသူ ဦးမောင်မောင်လတ်သည် ရှေးဟောင်းသုတေသန ဝန်ထမ်းတစ်ဦး ဖြစ်သည့် အားလျော်စွာ ကျောက်စာ၊ ပေ၊ ပုရပိုက် စသော ခေတ်ပြိုင် မှတ်တမ်းများကို အကိုးအကားပြု၍ ဤစာအုပ်ကို ရေးသားထားပေရာ သမိုင်း သုတေသနသမားများ သဲလွန်စ ရရာရကြောင်း သတင်းပေးနိုင်သော စာအုပ် ဖြစ်လာမည်ဟု ယုံကြည်မိပါတော့သည်။

ဘမောင်

ကထိက

သမိုင်းဌာန

မကွေးတက္ကသိုလ်

# ၁။ အမှုန်းတော်ခံ

နယ်ချဲ့အင်္ဂလိပ်တို့သည် သူတို့မျက်စိကျလောက်အောင် သယံဇာတကြွယ်ဝသောအာရှ–အာဖရိက နိုင်ငံများသို့ သာသနာပြု မစ်ရှင်အဖွဲ့ကို စတင်စေလွှတ်လေ့ရှိပါသည်။ ထို့နောက် ကုန်သွယ်ရေးမစ်ရှင်အဖွဲ့ နောက်ဆုံးအဆင့်၌မူ ကြေးစားစစ်တပ်နှင့် တိုက်ခိုက်သိမ်းပိုက်ကာ ပိုင်ပိုင်နိုင်နိုင် သွေးစုပ်လေ့ရှိသည်။ နယ်ချဲ့တို့၏ ညွတ်ကွင်းထောင်ချောက်အတွင်းသို့ အလွယ်တကူဆင်းသက်ကာ သူ့ကျွန်ဘဝသို့ ရောက်ရှိခဲ့ကြသော နိုင်ငံများစွာ ရှိခဲ့ပါသည်။ မြန်မာနိုင်ငံသည် ယိုယွင်းလျက်ရှိသော ပဒေသရာဇ် အဆောက်အအုံကြောင့် နယ်ချဲ့ကျွန်ဘဝသို့ ရောက်ခဲ့ရသော်လည်း အလွယ်တကူနှင့် ခေါင်းငုံ့ကာ သူ့ကျွန်ဘဝကို ခံယူတတ်သော နိုင်ငံအမျိုးအစားများထဲတွင် မပါဝင်ခဲ့ပေ။ နယ်ချဲ့အင်္ဂလိပ်တို့အတွက် အတော်ပင် ခဲခဲကပ်ကပ်နှင့် တန်ဖိုးကြီးကြီးမားမား ပေးကာ ကြိုးပမ်းသိမ်းပိုက်ခဲ့ရသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။

နယ်ချဲ့အင်္ဂလိပ်တို့၏ ပထမဆုံး သွေးတိုးစမ်း စေလွှတ်ခဲ့သည့် မဂ္ဂင်ရှစ်ပါးမရှိသော ဘာသာတရား၏ သိမ်းသွင်းဆွဲဆောင်ရာသို့ ဗုဒ္ဓအဆုံးအမ တည်သော မြန်မာတို့သည် ယိမ်းယိုင်မသွားခဲ့ပေ။ ငတောမာရေးကို ရှေ့တန်းတင်လေ့ရှိသောကမ္ဘာလှည့် ပင်လယ်ဓားပြ ကုန်သွယ်ရေးကိုလည်း သမ.

အာဇီဝတရားအား လက်ကိုင်ထားသူ မြန်မာတို့က လက်သင့်မခံ ခဲ့ကြချေ။ နောက်ဆုံးတွင် ဝံပုလွေ၏ အပြစ်ရှာနည်းမျိုးနှင့် ခေတ်မီလက်နက်များ တပ်ဆင်ထားသော ကြေးစားစစ်တပ်များကို အသုံးပြု၍ တိုက်ခိုက်သိမ်းပိုက် ရာ၌လည်း မြန်မာတို့သည် အမျိုးဘာသာ သာသနာ အန္တရာယ်ကို အသက်ပေး ကာကွယ်လျက် တရားသော စစ်ကို ဆင်နွှဲခဲ့ကြသည်။ အားမတန်၍ သူ့ကျွန် ဘဝသို့ ရောက်ခဲ့ရသော်လည်း ရောက်ခဲ့ရသည့်နေ့ဖြစ်သော မင်းနှစ်ပါး ပါတော်မူသည့်နေ့ကပင် စတင်လျက် အမျိုးသား လွတ်မြောက်ရေး နယ်ချဲ့ ဆန့်ကျင်ရေး ဆင်နွှဲခဲ့ကြသော အာဂမြန်မာတို့ ဖြစ်ပါသည်။

မြန်မာတို့အား ဗုဒ္ဓအဆုံးအမဩဝါဒတည်သော အမျိုးဘာသာ သာသနာ ထွန်းကားရာ နိုင်ငံတော်အတွက် အသက်ပေးလျက် ချစ်မြတ်နိုးကြရန် လမ်းညွှန်သင်ကြားပေးခဲ့ရသည်။ ဗုဒ္ဓသာသနာ မြန်မာဘုန်းတော်ကြီးကျောင်း များပင် ဖြစ်ခဲ့ပါသည်။ အမျိုးဘာသာ သာသနာ၏ ရန်စွယ်ဖြစ်သော နယ်ချဲ့ အင်္ဂလိပ်တို့ကို ခုခံတော်လှန်မည့် အာဇာနည်များအား မွေးထုတ်ပေးခဲ့သည့် ဗုဒ္ဓသာသနာ မြန်မာဘုန်းတော်ကြီးကျောင်းများသည် မြန်မာတို့၏ ခံတပ်ကြီး များ၊ စစ်တက္ကသိုလ်ကြီးများပင် ဖြစ်ခဲ့ပါသည်။

ထိုဘုန်းတော်ကြီးကျောင်းများတွင် ကုန်းဘောင်ခေတ်၏ နောက်ဆုံး နှစ်များဖြစ်သော မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စတင်ဆောက်လုပ် ခဲ့သည့် စလေမြို့ရှိ ပန်းပုရပ်စုံကျောင်းတော်ကြီးသည်လည်း အပါအဝင် ဖြစ်ခဲ့ ပါသည်။ နိုင်ငံတော်က ပြုပြင်ထိန်းသိမ်းပေးလျက်ရှိသော စလေမြို့ပေါ်ရှိ ကုန်းဘောင်ခေတ် ဘုန်းတော်ကြီးကျောင်း (၈) ကျောင်းအနက် အမျိုးဘာသာ၊ သာသနာ၏ ဂုဏ်ကျက်သရေနှင့် အားမာန်ဝင့်ထည်မှုကို ဖော်ကျူးပြနိုင်ဆုံး

ဖြစ်သည့် ကျောင်းတော်ကြီးကား ပန်းပုရုပ်စုံကျောင်းတော်ကြီးပင် ဖြစ်ပါချေသည်။ စလေမြို့ အဝင်လမ်း၏ တောက်ဘက်တွင် ကပ်လျက် တည်ရှိသော ဒက္ခိဏဝံကျောင်းတိုက်အတွင်းရှိ ကိုးဆောင်ကျောင်း (၁၂၃၁) နှင့် စလေမြို့၏ အရှေ့တောင်ဘက် ခြောက်မိုင်ခန့်အကွာရှိ ထောက်ခြေကန် ရွာအပိုင် ဂိုဏ်းထောက်ကန်တောရကျောင်းတို့၌ ခုနစ်ရက်စီ လှည့်လည်၍ သီတင်းသုံးလေ့ရှိထသော သုဝဏ္ဏဂိုဏ်းထောက်ဆရာတော်ကြီး ဦးဂုဏအား စလေမြို့ မြောက်ရပ်နေ ကုန်သည်ကြီး ဦးဘိုးကြည်က ဤပန်းပုရုပ်စုံ ကျောင်းတော်ကြီးကို ထပ်မံဆောက်လုပ်လျက် လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

ပန်းပုရုပ်စုံကျောင်းတော်ကြီး ဆောက်လုပ်လျက် လှူဒါန်းမည့် အကြောင်းအား သီပေါမင်းထံသို့လျှောက်ထားသည့်အခါ၊ သီပေါမင်းက ကျောင်းတော်ကြီးအတွက် လိုအပ်မည့် ကျွန်းသစ်များကို နိုင်ငံတော်၏ ကုသိုလ်ဒါနအဖြစ် နိုင်ငံတော်ပိုင်သစ်တောမှ အခွန်မဲ့၊ အခမဲ့ နုတ်ယူခွင့်ပြုသည့် စာချွန်တော်ထုတ်ပြန်ပေးခဲ့ပါသည်။ ကျောင်းတွင်သီတင်းသုံးမည့် ဆရာတော်၏သီလ၊ ပညာ၊ ဘုန်းသမ္ဘာအရှိန်အဝါနှင့် လျော်ညီသင့်မြတ်သော ကျောင်း၏ပမာဏကို အကန့်အသတ်နှင့် ဆောက်လုပ်ခွင့်ပြုလေ့ရှိသော ကုန်းဘောင်ခေတ်၌ သုဝဏ္ဏဂိုဏ်းထောက်ဆရာတော်အား လှူဒါန်းရန်အတွက် ဆောက်လုပ်ခွင့်ပြုသော ကျောင်းပမာဏမှာ လေ့ကားလေးစင်းတပ် အိမ်တော်ပုံကျောင်းတော်ကြီး ဖြစ်ခဲ့ပါသည်။ ရှေးအခါက အိမ်ရှေ့မင်းနေထိုင်ခဲ့သော အိမ်ကို အိမ်တော်ဟု ခေါ်ကြသည်။ အိမ်ရှေ့မင်းသည် အဖွတ်အထိပ်သို့ ရောက်သောအခါ ထိုအိမ်တော်အား ဘုန်းတော်ကြီးဆရာတော်များထံ ကျောင်းအဖြစ် လှူဒါန်း

လေ့ရှိကြပါသည်။ ထိုအိမ်တော် ပုံသဏ္ဍာန်အတုယူ၍ ဆောက်လုပ်လေ့ရှိသော ဘုန်းတော်ကြီးကျောင်းများကိုလည်း အိမ်တော်ပုံကျောင်းဟူ၍ပင် ခေါ်ဝေါ်ခဲ့ကြပါသည်။

ဦးဘိုးကြည်သည် မင်းမိန့်စာချွန်တော်ကိုရလျှင် ရခိုင်ရိုးမစပ်သို့ သစ်ခုတ်သမားများအား စေလွှတ်လျက် ကျွန်းသစ်များကို စိတ်တိုင်းကျ ခုတ်ယူစေခဲ့ပြီးနောက်၊ ထိုစဉ်အခါက စလေမြို့နယ်အပိုင်ဖြစ်သော တညောင် (စညောင်) ရွာမှ လက်သမား၊ ဗိသုကာများနှင့် ကျောင်းတော်ကြီးကို ဆောက်လုပ်စေခဲ့ပါသည်။ ဗိသုကာဆရာကြီးများသည် ကျောင်းဆောက်လုပ်ရာတွင် အသုံးပြုရမည့် ရိုက်သံများအား လိုအပ်သမျှ စိတ်တိုင်းကျ ပြုလုပ်နိုင်ရန် အတွက် တညောင်ရွာမှ ပန်းပဲဖိုကို သယ်ဆောင်လာခဲ့ကြသည်။ အသုံးပြုထားသော အငယ်ဆုံး ပန်းပဲရိုက်သံမှာ တစ်လက်မခွဲရှိပြီး၊ အရှည်ဆုံး ပန်းပဲရိုက်သံမှာ ၁၃ လက်မ အသီးသီး ရှိကြသည်။

လူတစ်ဖက်စာ လုံးပတ်ခြောက်ပေခန့်ရှိသော တိုင်လုံးရေ ၁၅၄ လုံးကို အသုံးပြုလျက် ဆောက်လုပ်ခဲ့သော ကျောင်းတော်ကြီး၏ ဂမာဏမှာ အလျား ၁၅၂ ပေ နှင့် အနံ ၇၆ ပေရှိခဲ့သည်။ အဆောင်များမှာ_

(၁) ကျောင်းဦးပြာသာဒ်

(၂) စနုဆောင်

(၃) ဆောင်ပု

(၄) ဆောင်လှ (ဇေတဝန်ဆောင်)

(၅) ဆောင်မ (ထွန်းဆောင်)

(၆) ခုံးဆောင်

(၇) အနောက်ဆောင် (ရေလယ်ဆောင်)

တို့ဖြစ်ကြပါသည်။

ဆောင်လှမှာအခြားဆောင်များထက်ကြမ်းပြင်ကို တိုးမြှင့်ထားပြီး၊ ဓမ္မစေတီတော်များဖြစ်သော ပေစာထုတ်များထည့်သည့် စာတိုက်သေတ္တာများ ထားရန်အဆောင်ဖြစ်သဖြင့် ဇေတဝန်ဆောင်ဟုခေါ်ကြသည်။ ဆောင်မ (ယွန်းဆောင်)၏ အနောက်ဖက်ခြမ်းကို နံရံကန့်လျက် ကျက်သရေ ခန်းဖွဲ့ထားပါသည်။ ထိုကျက်သရေခန်းသည် အိမ်တော်ပုံကျောင်းများအတွက် ဘောဂဆောင် စစ်စစ်ပင် ဖြစ်ပါတော့သည်။

အဆောင်များ၏ ပတ်လည်၌စင်္ကြံ သွားလမ်းနှင့်လသာဆောင်တို့ ပါရှိပါသည်။ စင်္ကြံ တိုင်များကို မိုးရေစားခြင်းမှကာကွယ်နိုင်ရန် တိုင်ဖုံးအဖြစ် သံကျောက်များကို မင်းသားရုပ်၊ ဇော်ဂျီရုပ်၊ ဂမ္ဘီရုပ်အစရှိသဖြင့် ထုဆစ်ကာ ဖုံးအုပ်ထားပါသည်။ အလွန်လက်ရာပြောင်မြောက်သော ပန်းတမော့လက်ရာများ ဖြစ်ကြပါသည်။ လှေကားလေးစင်းမှာမူ အုတ်လှေကားများ ဖြစ်ကြပါသည်။ လှေကားတစ်စင်းလျှင် လက်ရန်းအဖြစ် ပန်းတော့လက်ရာ နယားရုပ် နှစ်ရုပ်စီ ပါရှိသည်။ မြောက်ဘက်မျက်နှာစာရှိ လှေကားနှစ်စင်း၌ နယားရုပ်များသည် ပါးစပ်အဖွင့်ပုံဖြစ်ပြီး၊ တောင်ဘက်မျက်နှာစာရှိ လှေကားနှစ်စင်းမှာမူ နယားရုပများ ပါးစပ်အပိတ်ပုံ ဖြစ်ကြသည်။ အဆင်းအတက်ခွဲထားသည့် လက္ခဏာ ဖြစ်ပါသည်။ ကျောင်း၏ အနောက်တောင်ဘက်တွင်မူလအခါက မီးတင်းကုတ် တည်ဆောက်ခဲ့သော်လည်း ပျက်စီးသွားသည်မှာ ကြာပြီဟု ဆိုပါသည်။တောရဆောက်တည်လေ့ရှိသော ရဟန်းတော်များ၏ကျောင်း၌ မီးတင်းကုတ်မှာ

မပြစ်မနေ ပါရှိရစမြဲ ဖြစ်ပါသည်။ ဝိသုဒ္ဓိမဂ်အရ ထိုတောရကျောင်း၏ မီးတင်းကုတ်၌ (၂၄) ပတ်လုံးနာရီ မီးမပြတ်ဖိုပေးရလေ့ ရှိပါသည်။ ပန်းပုရုပ်စုံကျောင်းထိုင်ဂိုဏ်းထောက် ဆရာတော်ကြီးမှာလည်းခုနစ်ရက်စီ အချိန်ယူကာ တောရ ဆောက်တည်မြဲ ဆောက်တည်ခဲ့သည်ဟု ဆိုကြပါသည်။

ကျောင်း၏မြောက်ဘက်မျက်နှာစာတစ်ဖက်လုံးတွင် အရှေ့ဖျားမှ အနောက်ဖျားထိ စကြံ လက်ရန်းတိုင်များနှင့် ခုံးဆောင်အဝင်တံခါးများ၌ ရတနာပုံခေတ် ပန်းပုလက်ရာများကို တပ်ဆင်ထားပါသည်။ ငါးရာငါးဆယ်နိပါတ်တော်နှင့် ဓမ္မပဒေ သရုပ်ဖော်ဇာတ်တော် ပန်းပုရုပ်များ ဖြစ်ကြပါသည်။ စလင်း၊ လင်းဇင်း၊ လယ်ကိုင်းနှင့် စကုမြို့တို့၌ရှိသော ပန်းပုရုပ်စုံကျောင်းများ ရှိ ပန်းပုရုပ်များသည် မဟာဗုဒ္ဓဝင်ဖော်ထားသည့် ပန်းပုရုပ်များ ဖြစ်ကြပါသည်။ ထိုကျောင်းများရှိ ပန်းပုရုပ်များသည် မဟာဗုဒ္ဓဝင်ကိုအရအမိ သရုပ်ဖော်ထားသဖြင့် မျက်နှာအမူအရာများ မပေါ်လွင်ပေ။ စလေပန်းပုရုပ်စုံကျောင်းရှိ ပန်းပုရုပ်များမှာ ငါးရာငါးဆယ်နိပါတ်တော်နှင့် ဓမ္မပဒတို့မှ ကောင်းနိုးနိုးရာရာများကို စနစ်တကျ ရွေးချယ်ထုလုပ်ထားသဖြင့် မျက်နှာအမူအရာကို ထင်ရှားပေါ်လွင်စေသည်အထိ လက်စွမ်းပြထားကြပါသည်။ ငါးပါးအာရုံ ကာမဂုဏ်၌ နစ်မွန်းမသိ နစ်နေကြသူများ ကျောင်းဒါယကာအပါအဝင် တပည့်သားရဟန်းတို့အား ကာမဂုဏ်လွန်ကျူးမှုများအတွက် ရှက်တတ်လာကြစေရန်နှင့် သံဝေဂတရား ရစေရန်ရည်ရွယ်လျက် ဂိုဏ်းထောက်ဆရာတော်ကြီး၏ ညွှန်ကြားချက်အရ ထုလုပ်ခဲ့ကြရသော ပန်းပုရုပ်များဖြစ်ကြပါသည်။ ထိုဇာတ်တော် သရုပ်ဖော် ပန်းပုရုပ်များကို ထုလုပ်ပူဇော်ခဲ့ကြသူ ပန်းပုဆရာအကျော်အမော်များကား ပခုက္ကူ ရေစကြိုသားများ ဖြစ်ကြသည်ဟူ၍သာ သိရပါတော့သည်။

အမည်နာမ သမိုင်းတင်ကျန်ရစ်ခြင်း မရှိခဲ့သော ထိုပန်းပုဆရာ ဗိသုကာ၊ ပန်းရံနှင့် ပန်းပဲပညာရှင်များ၏ လုပ်အားဒါနကြောင့် ဤပန်းပုရုပ်စုံကျောင်းတော်ကြီးသည် ရတနာပုံခေတ်လက်ရာ "စံ"အဖြစ် သမိုင်းဆန်ကာတင် ကျန်ရစ်ကာကမ္ဘာကျော်စေခဲ့ခြင်း ဖြစ်ပါသည်။

ပန်းပုရုပ်စုံကျောင်း၏ ပထမဆုံး ကျောင်းထိုင်ဆရာတော်ကြီး ဦးဂုဏအားမင်းတုန်းမင်းဆရာကြီးနှင့် စိန်တုံးမိဖုရားကြီးတို့ ကိုးကွယ်ခဲ့သော ဆရာတော်ကြီးတစ်ပါး ဖြစ်ခဲ့သည်။ စလေမြို့နှင့် တလုပ်မြို့တို့ကို အပိုင်စားရသောသိရိသုပဘာ ရတနာဒေဝီဘွဲ့နှင့် ဝဇီရက္ခန္ဓ မဟာဒေဝီဘွဲ့ရ စိန်တုံးမိဖုရားကြီးသည် အပျိုတော်ဘဝကတည်းကပင် အမရပူရနေပြည်တော်သို့ ပရိယတ္တိစာပေများ လာရောက်သင်ကြားခဲ့သော ရှင်ဂုဏအား ကြည်ညိုရင်းစွဲ ရှိခဲ့ပြီးဖြစ်ပါသည်။ မင်းတုန်းမင်းတရားကြီး အထွတ်အထိပ်သို့ရောက်သောအခါစိန်းတုံးမိဖုရားကြီးသည် စလေမြို့သို့အထောက်တော်များ စေလွှတ်လျက်ဆရာတော်ဦးဂုဏအား ရတနာပုံနေပြည်တော်သို့ ပင့်ဆောင်ခဲ့ပါသည်။ နေပြည်တော်၌ ကျောင်းဆောက်လှူဒါန်းခွင့်ပြုပါရန် စိန်တုံးမိဖုရားကြီးကလျှောက်ထားခဲ့သောအခါ ဆရာတော်က တောရဆောက်ရန်သာ အားသန်နေသဖြင့် လက်ခံခြင်း မပြုခဲ့ပေ။ မူလကျောင်းထိုင်ရာ စလေဒက္ခိဏဝံကျောင်းတိုက်နှင့် စလေမြို့နယ်အတွင်းရှိ ဆင်မကြပ်ကန် တောရကျောင်းတို့၌သာ တစ်လှည့်စီ သီတင်းသုံးမည်ဖြစ်ကြောင်း မိန့်ကြားခဲ့ပါသည်။

ထိုအခါ ဆရာတော် ဦးဂုဏအား မဖြစ်မနေ ကျောင်းဆောက်လုပ်လှူဒါန်းရန် အာသီသပြင်းလျက်ရှိသော စိန်တုံးမိဖုရားကြီးသည် ဆရာတော်ကြီးတောရဆောက်တည်ရာ ဆင်မကြပ် ကန်တောအရပ်၌ တောရကျောင်း

ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ ဇေတဝန်ကျောင်းပုံစံဖြစ်သည်ဟု သိရှိသူတို့က ဆိုကြပါသည်။ (ယခုအခါ တောရကျောင်းအား စလေမြို့မ သုဓမ္မာဂိုဏ်းထောက်ဆရာတော်ကြီး ဦးဂုဏ၏ ဂုဏ်ဒြပ်ကို အမှီအစွဲပြုလျက် ဂိုဏ်းထောက်ကန်တောရဟူ၍ အမည်တွင်လျက်ရှိပါသည်။ ထိုတောရအနီးရှိ ရွာငယ်ကလေးကိုလည်း ဂိုဏ်းထောက်ကန်ရွာဟူ၍ ခေါ်ဝေါ်ကြပါသည်။) စိန်တုံးမိဖုရားကြီးက တောရကျောင်း ဆောက်လုပ်၍ လှူဒါန်းသောအခါ သာသနာ့ဒါယကာ မင်းတုန်းမင်းတရားကြီးကလည်း ဆင်မကြပ်ကန် တောရကျောင်း၏ ပတ်ဝန်းကျင်အား ဘေးမဲ့တောအဖြစ် သတ်မှတ်ကာ သစ်သားစာ ရွှေစာလုံးရေးလျက် အမိန့်တော်ထုတ်ပြန် လှူဒါန်းပြီး ပါရမီ ဖြည့်တော်မူခဲ့ပါသည်။ ထိုအမိန့်တော်မှာ–

**" တိရစ္ဆာန်များ ဇီဝိတဒါန ဘေးမဲ့လွှတ်အမိန့်တော် "**

ဘုန်းတော်အလွန် ကြီးမြတ်တော်မူလှသော ပဉ္စမသင်္ဂါယနာတင် သာသနာ့ဒါယကာ မဟာကေရာဇ် တရားမင်းမြတ်က ၊စလေမြို့စားမင်းသမီးကုသိုလ်တော် ဆင်မကြပ်ကန်အရပ်၊ ထက်ဝန်းကျင် တာတထောင်အတွင်း ခိုမှီးပျော်နေသော၊ ပိုးမွှားသားငှက် တိရစ္ဆာန်တို့ကို အပစ်အခတ် အသတ်အညှစ်မရှိစေနှင့်။ ဇီဝိတဒါန အဘယအဖြစ် လွတ်ငြိမ်းချမ်းသာစေ ထုတ်ပြန်တော်မူသည်။ အမိန့်တော်အရ တာတထောင်အတွင်း ပြုကျင့်သူတို့ကို ကေရာဇ်မင်းမြတ်ထံ စာသွင်း၍စီရင်မည်။

ဟူ၍ဖြစ်ပါသည်။

ဂိုဏ်းထောက်ဆရာတော်ကြီးသည် စလေမြို့ ဒက္ခိဏဝံကျောင်းတိုက်၌ တပည့်သားရဟန်းတို့အား ပရိယတ္တိစာပေများကို ခုနစ်ရက်တာမျှ သင်ကြားပို့ချပြီးတိုင်း၊ ဂိုဏ်းထောက်ကန်တောရသို့ ကြွလျက် ခုနစ်ရက်တာမျှ တောရဆောက်တည်လေ့ ရှိပါသည်။ ထိုသို့ သီတင်းသုံးလျက်ရှိနေစဉ်အတွင်း မြန်မာသက္ကရာဇ် ၁၂၃၁.ခုနှစ်တွင် ကတ္တူလှေပိုင်ရှင် ဦးဝိုက်နှင့် ဇနီးဒေါ်အိမ်ကြွယ်တို့က ကိုးဆောင်ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ကိုးဆောင်ကျောင်း ဆောက်လုပ်လှူဒါန်းသည့်နှစ်ကို “ အောင်ကျော်စံအောင် – ရွှေကိုးဆောင် ”ဟူ၍ အမှတ်အသားပြုကြပါသည်။ ဇေတဝန်ကျောင်းပုံသဏ္ဍာန်ရှိသော ထိုကျောင်းတော်ကြီး၌ အဆောင်ကိုးဆောင်ပါရှိသဖြင့် ကိုးဆောင်ကျောင်း ဟူ၍ အမည်တွင်ခြင်း ဖြစ်ပါသည်။ ကိုးဆောင်ကျောင်း၏ လည်ပေါ် ဘုံဆင့်များ၌ လှပသော ခိုနန်းချိုးနှင့်စံပွာယ်ထပ်အခိုးများ ပါရှိပါသည်။ ရဟန်းတော်တစ်ပါးသည် တစ်မိုးတစ်ယံ တစ်ခုအတွင်း၌ အခြားသီတင်းသုံးဖော် ရဟန်းတို့နှင့်အတူ သုံးရက်ထက်ပိုလွန်၍ သီတင်းသုံးခြင်းကို ဝိနည်းတော်က ခွင့်မပြုခဲ့ပေ။ ထိုဝိနည်းတော်အရ ရဟန်းတော်များ သီးခြားကင်းရှင်းစွာ သီးတင်းသုံးနိုင်ရန်အတွက် အဆောင်ခွဲများပေါက်လျက် ဖွဲ့စည်းတည်ဆောက်ထားခြင်း ဖြစ်ပါသည်။ ကိုးဆောင်ကျောင်း၌ လှည်းပေါင်းသဏ္ဍာန်အမိုးခုံးထားသော “ ခုံးဆောင် ” နှစ်ဆောင် ပါရှိသည်။ ထိုခေါင်းထိုး ခုံးဆောင်များအား ရတနာပုံခေတ် ဗိသုကာလက်ရာ “ စံ ” အဖြစ် လေ့လာနိုင်ပါသည်။

ဂိုဏ်းထောက်ဆရာတော်ကြီး ထီးရိုးပ်နန်းရိပ်နှင့်ဝေးရာ စလေအရပ်၌ သီတင်းသုံးတော်မူခဲ့သော်လည်း စိန်တုံးမိဖုရားကြီး၏ အပင့်အလျှောက်

များကို မပြတ်ခံယူတော် မူခဲ့ရပါသည်။ စိန်တုံးမိဖုရားကြီးသည် နေပြည်တော်၌ အလှူအတန်းပြုသည့် အခါအခါတိုင်း စလေမြို့ဝန်မှတစ်ဆင့် အလှူခံပင့်လွှာများကို ပေးပို့ဆက်ကပ်လေ့ ရှိပါသည်။ စိန်တုံးမိဖုရားကြီး၏ သမိုင်းဝင်သော အလှူခံပင့်လွှာတစ်စောင်ကို ပန်းပုရှပ်စုံကျောင်း ပုရပိုက်စုများ၌ လေ့လာတွေ့ရှိရပါသည်။

## "မြို့စားအရှင်က ပဒေသာ အလှူခံပင့်လွှာ"

"စိန်တုံးမိဖုရားကြီး၊အကြီးစာရေးတို့ ရှိခိုးအသနားတော်ခံပါသည် ဘုရား– ကျွန်တော်တို့အရှင်မှာ ။ ။မင်္ဂဖိုလ် နိဗ္ဗာန်အလို့ငှာ။ မြတ်စွာဘုရားကိုယ်စားတော် စားကြက်ထောင့်ရွာအနီး တည်ထားကိုးကွယ်သည့် စေတီတော် ၁။ မဟာမုနိဘုရားမြေဝှ၊ ပေါင်းလဲကျောင်းတိုက်အတွင်း တူးလုပ်သည့်ရေတွင်း ၁။ တောင်ဘီလာအရပ်တွင် အရညဝသီ ပုဂ္ဂိုလ်တို့ မှီဝဲသုံးဆောင်ရန် တူးလုပ်သည့် ထားမကူးရေကဲ့ ၁။ နိမ္မိက ဘုရားရှင်ကဲ့သို့ ညဏ်တော် ၁၂ ရှိ။ မန်ဘုရားရုပ်ပွားတော် ၁။ မြတ်စွာဘုရားကိုလှူရန် သီးမျိုးစုံ မှန်စီပဒေသာကတင်ချင်ရန်းပါ ၁။ သံထီး သံတံခွန် မှန်စီ ဝသုန္ဓြေရုပ်ပါ ၁။ ကြေးချိန် ၁၁။ ခေါင်းလောင်းမှန်စီခုံပါ ၁။ နရားသင်း၊ မှန်စီတရားဟော ပလ္လင်၁။ ပိဋကတ်စာအင်္ဂါ ၁၀၀၀ ကျော်။ ကမ္မဝါစာစောင်ရေ ၁၀။ ပိဋကတ် စာထည့်ရန်၊ ဓမ္မစေတီအရာ မှန်စီစာတိုက် ပြာသာဒ်တင်ပြီး ၁။ ကမ္မဝါစာ ထည့်ရန် မှန်စီသေတ္တာလုံးရေ ၁၀။ သံဃာတော်မြတ်တို့ကို လှူရန် သီးမျိုးစုံ ပဒေသာပင် ၅၈။ သင်္ကန်းပဒေသာပင် ၂၀။ ကတင်ချင်ရန်းပါ ၅၈။ သီလသည် တို့ကိုလှူရန် သီးမျိုးစုံပဒေသာပင် ၂၀။ သူတော်သီလတို့ကို လှူရန် ပဒေသာ ပင် ၂၀။ စွန့်ကြဲ

ပေးကမ်းရန် စိန်တင်လက်စွပ်ကွင်းရေ ၅၈။ မြတင်လက်စွပ် ကွင်းရေ ၄၄။ ကျောက်နီလက်စွပ် ၁၃။ ၃ ခု ၁၁၅ ပဒေသာပင် ၁။ သင်္ဘောပါထည်မျိုး အုပ်မျိုး ပဒေသာပင်ရေ ၈၀ ကျော် ၃ ခု ပဒေသာပင်ရေ ၂၇၀ ကျော်များနှင့်။ တရုတ်မြို့စား မိထွေးတော်ဘုရားသား မွေးစားသူမောင်ဘေ သမီး မွေးစားသူ ရိုက်ရွာစားတို့ကို ၁၂၃၂ ခု တပို့တွဲလပြည့်ကျော် ၄ ရက်နေ့။ နားထွင်းမင်္ဂလာ ပြုပြီးလျှင်။ မောင်ဘေနှင့် ။ သူတထူးသား ၃၁ တို့ကို ရဟန်း ရှင်သာမဏေ အဖြစ်ဖြင့် ချီးမြှင့်ပြီးလျှင်။ သမုတိသံဃာတော်မြတ်တို့အား အထူးထူးသော ဒါနဝတ္ထုတို့ကို လှူဒါန်းပူဇော် လိုပါသည် ဖြစ်ပါ၍။ သက္ကရာဇ် ၁၂၃၂ ခု။ တပို့တွဲ လပြည့်ကျော် ၄ ရက်နေ့ည ပရိတ်တော်ဆောင်။ ၅ ရက်နေ့ နံနက် ဆွမ်းအလှူခံကြွတော်မူပါမည် အကြောင်းကို။ ရှိခိုးသနားတော် ခံပါသည် ဘုရား။"

ဤသို့ အလေးအမြတ်ထားလျက် အလှူခံ ပင့်ခဲ့သော်ငြားလည်း ဂိုဏ်းထောက်ဆရာတော်အနေဖြင့် အခါခပ်သိမ်း ကြွရောက် အလှူခံခြင်း မပြုနိုင်ခဲ့ပေ။ အထက်ဖော်ပြပါ အလှူခံပင့်လွှာ၏ အောက်ခြေ၌ မကြွရောက်နိုင်သည့် အကြောင်းကို အကြောင်းကြားရန် မှတ်ချက်ရေးထားသည်။ ထိုမှတ်ချက်၌ စိန်တုံးမိဖုရားထံ မိန့်ကြားလိုက်သည်မှာ–

" အပင့်လှူရန်ရှိက။ ပုဂ္ဂလိက။ သံဃိက။ တို့မည်။ ဦးရေအသေအချာနှင့် မင်းတဲသိမ်းကုန်းတိုက်နေ ဦးကေတုထံ။ ပင့်သံဃာတို့ ကိုယ်စား ပင့်တောင်း ကပ်လှူ။ သင့်ရာလျှော်တွင် ပြောလိုက်မန်အကြောင်းကို မှာလိုက်သည် "

ဟူ၍ပင်ဖြစ်ပါသည်။

မင်းတုန်းမင်းကြီး လက်ထက်တော်၌ ဂိုဏ်းထောက်ဆရာတော်အဖြစ် သုဓမ္မာဂိုဏ်းကို ဦးဆောင်ခဲ့ရသော ဆရာတော်ကြီး ဦးဂုဏသည် သီပေါမင်း၏ လက်ထက်တော်၌လည်း ဂိုဏ်းထောက်ဆရာတော်အဖြစ် တာဝန်ယူခဲ့ ရပါသည်။ ဂန္ထဓူရနှင့် ဝိပဿနာဓူရတို့ကို ကြိုးကြိုးကုတ်ကုတ် အားထုတ်၍ မအားလပ်ရသည့် အချိန်တွင်းမှာပင် သုဓမ္မာဂိုဏ်းထောက်ဆရာတော်၏ တာဝန်များကို ဆောင်ရွက်ခဲ့ရပါသည်။ ဂိုဏ်းထောက်ဆရာတော် တစ်ပါး၏ တာဝန်မှာ ရပ်ရွာငြိမ်ဝပ်ပိပြားရေးနှင့်ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပ စေရေးတို့ဖြစ်ပါသည်။ ရပ်ရွာငြိမ်ဝပ်ပိပြားမှု ပျက်ပြားခဲ့လျှင် ပယောဂ မကင်းသူသည် မည်သူမည်ဝါပင်ဖြစ်စေ၊ ဂိုဏ်းထောက်ဆရာတော် အနေဖြင့် ဗုဒ္ဓရှင်တော်၏ တရားတော်နှင့်အညီ ခေါ်ပင်ဆုံးမကြရသည်။ ထို့အတူ ဗုဒ္ဓ သာသနာ၏ အရောင်အဝါကို ညစ်နွမ်းစေမည့် ဒုဿီလရဟန်းများ ပေါ်ပေါက် လာလျှင်လည်း အပြစ်အလျောက် စီရင်ဆုံးမကြရပါသည်။ ထိုသို့ အမျိုးဘာသာ၊ သာသနာ၏ ကြီးမားထွေပြားသော တာဝန်များကို ထမ်းဆောင်လျက်ရှိသည့် ဂိုဏ်းထောက်ဆရာတော်ကြီးအား ကုန်သည်ကြီး ဦးဘိုကြည်နှင့် ဇနီးဒေါ်ရွှေ သက်တို့က ကြည်ညိုသဒ္ဓါ ထက်သန်စွာနှင့် ပန်းပုရုပ်စုံကျောင်းတော်ကြီးကို ထပ်မံဆောက်လုပ်၍ လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။

ပန်းပုရုပ်စုံကျောင်းတော်ကြီးကို စိတ်တိုင်းကျ ဆောက်လုပ်နေဆဲ အခါ တွင် ပါကော်မှု အဖြစ်ဆိုးကို တစ်မျိုးသားလုံး ကြုံတွေ့ခဲ့ရပါသည်။ ထိုအခါ ကျောင်းတော်ကြီးကို အပြီးမသတ်နိုင်လောက်အောင်ပင် နှောင့်နှေးကြုံကြာ ခဲ့ရပါသည်။ အမျိုးဘာသာ၊ သာသနာရေးအတွက် စားသွေးလျက် အသက်ပေး

ဆင်နွှဲခဲ့ကြရာ၌ စလေနယ်သူနယ်သားတို့သည်လည်း တာဝန်ကို ဦးလည်မသုန် ထမ်းရွက်ကျေပွန်ခဲ့ကြပါသည်။ စလေမြို့၏တောင်ဘက် အင်းစောင်းရှိ လက်ပံပင်ကြီးအောက်ဝယ်၊ နယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင်ပုပ္ပားမဟိ သ ဘွဲ့ခံ ဗိုလ်ရန်ညွန့်နှင့်အာဇာနည်များအား နယ်ချဲ့တို့ကသေဒဏ် ပေးခဲ့ကြပါ သည်။ စလေနယ်အပိုင် ပလောင်ရွာသူကြီး၏ သားဖြစ်သူ နယ်ချဲ့ဆန့်ကျင် ရေးခေါင်းဆောင် ဗိုလ်ရာညွန့်အား ပေါက်မြို့၌ ကြိုးပေး၍သတ်ခဲ့ ကြပါ သည်။ ဗိုလ်ရာညွန့်နှင့် ဗိုလ်ရာထွတ်တို့သည် နယ်ချဲ့တို့ပေးအပ်သော ရာထူးကို ငြင်းပယ်ခဲ့ကြပြီး နယ်ချဲ့တို့၏သေဒဏ်ကို ရွေးချယ်ခဲ့ကြသည့် အမျိုးသား သူရဲကောင်းများဖြစ်ကြပါသည်။ မြန်မာမင်း၏အမှုထမ်းဖြစ်ခဲ့သူ ဗိုလ်ရာထွတ် သည် မြန်မာမင်းချီးမြှင့်ခဲ့သည့်အဆောင်အယောင်များကို အကျအန ဝတ်ဆင် ကာ ကွမ်းစားမပျက် ကြိုးစင်တက်ခဲ့သူဖြစ်ခဲ့ပါသည်။ စလေနယ်သူနယ်သား နယ်ချဲ့ဆန့်ကျင်ရေးသမားများသည် ဤသို့အသက်ပေးလျက် သမိုင်းမော်ကွန်း ထူနိုင်ခဲ့ကြပါသည်။

ထိုသို့လှိုင်းကြီးလေထန်ကာလဆိုးများ၊ ခေတ်ပြောင်း၊ မင်းပြောင်း ကာလ ဆိုးများကို ကျော်ဖြတ်သန်းခဲ့ရသဖြင့် ကျောင်းတော်ကြီး ဆောက်လုပ်ရေး သည် ဆယ်နှစ်တာမျှကြာခဲ့ရသည်ဟု ဆိုကြပါသည်။ ကြာမြင့်ခဲ့သည်နှင့်အမျှ တစ်ကျောင်းဆိုမျှ တစ်ကျောင်းဟု ဆိုစမှတ်ပြုရလောက်အောင်ပင်၊ တုနှိုင်း စရာမရှိ ထည်ဝါဘိတော့သည်။ ကျောင်းဒါယကာ ဦးဘိုးကြည်၏ ကောင်းမှု တော်ရေစက်ချ စာတမ်း၌ –

"သက္ကရာဇ် ၁၂၅၄ ခု၊ ဝါဆိုလဆန်း ၅ ရက်နေ့ နံနက် ၈ နာရီအချိန်တွင် မင်္ဂလာနှင့်ရင်စွာမြင့်သော်၊ တောင်မြင့်တောင်တကာ၊ တောင်ဟက်သာကာ၊ တောင်သာဇာတိ ရွှေညာရှိလျက်နှင့် သီဂုဏ်တက်၊ လွန်စုံမက်၍ အောကထက်တလွှား ၊ လွန်ထင်ရှားသည် ၊ ဦးဘိုးကြည်နှင့်၊ သာစည်ရွှန်းမြစ်၊စလေခေတ်၌၊ သိုက်မြိုက်လှသည့်၊ ဆွေရှိမပျက်၊ မရွှေသက်နှင့်၊ စုံမက်တသီး၊ ချစ်မငြီးသည့်၊ သမီးမယ် စောမျှသားလှ၊ ဘဖေ၊ ဘငွေ၊ ဘကျော်၊ ဘဆွေ စပြုမျှတစုတို့ ..... ကောင်းမှုပြုခဲ့ကြသည်ကို မှတ်တမ်းတင်လျက် ဆရာတော်ကြီးဦးဂုဏအား ရေစက်ချလှူဒါန်းခဲ့ကြပါသည်။ ထိုအချိန်မှာ သူကျွန်ဘဝသို့ရောက်လျက်ရှိနေပြီ ဖြစ်ပါသည်၊ ထိုသို့ဦးဘိုးကြည်က ပန်းပုရပ်စုံကျောင်းတောကြီးကို ရေစက်ချလှူဒါန်းခဲ့သောအခါ ဆရာတော်ကြီးက မူလကျောင်းထိုင်ရာကိုးဆောင်ကျောင်းကိုတပည့်ဖြစ်သူ ဦးပုညအား လွှဲအပ်ပေးခဲ့ပါသည်။ ဂိုဏ်းထောက်ဆရာဝန်များ၊ ကင်းငြိမ်းလျက်ရှိနေပြီဖြစ်သော ဆရာတော်ကြီးသည် ဂါမဝါသီနှင့် အရညဝါသီကို (ခုနစ်) ရက်စီ လှည့်လည်မြဲ၊ လှည့်လည်လျက် သီတင်းသုံးတော်မူခဲ့ပါသည်။

သို့သော်ဆရာတော်ကြီးသည် ပန်းပုရပ်စုံကျောင်းတော်ကြီးနှင့် ဂိုဏ်းထောက်ကန်တောရကျောင်း၌ အသက်ထက်ဆုံး သီတင်းသုံးခွင့် မရရှိခဲ့ပါပေ။ မြန်မာအမျိုးသားတို့ ကံကြမ္မာ ညှိုးနွမ်းလျက် ကျွန်သပေါက်လမ်း၌လျှောက်နေရသည့် အချိန်တွင် အမျိုးဘာသာ သာသနာ၏ ဦးစီးပဲ့ကိုင်ဂိုဏ်းထောက်ဆရာတော်ကြီး၏ ဘဝသည်လည်း ကံကြမ္မာ တစ်ဆစ်ချိုး၍ညှိုးခဲ့ရသည့် အကြောင်းများ ဖန်လာခဲ့ပါသည်။ ဖန်လာခဲ့ရသည့် အကြောင်းမှာ

အခွင့်သင့်လျှင် အနှောင့်အယှက်ပေးရန် ဝန်မလေးတတ်သော နယ်ချဲ့တို့၏ စနက်ကြောင့်ဖြစ်ပါသည်။ စတင်ဖြစ်ပွားခဲ့ရသည့်အကြောင်းအရင်းကို တပည့်သား ရဟန်းအပေါင်းက ပြောပြကြရန် အလွန်ဝန်လေးကြပါသည်။ ဗုဒ္ဓ၏ သားတော် ရဟန်းတော်တို့နှင့် မပတ်သက် မလျော်ကန်သော အကြောင်းခံကြောင့် အကျိုးနည်းခဲ့ရသော ဆရာတော်ကြီးအတွက် တပည့်သား ရဟန်းအပေါင်းတို့မှာ ယူကြုံးမရ ရှိခဲ့ရပါသည်။ ထို့ကြောင့် တပည့်သား ရဟန်းအပေါင်းတို့သည် အရှက်တကွဲ အကျိုးနည်းခဲ့ရသော ဆရာတော်ကြီး၏ သမိုင်းကြောင်းကို ပြည်ဖုံးကားချထား ခဲ့ကြပါသည်။

ဆရာတော်ကြီးအား အရှက်တကွဲ အကျိုးနည်းဖြစ်စေခဲ့ရပုံမှာ နယ်ချဲ့လက်အောက်၌ စလေမြို့အုပ်ချုပ်ရသော ပထမဆုံးမြို့အုပ်၏ လက်စွဲတော် စာပို့သမားသည် ဆရာတော်ကြီး တောရဆောက်တည်လျက်ရှိရာ ဂိုဏ်းထောက်ကန် တောရကျောင်းအနီး၌ လူမှုရေးဖောက်ပြန်မှုတစ်ခုကို ကျူးလွန်ခဲ့ရာမှ စတင်ခဲ့ပေသည်။ စလေမြို့၏ နယ်ချဲ့လက်ဝေခံ ပထမဆုံး မြို့အုပ်မှာ မြန်မာတစ်မျိုးသားလုံး၏ နယ်ချဲ့ဆန့်ကျင်ရေးအပေါ် သစ္စာဖောက်လျက် နယ်ချဲ့ရှေ့မှောက်၌ ဒူးထောက်ကာ မြို့အုပ်ရာထူးကို အရှက်မရှိ ယူခဲ့သူတစ်ဦး ဖြစ်သည်။ထိုမြို့အုပ် အားကိုးရှိထားသော လက်စွဲတော် စာပို့သမားသည် လူမှုရေးဖောက်ပြန်မှုကို ပြောင်ပြောင်ထင်ထင် ကျူးလွန်ခဲ့သော အခါ မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံများက လက်သင့်မခံ။ ခွင့်လွှတ်လေ့ မရှိကြပါ။ ထို ဂိုဏ်းထောက်ကန် တောရသည် ထောက်ခြေကန်သူကြီးအပိုင် ဖြစ်သဖြင့် အဝမ္မမှုကျူးလွန်သည့် တရားခံအား ထောက်ခြေကန်သူကြီး

ဦးခိုက ဖမ်းဆီးခဲ့ပါသည်။ ထောက်ခြေကန်သူကြီး ဦးခိုသည် တရားခံအား မြန်မာ့ ထုံးစံနှင့်အညီ လက်ပြန်ကြိုးတုပ်လျက် စလေမြို့အုပ်ထံ အပ်နှံခဲ့ပါသည်။ သို့သော် နယ်ချဲ့သစ္စာခံ မြို့အုပ်က သူ၏တပည့်ကျော်အား လက်ပြန်ကြိုး တုပ်၍ ခေါ်ရ ကောင်းလားဟု အမျက်ရှကာ သူကြီးဦးခိုအား ငေါက်ငမ်း ကြိမ်းမောင်းမှု သမ္မု ပြုခဲ့ပါသည်။ ထိုအခါ ရိုးသားသော သူကြီး ဦးခိုခမျာ အလွန်တရာ ကြောက်လန့်လျက် ဆရာတော်ကြီးပါဝင် စွက်ဖက်မှု မရှိခဲ့သော်လည်း ဆရာတော်ကြီး၏အမည် အလွဲသုံးစားပြုလျက် သက်သာရာ ရလိမ့်မည် ဟူ၍လည်းကောင်း၊ အမှုမှန် ပေါ်ပေါက်လိမ့်မည် ဟူ၍လည်းကောင်း ထင်မှတ်ခဲ့သဖြင့် ဆရာတော်ကြီး ဦးဂုဏ၏ အမိန့်အရ လက်ပြန်ကြိုး တုပ်ခဲ့ ရပါသည်ဟု ထုချေခဲ့ပါသည်။

ထိုအခါ စလေမြို့အုပ်သည် ဤကဲ့သို့သော အမှုမျိုးတွင် စလေ တစ် နယ်လုံးက ကြည်ညိုလျက်ရှိသော ဆရာတော်ကြီးကိုယ်တိုင် ပါဝင်ပတ်သက် နေလျှင် သူ့အနေဖြင့် အမှုကိုဆက်၍ မစစ်ရဲတော့သည်ဖြစ်ရကား၊ ပုဂံဆဗ္ဗ ဒိဗီဇံအရေးပိုင် မစ္စတာကေရီထံသို့ အမှုကို လွှဲပြောင်းပေးခဲ့ပါသည်။ ထိုသို့ အမှု လွှဲပြောင်း ပေးခဲ့သောကြောင့်လည်း သံဃာစင်ပါမှောက်ကိန်းနှင့် ကြုံရ ပါတော့သည်။

ထေရဝါဒတည်ရာ မြန်မာနိုင်ငံ၏ သာသနာပိုင်အဖြစ် မဟာယန တရုတ် ဘုန်းတော်ကြီးကို ခန့်အပ်ရန် ကြိုးစားခဲ့ဖူးသော နယ်ချဲ့အင်္ဂလိပ်တို့ အဖို့ ဤကဲ့ သို့သော စလေမြို့နယ်တစ်ခွင်လုံးအပေါ် သြဇာညောင်းသည့် မင်း၊ မိဖုရားတို့ အကိုးကွယ်ခံ တန်ခိုးကြီးဆရာတော်ကြီးအား တရားရုံးသို့ သက်သေအဖြစ်

ဆင့်ဆိုခွင့် သင့်လာခဲ့သည့်အတွက် ဧရာမအကွက်ကောင်း ပွဲတော်ကြီးတိုးခဲ့ရသည့်ပမာ ဖြစ်ခဲ့ရပါသည်။ ဆရာတော်ကြီးငယ်နာမည်၊ လူနာမည်ဖြစ်သော "မောင်ထောင်" ကိုခေါ်ဝေါ်သုံးစွဲကာ မုဒိမ်းမှု၏ အဓိကသက်သေအဖြစ် ဆင့်ခေါ်ခဲ့ပြီး အမှုစစ်ဆေးနေစဉ် ကာလအတွင်း၌လည်း၊ "မောင်ထောင်" ချင်းမိုးမွှန်အောင်ခေါ်လျက် အမှုမပြီးမချင်း အရှက်ခွဲ စော်ကားခဲ့ကြပါသည်။

မြန်မာမင်းတို့၏ လက်ထက်တော်အခါက ဆင်းရဲသား ကျွန်တော်မျိုးတို့အပေါ်၌ ဖိနှိပ်ညှဉ်းပန်းတတ်သည့် မြို့ဝန်များကိုလည်းကောင်း၊ အတင်းအဓမ္မ အခွန်စည်းကြပ်သော အခွန်ဝန်များကိုလည်းကောင်း၊ အမှုမမှန် စီရင်တတ်သော ခုံတော်များကိုလည်းကောင်း၊ ဂိုဏ်းထောက်ဆရာတော်ကြီး အနေဖြင့် ကျောင်းသို့ခေါ်လျက် ဗုဒ္ဓတရားတော်နှင့်အညီ ဆုံးမနိုင်ခွင့်ရှိခဲ့သော ဂိုဏ်းထောက်ဆရာတော်ကြီးသည် သူကျွန်ဘဝ၌ မိစ္ဆာဒိဋ္ဌိတို့၏ တရားရုံး၌ သူကိုယ်တိုင် သက်သေအဖြစ်အစစ်ဆေးခံခဲ့ရသော အဖြစ်ဆိုးကို ကြုံကြိုက်ရသည့်အခါ အလွန်တရာပင် အရှက်ကြီး ရှက်ခဲ့ရပေသည်။

ထိုအမှုပြီးသည်နှင့်တစ်ပြိုင်နက် ဆရာတော်ကြီးသည် ပန်းပုရုပ်စုံကျောင်းတော်ကြီးနှင့် ဂိုဏ်းထောက်ကန်တောရကျောင်းတို့ကို စွန့်ပစ်လျက် ခြေဦးတည့်ရာ ထွက်ခွာတော်မူခဲ့ပါသည်။ ထိုသို့ ကျောင်းစွန့်လျက် ခြေဦးတည့်ရာ ထွက်ခွာတော်မူရာ၌ မည်သည့်တပည့်တပန်း ဒါယကာတို့မျှ တိုင်ပင်အသိမပေးဘဲ တစ်ပါးတည်းသာ တိတ်တစ်ဆိတ် ထွက်ခွာခြင်းမျိုး ဖြစ်ခဲ့ပါသည်။ ခြေဦးတည့်ရာသို့ ထွက်ခွာတော်မူခဲ့သော ဆရာတော်ကြီးသည် စလေမြို့၏တောင်ဘက် (၁၀) မိုင်ခန့်အကွာရှိ ပုခန်းငယ်မြို့အပိုင် စလင်းထောင့်

လှေဆိပ်သို့ ရောက်တော်မူသောအခါ လှေဆိပ်၌ ခေတ္တဆိုက်ကပ်ထားသော ကတ္တူလှေကြီးအပေါ်သို့ လှေပိုင်ရှင်၏ဖိတ်ကြားချက်အရ ကြွရောက်ခဲ့ရပါသည်။ ကတ္တူလှေပိုင်ရှင်သည် တစ်ပါးတည်း ကြွလာသော ဆရာတော်ကြီး၏ ရည်ရွယ်ချက်ကို သိရသောအခါ မိမိတို့နေရပ်ဖြစ်သော ဟသ်ာတမြို့အပိုင် လမုကြီးရွာ၌ ကျောင်းလှူဒါန်းမှု လက်ခံပါရန် လျှောက်ထားခဲ့ပါသည်။ဆရာတော်ကြီးက ကျောင်းလှူဒါန်းမှုကို လက်ခံခဲ့သဖြင့် လမုကြီးရွာ၌ ကိုးကွယ်ရန် အခန့်သင့် အခွင့်ကောင်းကြုံခိုက်တွင် တစ်ပါတည်း ပင့်ဆောင်သွားကြပါတော့သည်။ ကျောင်းဒါယကာဖြစ်သူ လမုကြီးရွာသား ကတ္တူလှေပိုင်ရှင်ကြီးသည် စလေမြို့သို့ ရောက်သည့်အခါတိုင်း ဆရာတော်ကြီးနှင့် ပတ်သက်၍ မည်သည့် တပည့်တပန်း ဒါယကာကိုမျှ ဆက်သွယ်ခြင်း မပြုခဲ့ပေ။ ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူသောအခါသို့ ရောက်ကာမှ ဆက်သွယ်သတင်းပေးခြင်းပြုခဲ့ပါသည်။

ထိုသို့ဆက်သွယ်သတင်းရရှိသောအခါ ပန်းပုရုပ်စုံကျောင်း ဒါယကာ ဦးဘိုးကြည်နှင့် တပည့်ရဟန်းတို့သည် လမုကြီးရွာသို့သွားရောက်လျက် ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ် အရိုးတော်တို့ကို တောင်းခံခဲ့သည်။ ဆရာတော်ကြီးအပေါ် အလွန်ကြည်ညိုခဲ့သော လမုကြီးရွာသား ဒါယကာများက စာနာ ထောက်ထားသောအားဖြင့် ဆရာတော်ကြီး၏ အရိုးတစ်ဝက်မျှသာ ခွဲဝေ ပေးလိုက်ကြသည်။ ဆရာတော်ကြီး ဘဝနတ်ထံပျံလွန်တော်မူသော နှစ်သက္ကရာဇ်ကို အတိအကျမသိရသေးသော်လည်း သက္ကရာဇ် ၁၂၅၉ ခု၊ ကဆုန်လပြည့်ကျော် (၁၀) ရက်နေ့စွဲပါ ကျောင်းအဓိကရုဏ်း ဆုံးဖြတ်စာအရ

ဆရာတော်ဘုရားကြီး ဘ၀နတ်ထံ ပျံလွန်တော်မူသည့်နှစ်မှာ ၁၂၅၈ ခုနှစ်၏ နောက်ပိုင်းကာလများ ဖြစ်မည်ဟု ခန့်မှန်းရပါသည်။

ပန်းပုရုပ်စုံကျောင်းဒါယကာ ဦးဘိုးကြည်သည် ဆရာတော်ကြီး၏ အရိုးတော်များကို စလေမြို့သို့ ပြန်လည်ပင့်ဆောင်လာခဲ့ပြီးနောက်၊ ဌာပနာ၍ ကိုးကွယ်ရန် စလေမြို့အလယ်၌ စေတီကြီးတစ်ဆူကို တည်ထားခဲ့ပါသည်။ ထိုစေတီကြီး၏ဘွဲ့တော်မှာ "မဟာအဘယစေတီတော်" ဖြစ်သည်။ ဆရာတော်ကြီး၏အရိုးတော်တစ်ဝက်မျှနှင့် တင်းတိမ်လျှက် ဌာပနာ စေတီတော တည်ခဲ့ရသော ကျောင်းဒါယကာဦးဘိုးကြည်နှင့် စလေမြို့သူမြို့သားတို့သည် ဆရာတော်ကြီးအပေါ် ကိုးကွယ်ရာ၌မူ တင်းတိမ်နိုင်စွမ်းမရှိခဲ့ပေ။ ထို့ကြောင့် ဆရာတော်ကြီး၏ အရိုးတော်တစ်ဝက်ကို ဌာပနာခဲ့ရာ မဟာအဘယ စေတီတော်ကြီးအား နှစ်စဉ်နှစ်တိုင်း ပြာသိုလ ဘုရားပွဲတော်ကျင်းပ ပူဇော်ခဲ့ကြပါသည်။

နယ်ခြဲ တို့၏မလိုလားခြင်း၊ မုန်းတီးခြင်းတို့ကိုခံခဲ့ရသဖြင့် အရှက်တကွဲ အကျိုးနည်းခဲ့ရသော ဂိုဏ်းထောက်ဆရာတော်ကြီး ဦးဂုဏ၏ အရိုးတော် တစ်ဝက်မျှကိုပင် ဌာပနာ၍ စေတီတည်ခဲ့ရသော်လည်း စလေမြို့နယ်တခွင် လုံးက နှစ်စဉ်နှစ်တိုင်း ပြာသိုလပွဲတော်အဖြစ် ကျင်းပလျက် သုဓမ္မာဂိုဏ်း ထောက်ဆရာတော်ကြီး၏ အရိုးတော်တစ်ဝက်မျှကိုပူဇော်ခဲ့ကြခြင်းသည် စလေနယ်သူ၊ နယ်သားတို့၏ နယ်ခြဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ကို ဖော်ပြခဲ့ ကြခြင်းပင် ဖြစ်သည်။

# ၂။ ဂိုဏ်းထောက်ဆရာတော်

မြန်မာသက္ကရာဇ် ၁၁၈၄ ခုနှစ်တွင် စလေမြို့အပိုင်၊ ကံဆောင်ရွာ၌ စလေမြို့မ ဉမင်တောရ သုဓမ္မဂိုဏ်းထောက်ဆရာတော် ဦးဂုဏ အလောင်းအလျာ မောင်ထောင်အား မွေးဖွားခဲ့ပါသည်။ မောင်ထောင်သည် အသက် (၂၂) နှစ်အရွယ်တွင် ရဟန်းဘောင်သို့ တက်လှမ်းနိုင်ခဲ့ပါသည်။ ဤသို့ ဤမျှ သိရှိရခြင်းမှာ ၁၂၃၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၆) ရက်နေ့မှတ်သည့် သံဃာစာရင်းအရ ဖြစ်ပါသည်။ ၁၂၃၁ ခုနှစ်တွင် ကတ္တူလှေပိုင်ရှင် ဦးပိုက်နှင့်ဇနီး ဒေါ်အိမ်ကြွယ်တို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် ကိုးဆောင်ကျောင်း၌ ကျောင်းထိုင်ဆရာတော်အဖြစ် ဆရာတော်ဦးဂုဏ သီတင်းသုံးစဉ် အခါက ပြုစုထားခဲ့သော တစ်ရေစီးပုရပိုက်မှတ်တမ်းတစ်ခု ဖြစ်ပါချေ၏။ ထိုမှတ်တမ်း၌ "ဂိုဏ်းထောက်ဆရာတော် ဦးဂုဏ သက်တော် (၅၂) နှစ် သိက္ခာတော် (၂၉) " ဟူ၍ တွေ့ရှိရပါသည်။

ဂိုဏ်းထောက်ဆရာတော်၏ ခမည်းတော်နှင့် မယ်တော်တို့၏ အမည်များကိုမူကား စူးစမ်း၍မရတော့ပါ။ စလေနယ်၌ ဂိုဏ်းထောက်ဆရာတော်ကြီးအား မှီလိုက်သူတစ်စုံတစ်ဦးတစ်ယောက်မျှ မရှိတော့သဖြင့် ဖြစ်ပါသည်။ ဂိုဏ်းထောက်ဆရာတော်ကြီး၏ ဘထွေးနှင့် အရီးများတော်စပ်ခဲ့သော ဘိုးမာ၊

မဆယ်နှင့် မငယ်တို့၏အမည်များကိုမူ မှတ်သားမိသူ ရှိပါသေး၏။ ထိုဘထွေးနှင့် အရီးများတို့က တူတော်စပ်သူ ဦးဂုဏအား ဆင်မကြပ်ကန်တောရ (နောင်ဂိုဏ်းထောက်ကန်တောရ ) ၌ ကျောင်းငယ်တစ်ဆောင်ကို စတင်လှူဒါန်းခဲ့ကြသည်ဟု အာစရိယဝံသ အဆိုရှိခဲ့ပါသည်။

တစ်ရပ်တစ်ပါး၌ ဂိုဏ်းထောက်ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူသောအခါ ကြွင်းကျန်ရစ်သည့် ဥတုဇရုပ်ကလာပ် အရိုးတော်တစ်ဝက်ကို ဌာပနာလျက် မဟာအဘယစေတီတော်ကိုတည်ထားခဲ့သဖြင့် ဂိုဏ်းထောက်ဆရာတော်ကြီးနှင့် သက်ဆိုင်လျက်ရှိသော ထိုစေတီရင်ပြင်တော်ပေါ်ရှိ ခေါင်းလောင်းတော်များကိုလေ့လာသောအခါ၌လည်း ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူသည့် ခုနှစ်သက္ကရာဇ်ကို တိတိကျကျ ကျေနပ်လောက်အောင် မတွေ့ရှိရပါ။ ပန်းပုရုပ်စုံကျောင်းပေါ်၌ တွေ့ရှိရသောသက္ကရာဇ် ၁၂၅၉ ခု၊ ကဆုန်လပြည့် ၁၁ ရက်နေ့စွဲပါ "ကျောင်းအဝိကရဏ်း ဆုံးဖြတ်စာ" အရ၊ ဂိုဏ်းထောက်ဆရာတော်ကြီးသည် ၁၂၅၈ ခုနှစ်၏ နောက်ပိုင်းလများ၌ ဘဝနတ်ထံ ပျံလွန်ခဲ့လိမ့်မည်ဟူ၍သာ ခန့်မှန်းရပါတော့သည်။

ပန်းပုရုပ်စုံကျောင်းပေါ်၌တွေ့ရှိရသော ပုရပိုက်များမှာ သက္ကရာဇ်အမှတ်အသားဖြင့် ၁၂၂၁ ခုနှစ်မှ ၁၂၄၇ ခုနှစ်အထိ အကိုးအကားပြု၍ အားထားနိုင်သော မှတ်တမ်းမှတ်ရာများ ဖြစ်လျက်ရှိပါချေ၏။ သို့သော်ငြားပုရပိုက်များ၌ ဆရာတော်ကြီး၏ ကိုယ်ရေးကိုယ်တာ မှတ်သားချက်များ လုံးဝမတွေ့ရသလောက်ပင် ဖြစ်ခဲ့ရသည်။ ဂိုဏ်းထောက်ဆရာတော်၏ တာဝန်ပိုင်းဆိုင်ရာ ဆုံးမ ဖျန်ဖြေ၊ ဆုံးဖြတ်ချက်များကိုသာလျှင် အတွေ့ရများပါသည်။

ထိုပုရပိုက်များအရ ဂိုဏ်းထောက်ဆရာတော်၏ အတ္ထုပ္ပတ္တိကို သက္ကရာဇ်ခိုင်လုံစွာနှင့် တိတိပပ ပြောမပြနိုင်သော်လည်း ရတနာပုံခေတ် ဂိုဏ်းထောက်ဆရာတော်များ၏ အခန်းကဏ္ဍများကိုမူ တစ်စုံတစ်ခုသော အတိုင်းအတာအထိ ပြောနိုင်စွမ်းရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။ တနည်းအားဖြင့် ရတနာပုံခေတ် အုပ်ချုပ်ရေး၏ ပုံသဏ္ဌာန်ကို တစ်စေ့တစ်စောင်း အကဲခတ်ခွင့်ရရှိပါသည်ဟူ၍ ဆိုနိုင်ပါသည်။

ရတနာပုံခေတ်အပါအဝင် ရှေးခေတ်မြန်မာမင်းတို့၏ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်ကို သုံးချောင်းထောက်ဖိုခုံနောက်စနစ်ဟူ၍ သုတေသီပညာရှင်များက တင်စားဆိုကြပါသည်။ မင်းဧကရာဇ်နှင့် လွှတ်တော်ဆိုင်ရာအတွင်းဝန်များတို့ သဘောတူညှိနှိုင်း၍ မရတတ်သော အကြောင်းကိစ္စရပ်များ၌ ဗုဒ္ဓသာသနာပိုင် ရဟန်းတော်ကဝင်ရောက်လျက် ဗုဒ္ဓသာသနာတော်၏ အဆုံးအမနှင့်လျော်ညီစွာ အမှန်အကန်ဖြစ်စေရေးအတွက် စေ့စပ်ညှိနှိုင်းပေးတတ်ကြပါသည်။ သာသနာပိုင်ရဟန်းတော်၏အဆုံးအမ ဆုံးဖြတ်ချက်များကို မင်းဧကရာဇ်နှင့် လွှတ်တော်အတွင်းဝန်များသည် အလေးအမြတ်ထားကာ နာယူကြစမြဲ ဖြစ်ပါသည်။ ရှေးခေတ်မြန်မာ့ယဉ်ကျေးမှု အဆောက်အအုံ၌ တည်ရှိခဲ့သော ပညာရေးစနစ်သည် ဘုန်းတော်ကြီးရဟန်းတော်များ ကိုယ်တိုင်သင်ကြားပို့ချ လမ်းညွှန်မှုပေးခဲ့သည့် ပညာရေးစနစ်ပင် ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် မင်းဧကရာဇ်သည်လည်းကောင်း ၊ လွှတ်တော်အတွင်းဝန် မှူးမတ်ဗိုလ်ပါများသည်လည်းကောင်း၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်၊ ဓားမခုတ် ဆင်းရဲသားများသည်လည်းကောင်း ၊ ဘုန်းတော်ကြီးရဟန်းတော်များ၏

တပည့်ရင်းချာများပင် ဖြစ်ခဲ့ချေ၏။ ထိုတပည့်များ အငြင်းပွားကြသောအခါ ဆရာဖြစ်သူအနေဖြင့် မနေသာ ဖျန်ဖြေသမှု ပြုကြရတော့သည်။ သို့သော် မျက်နှာကြီးရာ၊ ဟင်းဖတ်ပါ၍ ဘက်လိုက်ခြင်းမျိုး မရှိပါ။ ဗုဒ္ဓ၏အဆုံးအမ အခြေခံကို လက်စွဲလက်ကိုင်ထားလျက် ဖျန်ဖြေဆုံးမပေးခြင်းဖြစ်သည်။ တစ်နည်းဆိုရသော် ဗုဒ္ဓ၏အဆုံးအမလမ်းကြောင်းမှ သွေဖည်တော့မည့် တပည့်များကို တည့်မတ်ပေးခြင်းမျိုးပင် ဖြစ်ပါချေသည်။

မင်းနေပြည်တော်၌မျှသာမက ကျေးလက်ဒေသအုပ်ချုပ်ရေးအထိ သုံးချောင်း ထောက်စနစ်သည် တည်တံ့ခိုင်မြဲခဲ့သည်ကို ပုရပိုက်မှတ်တမ်းများ အရ သိရှိရပါသည်။ အခွန်ထမ်းပြည်သူတို့နှင့် သူကြီး၊ ရွာအုပ်၊ သွေးနက်၊ ကြေးတင်း၊ ဆယ်အိမ်ခေါင်းအစရှိသည့် ရပ်ရွာအကြီးအကဲတို့ မကျေမလည် ဖြစ်ခဲ့ကြလျှင် ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတော်ပင် မဟုတ်စေကာမူ ဂါမဝါသီ၊ ရွာကျောင်းနေရဟန်းတော်ကပင် နှစ်ဦးနှစ်ဖက်စလုံးကိုခေါ်လျက် ဆုံးမသိုန်ပြီး ပေးတတ်ကြလေ့ရှိပါသည်။ ယနေ့အချိန်အထိတိုင် မြန်မာ့ကျေး လက်ရွာများ၌ ဗုဒ္ဓအဆုံးအမ၌တည်သော မြန်မာ့ရိုးရာအုပ်ချုပ်ရေးစနစ်၏ အငွေ့အသက်များ ကြွင်းကျန်နေဆဲ ရှိသေး၏။ ထိုသို့ကျေးလက်၌ အမြစ် တွယ်နေဆဲဖြစ်သော ရိုးရာဓလေ့ ပင်စည်ငုတ်တိုမှနေ၍ ရွက်ဖူး၊ ရွက်ညွန့်၊ ရွက်နုတို့ စို့ဝေလျက် ရှိနေသည်ကို ကြည်နူးစွာဖြင့် ဂုဏ်ယူတတ်ရန် လိုအပ် လျက်ရှိပါသည်။

ရတနာပုံခေတ် မြန်မာ့ရိုးရာဓလေ့ အုပ်ချုပ်ရေးစနစ်ကို အထင်းသား တွေ့မြင်နိုင်သည့် ပန်းပုရပ်စုံကျောင်း ပုရပိုက်များကို လေ့လာကြည့်သောအခါ

သုခမ္မာဂိုဏ်းထောက်ဆရာတော်တို့၏ အခန်းကဏ္ဍကို ပီပီပြင်ပြင် ထင်ထင် ရှားရှားနှင့် လေးစားကြည်ညိုစွာ ဖူးမြော်ခွင့်ရနိုင်သည့်ကာလမှာ မြန်မာ သက္ကရာဇ် ၁၂၂၈ ခုနှစ်မှ ၁၂၄၇ ခုနှစ်အထိမျှသာဖြစ်ကြောင်း သိရှိခွင့် ရခဲ့သည်။ ဆယ်စုနှစ် နှစ်ခုမျှရှိသော ထိုကာလနှင့်သက်ဆိုင်သည့် ပုရပိုက်များ အနက် စိတ်ဝင်စားဖွယ်ကောင်းလှသော မှတ်တမ်းများမှာ ၁၂၂၈ ခုနှစ် သူပုန် အရေးအခင်းများ၏ နောက်ဆက်တွဲ စီမံချက်အမိန့်တော်များ ဖြစ်ကြပါသည်။ ပထမဦးဆုံး လေ့လာသင့်သော အမိန့်တော်မှာ ၁၂၂၈ ခုနှစ် တန်ဆောင်မုန်း လဆန်း ၁၂ ရက်နေ့ (ရက်စွဲပါ) နာခံတော်မင်းလှသီရိကျော်ထင် ပြန်အမိန့် တော်ပင် ဖြစ်ပါသည်။ ယင်းအမိန့်တော်၌–

မြင်ကွန်းစားငယ်၊ ပန်တိမ်းစားငယ်တို့ ပုန်စားပုန်ကန်ပြု၍ ဖြစ်ပွားသည့် အရေးမှာ မြင်ကွန်းစားငယ်၊ မြင်းခုံတိုင်စားငယ်တို့နှင့် အကြီးအအုပ်ပြုလုပ် သူတို့ အောက်မြို့ကျေးရွာသို့ ထွက်ပြေးရှိသည့် ပန်တိမ်းစားငယ်၊ ညီ တိုင်တား စားငယ်၊ တောင်စည်စားငယ်၊ တောင်ပုံစားငယ်၊ ငဖြူငယ်၊ ငစစ်အောင်ငယ်၊ ငဘုန်းငယ်၊ ငလျောက်ငယ်တို့နှင့် အပေါင်းအသင်းပါ အကြီးအအုပ် ပြုလုပ် သူတို့လည်း ဖမ်းဆီးရမိအရေးတော် ပြေကုန်၍ရှိသည်။ နိုင်ငံတော်အတွင်း အရပ်ရပ်မြို့ရွာများမှာ မြို့အုပ်၊ ရွာအုပ်၊ မြို့ရွာသူကြီး၊ မြင်းခေါင်း၊ မြင်းစီး၊ ခိုင်းခေါင်း၊ အဝှန်း၊ စုထိမ်း၊ စုအုပ်တို့နှင့် မြို့ရွာနေဆင်းရဲသား ကျွန်တော် မျိုးတို့ကို သူပုန်ဘက်ပါသည်ဆို၍ အဖမ်းအဆီး အစစ်အမေးမရှိစေနှင့် ငြိမ်ဝပ် စွာ နေထိုင်စေ၊ မရမမိသည့် ကျေးမြင့်စားငယ်နှင့် ငမှန်၊ ငရန်း၊ ငရွှေမောင်၊ ငကျောင်(ဝဲ)၊ ငမိတိတို့ စီရင်စုမြို့ရွာများသို့ခိုဝင်လာရောက်လျှင်သာ၊ မထွက်

မလွတ်စေရ၊ ရမိအောင်ဖမ်းဆီးဆက်သစေ (စော်ဘွား)၊ မြို့ဝန်စစ်ကဲ၊ မြို့ရွာ အကြီးအအုပ်တို့ကို စေ့နှံ့အောင် ပြန်ဆိုမှာထားစေ၊ ဟူ၍ အမိန့်တော်ထား ညွှန်ခဲ့ပါသည်။

အတွင်းတော်လွှတ်တော်တို့က ညွှန်ကြားသကဲ့သို့ပင် သုဓမ္မာဆရာတော်တို့ကလည်း နိုင်ငံအဝှန်းရှိ ဂိုဏ်းအုပ် ဂိုဏ်းထောက်ဆရာတော်များထံသို့ အလားတူ ညွှန်ကြားချက်များကိုထုတ်ပြန်ခဲ့ကြပါသည်။ သုဓမ္မာဆရာတော်များ၏ ညွှန်ကြားချက်၌မူ လွတ်မြောက်နေသေးသည့် သူပုန်များအား ဖမ်းဆီးရမိရေးနှင့်ပတ်သက်၍ မပါရှိခဲ့ပေ။ အရေးတော်ဆိုက်ရောက်၍ မြို့ရွာများ မီးတင်းကိုက်၍ ခံရသဖြင့် ပျက်စီးမှုများရှိခဲ့ကြောင်း သူပုန်တို့နှင့်တိုက်ခိုက်ရာ အရေးမသာ၍ ဆုတ်ခွာရသည့် မြို့ရွာများရှိခဲ့ကြောင်း၊ တံခါးပိတ်၍ စည်းကြပ်နေရသဖြင့် ရွှေမြို့တော်နှင့်အဆက်အသွယ် ကင်းပြတ်နေသည့် မြို့ရွာများရှိခဲ့ကြောင်း၊ ထိုသို့ငြိမ်ဝပ်ပိပြားမှု ပျက်ပြားခဲ့ရသဖြင့် မြို့ရွာနေလူအများမှာ ကြောက်လန့်၍ တောတောင်အရပ်သို့ ထွက်ပြေးကြကြောင်း၊ ထိုသို့သဘောရှိ၍ ထွက်ပြေးပုန်းအောင်းသူများကို မြို့စား ရွာစားတို့က သူပုန်ဘက်ပါသည်ဟူ၍ သံသယရှိကာ ဖမ်းဆီးနှိပ်စက်လျက်ရှိနေကြောင်း၊ သူပုန်အစစ်အမှန်မဟုတ်ဘဲနှင့် ဖမ်းဆီးနှိပ်စက်နေကြသော မြို့ဝန်၊ စစ်ကဲတို့အား ဂိုဏ်းအုပ်ဂိုဏ်းထောက် ဆရာတော်တို့က ခေါ်၍ဆုံးမမြစ်တားရမည်ဖြစ်ကြောင်း၊ လျစ်လျူရှု မမြစ်မတားနေလျှင် ဂိုဏ်းအုပ် ဂိုဏ်ထောက်တို့အား သုဓမ္မာတော်သို့ခေါ်၍ စီရင်မည်ဖြစ်ကြောင်း၊ ထိုသို့ဖော်ပြထားပါသည်။ ထို သုဓမ္မာဆရာတော်တို့၏စာကို သူပုန်လမ်းကြောင်းကျရောက်ရာ အောက်မြစ်စဉ်

တစ်လျှောက်ရှိ ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့ထံ လက်ဆင့်ကမ်း၍ ကပ်လှူလိုက်စေရမည် ဟူ၍လည်း ညွှန်ကြားထားခဲ့ပါသည်။

၁၂၂၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ ရက်နေ့တွင် ပုန်ကန်ခဲ့ကြသော မြင်ကွန်းစား၊ မြင်းခုံစားတို့သည် အရေးမလှသောအခါ နယ်ချဲ့အင်္ဂလိပ်တို့၏ အစီအစဉ်ဖြင့် ရေဝတီမြစ်ကြောင်းအတိုင်း သင်္ဘောနှင့် စုန်ဆင်းထွက်ပြေးသွားခဲ့ကြသည်။ နယ်ချဲ့တို့အပိုင် အောက်ပြည်၊ အောက်ရွာသို့ သူပုန်မင်းသားတို့နှင့်အတူလိုက်ပါသွားကြသူများရှိသကဲ့သို့ သူပုန်တို့စုန်ဆင်းရာရေဝတီမြစ်စဉ် တစ်လျှောက်လုံး၌လည်း ကြောက်လန့်ထွက်ပြေးပုန်းရှောင်သူများ၊ များပြားလှသဖြင့် ငြိမ်ဝပ်ပိပြားမှု အခြေပျက်ခဲ့ရသည်။ မြင်ကွန်း၊ မြင်းခုံတိုင်အရေးနှင့် ပတ်သက်၍ မြေစာပင်ဖြစ်ခဲ့ရသူမှာ စလေဆရာ ဦးပုညပင်ဖြစ်ပါသည်။ နီးရာဓားကိုကြောက်၍ အခါပေးခဲ့ရသဖြင့် သေဒဏ်ပေးခြင်း ခံခဲ့ရပါသည်။ ဦးပုညနှင့် ဆွေမျိုးတော်စပ်ကြသော စလေမြို့နေ ပုညသမာနီးမျိုးများသည် ဦးပုည၏စာပေပုရပိုက်များကို မီးရှို့လျက် လက်စလက်နဖျောက်ကာ ထွက်ပြေးပုန်းအောင်းခဲ့ကြပါသည်။ ထိုခေတ်၊ ထိုအခါက စလေမြို့၌ မဟာသမာနီးမျိုးများနှင့် ပုညသမာနီးမျိုးတို့သည်စင်ပြိုင်ပေါ် ထွန်းလျက်ရှိပြီး မြို့သူကြီးအရာကို ယှဉ်ပြိုင်၍ လုနေကြလေ့ရှိပါသည်။ မင်းပြောင်းမင်းလွှဲရှိသောအခါတိုင်း၌ အာဏာရမင်းအား ထောက်ခံခဲ့သော အမျိုးသည် မြို့သူကြီးအရာကို ရလေ့ရှိပါသည်။ ထိုအခါ အာဏာရအမျိုးတို့သည် ကျန်အမျိုးအပေါ်နှိပ်ကွပ်ကြလေ့ ရှိခဲ့သည်။ မြင်ကွန်း မြင်းခုံတိုင်အရေးမှစ၍ စလေမြို့ပေါ်၌ ပုညသမာနီးတို့သည် အင်အားနည်းသွားခဲ့ပြီး သာမာနီးဆက်ပြတ်ခဲ့ရသည်ဟု ဆိုကြပါသည်။

မြင်ကွန်း၊ မြင်းခုံတိုင်အရေးကြောင့် မငြိမ်မဝပ်ရှိနေစဉ်မှာပင် ပန်တိမ်းစားနှင့် တိုင်တားစားတို့က ပုန်ကန်ကြပြန်ပါသည်။ ထို့ကြောင့် တိုင်းပြည်သည်ပို၍ တုန်လှုပ်ချောက်ချားလျက် ရှိလာသည်။ ထိုသို့ မငြိမ်မဝပ် ရှိနေကြသည်ကို အခွင့်ကောင်းယူလျက် မြို့ရွာအကြီးအကဲတို့က မရိုးမသားဆောင်ရွက်ခဲ့ကြသည်။ သူပုန်မသင်္ကာမှုကို ခုတုံးလုပ်ခဲ့ရုံမျှသာမက သဿမေဓအခွန်တော်များကို ဖွတ်အတင်းထောက်ခံကာ မငြိမ်မဝပ်သဖြင့် ထွက်ပြေးတိမ်းရှောင်မှုများပြားလျက် ရှိသောကြောင့် အခွန်တော်များ အပြည့်အဝမရရှိသည်ဟုဆိုကာ ထိန်ချန်မှုများ ပြုလုပ်ခဲ့ကြသည်။ ထိုပြဿနာများနှင့်ပတ်သက်၍ မင်းတုန်းမင်းတရားကြီးနှင့် အတွင်းဝန်များ၏ သဘောထားအမှန်ကို ပြည်သူများ သိရှိလာစေရန် ဖြေရှင်းချက်များအား ထပ်ပြန်တလဲလဲ ထုတ်ပြန်ပေးကြရပါသည်။ ဂိုဏ်းအုပ်ဂိုဏ်းထောက် ဆရာတော်များထံသို့လည်း သုဓမ္မာဆရာတော်တို့က–

"အရေးတော်ဆိုက်ရောက်၍ မီးထင်းတိုက်ရှိ ကျေးရွာ ပျက်ပြားရှိကြသောကြောင့်၊ သဿမေဓ ငွေ ခို ကြေး အခွန်တော်များကို မကောက်ခံစေရ။ မြို့ရွာအင်အားအလျောက် ထမ်းဆောင်နိုင်သည်ကိုသာ ထမ်းဆောင်စေရမည်ဖြစ်၍ အခွန်တော်ကောက်အရာရှိတို့က မြို့ကျေးရွာသို့လာရောက် ကောက်ခံလျှင် မြို့ကျေးရွာနေလူကြီးတို့နှင့် ညှိနှိုင်းပြောဆိုကာ အင်အားအလျောက်ကောက်ခံဆက်သွင်း ဆင်းရဲသားကျွန်တော်မျိုးတို့ မနာမကြည် မြို့ကျေးရွာမပျက်မပြား အကျိုးတော်မယုတ်မလျော့ ထမ်းရွက်နိုင်အောင် စောင့်မကြည့်ရှု၍ ပြောဆိုကြရမည်။ စောင့်မကြည့်ရှုသည်ကို မနာမယူ။ ဆိုင်ရာမြို့ဝန်အထိန်း

အအုပ်တို့နှင့် အခွန်တော်ကောက်အရာရှိတို့က နိုင့်ထက်စီးကဲ ခန့်ခွဲကောက်ခံမှုကြောင့် မြို့ရွာပျက်ပြား ဆင်းရဲသား ကျွန်တော်မျိုးတို့ မငြိမ်မဝပ်ရှိနေလျှင် သုဓမ္မာတော်သို့ အရောက်တင်ပို့လာရောက် လျှောက်ထားကြရမည်" ဟူ၍ ညွှန်ကြားချက်များ ပေးခဲ့ကြပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့ပိုင်ဆိုင်သော အောက်မြို့အောက်ရွာများသို့ အကြောက်လွန်၍ ထွက်ပြေးပုန်းအောင်းကြသူတို့မှာ အခြေအနေ အေးဆေးတည်ငြိမ်လာသောအခါ မိမိတို့၏ ရပ်ရွာတည်ရာ မြန်မာပိုင်နက်သို့ ပြန်လည်ခိုဝင်လာခဲ့ကြသည်။ ၁၂၃၁ ခုနှစ်အထိ တိုင်အောင်ပင် ထိုပြန်ဝင်လာသူများနှင့် ပတ်သက်၍ သဿမေဓအခွန်တော်ဆိုင်ရာ အမိန့်များ၌ "အောက်မြို့ကျေးရွာက ပြန်ရောက်သူတို့ကို ချန်လှပ်ရန်" အမိန့်ပေးထားသည်။ ထွက်ပြေးပုန်းအောင်းသူတို့အပေါ် ပေါ့ပေါ့တန်တန် သဘောမထား။ နွေးထွေးစွာ ကြိုဆိုခြင်းပင်ဖြစ်ခဲ့ပါသည်။

၁၂၂၈ ခုနှစ် အရေးအခင်းကာလကိုအကြောင်းပြု၍ ဒေသဆိုင်ရာ ဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတော် အသီးသီးတို့သည် အပြစ်မဲ့သော ဆင်းရဲသားများအား ညှဉ်းပန်းနှိပ်စက်မှု မခံရရေးနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကိစ္စများ၌ မလွှဲမရှောင်သာပါဝင်လျက် ဖျန်ဖြေဆုံးမပေးခဲ့ကြသဖြင့် နိုင်ငံတော် အေးချမ်းသာယာခဲ့ရပါသည်။ ဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတော်တို့၏ အရေးပေါ်ဆောင်ရွက်ချက်များသည် နှောင်းခေတ်ကာလများအထိ အစဉ်အလာဖြစ်လာခဲ့ပါသည်။ ရတနာပုံခေတ် ပဒေသရာဇ်အုပ်ချုပ်ရေး၏ပျော့ကွက်၊ ဟာကွက်များ၌ ရဟန်းတော်များ ဆက်လက်အုပ်ချုပ်ရေးစနစ်၏ ပျိုးထောင်

ဖန်တီးကြသူများမှာ သာသနာ့ဒါယကာ မင်းတုန်းမင်းတရားကြီးနှင့် လွှတ်တော်အတွင်းဝန်များပင် ဖြစ်ကြချေသည်။ မင်းတုန်းမင်းကြီးနှင့် အတွင်းဝန်များတို့သည် ဒေသဆိုင်ရာပဒေသရာဇ်ငယ်များ၏ အကျင့်ပျက်မှု၊ ခြစားမှုများကို ကုစားနိုင်ရန်အတွက် စီမံမှုတစ်ခုကို တီထွင်ခဲ့ကြသည်။ ထိုတီထွင်မှုမှာ ဒေသအသီးသီးရှိ ဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတော်များထံသို့ အဆောင်ကိုင်အပါးတော်မြဲ အမှုထမ်းများကို စေလွှတ်လျက် အလှူတော် ဆန်၊ ကွမ်းသီးနှင့် ဖယောင်းတိုင်များ လှူဒါန်းရေး အစီအစဉ်ပင် ဖြစ်ပါသည်။

ထိုသို့လစဉ်မပြတ် အလှူတော်ဆန် လှူဒါန်းမည့်အစီအစဉ်၏ ဦးတည်ချက်အရင်းခံမှာ–

မြို့ဝန်စစ်ကဲ အကြီးအကဲပြုလုပ်သူတို့တရားနှင့်အညီ ထိန်းအုပ်ဆင့်ဆို စီရင်သည့် ပိုမိုချဲ့ထွင်စီရင်သည်များကို (ကြည့်ရှုဆုမ္မ) တော်မူပြီးလျှင် ကြားသိထင်မြင်သမျှ အကြောင်းအရာများကို အခြားသူတို့မဖျက်မပြင် မထည့်မသွင်းနိုင်အောင် ပေးလှူရင်းတံဆိပ်စက္ကူတွင် အလှူတော်ရောက်၊ မရောက်နှင့်ပကြွ အသေအချာမေတ္တာစာရေးသား ချိပ်တံဆိပ်ခတ်မှတ်ပေးအပ်၍ ဆုံးမသွင်းတော်မူပါမည့်အကြောင်းများကိုလျှောက်ပါသည် ဆရာတော်ဘုရား ဟူ၍ပင် ဖြစ်ပါတော့သည်။

ထိုအစီအစဉ်အား ၁၂၃၃ ခုနှစ်တွင် စတင်ခဲ့သည်။ ထိုစာနှင့်သဘောထားဟူသော သုဓမ္မာဆရာတော်တို့၏စာကိုလည်း ပူးတွဲလေ့လာ တွေ့ရှိရပါသည်။ ယင်းအစီအစဉ်၏ နောက်ဆက်တွဲ အစီအစဉ်တစ်ခုမှာ မင်းတုန်းမင်းကြီးနှင့် လွှတ်တော်အတွင်းဝန်များက ရွေးချယ်၍ စေလွှတ်သည့် ခုတော်များ

နှင့် တရားစီရင်ရေး ဖြစ်ပါသည်။ ထိုတရားစီရင်ရေးပုံစံသစ်ကို အတွင်းဝန်တို့၏ လျှောက်ထားစာဖြင့် အကောင်အထည်ဖော်ခဲ့ပါသည်။ ဂိုဏ်းအုပ်ဂိုဏ်းထောက ဆရာတော်များက ရှိုးသားဖြောင့်မတ်သူ လူသူတော်ကောင်းများကို ရွှေဖဝါး တော်အောက်သို့ စေလွှတ်၍ မေတ္တာစာဆက်သွင်းခြင်း၊ မြို့ရွာအကြီးအကဲတို့ ၏ ညှဉ်းပန်းနှိပ်စက်မှုများနှင့် ပိုမိုယူစားမှုများကို ရွှေဖဝါးတော်အောက်သို့ ခေါ်ယူစစ်ဆေးခြင်း အစရှိသည်များသည် နှစ်ဦးနှစ်ဖက် စရိတ်အကုန်အကျ များခြင်း၊ အလုပ်အကိုင်ပျက်ခြင်းများရှိနေသဖြင့် သက်ဆိုင်ရာဒေသသို့ ရွှေဖဝါးတော်အောက်မှ ခုံတော်များကိုစေလွှတ်လျက် တရားစီရင်ပေးမည့် အစီ အစဉ်သစ်ပင်ဖြစ်ပါသည်။

ထိုတရားစီရင်ရေးပုံစံသစ်သည် မင်းနှင့်လွှတ်တော်တို့၏ ဗဟိုထိန်း ချုပ်မှုကို လျှော့နည်းစေပြီး ပြည်သူ့ရှေ့မှောက်၌ တရားစီရင်ရေးသို့ ဦးတည် ကားသည့်ခြေလှမ်းသစ်ဖြစ်သည့်ဆောင်ရွက်ချက်ပင် ဖြစ်ပါသည်။ ထိုဆောင်ရွက်ချက်သည် ကျေးရွာ ဒေသများသို့တိုင်အောင် တရားမျှတရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားဥပဒေ ၏အကာအကွယ်ကို ပြည်သူတို့အပြည့်အဝ ရရှိရေးတို့ကို ရှေးရှုပေးလျက် ရှိပါသည်။ ထိုသို့ကျေးလက်ဒေသ ဆင်းခုံတော်တို့နှင့် စပ်လျဉ်းသဖြင့် "ရွှေဖဝါးတော်အောက် ခုံတော်တို့ကို ဓိဋ္ဌာန်ချုပ်နှင့် ဘုရားရှေ့သစ္စာဓိဋ္ဌာန် ပြုစေပြီးလျှင် အထက်အမိန့်တော်ထမ်းတွင်ပါသည့် အစစ်ခံဉာဏ်ပူဇော်မှုစ၍ မကောင်းမခံ မကုန်မကျစေရ သနားတော်မူသည့်စရိတ်ငွေတော်နှင့်သာ စားသုံး နေ့ရက် မကြာမှန်ကန်ပြီး ပြေလွယ်အောင် စစ်ဆေးမေးမြန်း ဆုံးဖြတ်

စီစဉ်ရမည် အမိန့်တော်မြတ်နှင့် မှတ်စာ၊ မှာစာ ကျိန်ဆိုစေခြင်း၊ ဝိဗ္ဘာန်ချုပ်အမှု ဦးရေစာရင်းများနှင့်တကွ စေလွှတ်လာပါစေသည်။ လျှော်လျှင်းပါသည့် ဝိဗ္ဘာန်ချုပ်အတိုင်း ဆရာတော်ဘုရားများ ရှေ့ထပ်မံသစ္စာဝိဗ္ဘာန် ပြုစေ၍ စစ်ဆေးပါမည့်အကြောင်း စစ်ဆေးမေးမြန်းရာ မတော်မသင့် ထင်မြင်တော်မူလျှင်လည်း ဂရုဏာတရားကို ရှေ့ထား၍ မှန်ကန်ရာ မိန့်ဆိုဆုံးမတော်မူမည့် အကြောင်းကို ဆုံးမတော်မူသည်ကို မြို့ဝန်စစ်ကဲအရာရှိတို့နှင့် စေလွှတ်သည့် ခုံတော်သို့ နာခံသည်၊ မနာခံသည်၊ တော်တည့်ဖြောင့်မတ်စွာ ဆုံးဖြတ် စီရင်သည်၊ မစီရင်သည်များကိုလည်း တစ်လတစ်ကြိမ် အလှူတော်နှင့် စေလွှတ်လာရောက်သူတို့တွင် မေတ္တာစာရေးသား တံဆိပ်ခတ်မှတ် ဆက်သွင်းတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား”ဟူ၍ အတွင်းဝန်တို့က လျှောက်စာဆက်ကပ် ခဲ့ကြပါသည်။

အထက်ဖော်ပြပါတရားစီရင်ရေး ပုံသဏ္ဌာန်သစ်အရ ပုဂံ စလေ နှစ်မြို့ခုံတော်များအဖြစ် ငမှော် ငရွှေအိုတို့ကို ခန့်အပ်တာဝန်ပေးခဲ့ပါသည်။ ထိုသူတို့၏ဘွဲ့မည်များကိုမူ အတိအကျမသိရှိရသေးပါ။ ထို ပုဂံ စလေနှစ်မြို့ ခုံတော် ငမှော်နှင့် ငရွှေအိုတို့က ဂိုဏ်းထောက်ဆရာတော်၏ ပဲ့ကိုင်ကွပ်ကဲမှုဖြင့် တရားစီရင်ခဲ့သည့် အမှုများမှာ–

(၁) သူကြီး ရွာအုပ်နှင့် ကျွန်းခေါင်းတို့က ကျွန်းလုပ်သားများအပေါ် ကျွန်းခွန်တော်ပိုစရိတ်ဟူ၍အမည်တပ်ကာပိုမိုခွဲယူသည့်အမှု၊

(၂) သွေးကြီး ရွာအုပ်နှင့်ဆယ်အိမ်ခေါင်းများအား ခိုင်စားငွေ ခွဲဝေပေးရန် ပျက်ကွက်မှု၊

(၃) သူကြီး ရွာအုပ်နှင့် ကျွန်းခေါင်းတို့က မြို့ရုံးငွေပို့စရိတ် မြို့ခံစား စရိတ်နှင့် သူကြီးကန်တော့ပွဲ လက်ဆောင်ငွေများ ခွဲဝေယူမှု၊

(၄) သူကြီး၊ ရွာအုပ်နှင့် ကျွန်းခေါင်းတို့ ခွဲတမ်းယူလျက် လုပ်ကိုင်ကြ သည့် ကျွန်းမြေအတွက် မသက်ဆိုင်သူ ကျွန်းလုပ်သားများထံ ကျွန်းခွန်တော်ခွဲ တောင်းခံမှုတို့ ဖြစ်ကြပါသည်။

ထိုခုံတော်စီရင်ချက်များအရ ကျွန်းခွန်တော် ငွေဒင်္ဂါး (၁၀၀) လျှင် ငွေပို့စရိတ်အဖြစ် ငွေဒင်္ဂါး (၁) ပြားနှုန်းဖြင့် ငွေဒင်္ဂါး (၇၅) ပြား ပိုမိုခွဲဝေခဲ့ သည်ကို ကျွန်းလုပ်သားများထံသို့ပြန်၍ ပေးစေခဲ့သည်။ ထိုသို့ ကျွန်းလုပ်သား များထံသို့ ပြန်ပေးခြင်းနှင့်ပတ်သက်၍ စာရင်းဇယားနှင့် အတိအကျ အစီရင် ခံရသည်။ သဿမေဓအခွန်တော် ခိုင်စားငွေမှ ငါးပုံတစ်ပုံကိုလည်း သွေးကြီး နှင့် ဆယ်အိမ်ခေါင်းများသို့ ဥပဒေထုံးစံရှိသည့်အတိုင်း ခွဲဝေပေးစေခဲ့သည်။ အစဉ်အလာနှင့် အမိန့်တော်ခွင့်ပြုချက်မရှိသော မြို့ရုံးငွေပို့စရိတ် မြို့ခံစားစရိတ် နှင့် သူကြီးကန်တော့ပွဲလက်ဆောင်ငွေများကိုလည်း ခွဲတောင်းခံသူများသို့ စာရင်းဇယားအတိအကျနှင့် တစ်ပြားမချန်ပြန်လည်ပေးစေခဲ့ပါသည်။ သူကြီး ရွာအုပ်နှင့် ကျွန်းခေါင်းတို့ ခွဲတမ်းယူလျက် လုပ်ကိုင်စားသောက်နေကြသည့် ကျွန်းမြေအကန့် (၁၄၀၀) အတွက် ကျွန်းခွန်တော်ငွေ ဒင်္ဂါး (၁၄၀၀) ကိုလည်း သက်ဆိုင်ခြင်းအလျဉ်းမရှိဘဲ အဓမ္မစည်းကျပ်ခံခဲ့ရသည့် ကျွန်းလုပ်သားများ၏ လက်တွင်းသို့ အရောက်ပြန်ထည့်ပေးခဲ့ရပါသည်။

ထိုသို့ ကျေးလက်ဒေသအရောက် ခုံတော်များစေလွှတ်၍ စီရင်ဆုံးဖြတ် အရေးယူသည့် စီမံမှုများ မပေါ်ပေါက်သေး၍ (၁၂၃၂) ခုနှစ်တွင်

ကျွန်းခွန်တော်ခွဲတောင်းရာ၌ အဝမ္ပပြုလျက် အကြိမ်ကြိမ် အဖန်ဖန် ပိုမိုခွဲ တောင်းမှုများပင် စလေနယ်၌ ဖြစ်ပွားခဲ့ပါသည်။ ဂိုဏ်းထောက်ဆရာတော်က ကြားဝင်၍ ဆုံးမပြစ်တားသည်ကိုလည်း မနာမယူ "နင်တို့ဂိုဏ်းအုပ် ဂိုဏ်းထောက်တို့အား နိုင်ထားစေ ငါက တုတ်တို့နှင့်ရိုက်၍ တောင်းမည်" ဟူ၍ ပင် စော်ကားမော်ကားပြောလျက် ခြိမ်းခြောက်ခွဲ တောင်းခဲ့ကြသည်။ ထို့ပြင် ကင်းဝန်ထောက်မင်း၏ အမိန့်ကိုလည်း မကျိုးမနွံပြုလျက် သသမေဓအခွန် တော်ကို ထိန်ချန်၍ ဖြတ်စားခြင်း ယာမြေများအပေါ် "ဘဏ္ဍာအရာ" ဟု သတ်မှတ်အခွန် ပိုတောင်းခြင်း ဓားပြအဖြစ် မသင်္ကာမှုနှင့် ချုပ်နှောင်လျက် ငွေစားခြင်း ပွဲအုပ်ပွဲပြတ်တို့ထံ လစဉ် ဆတ်ကြေးတောင်းခံခြင်း အစရှိသည့် များ ကျူးလွန်ခဲ့ကြသည်ကို ကြေးနန်းဖြင့် ပေးပို့ခဲ့သည်။ ဂိုဏ်းထောက် ဆရာတော်၏ မေတ္တာစာအရ သိရှိရသည်။

ရှေးအခါက မင်းကေရာဇ်တို့သည် မိမိတို့ထံ သစ္စာခံထားသော ဒေသ ဆိုင်ရာအကြီးအကဲတို့အား မိမိတို့အပေါ် သစ္စာတည်နေမှုကာလပတ်လုံး၌ ထိုဒေသဆိုင်ရာ ပဒေသရာဇ် အကြီးအကဲတို့၏ ဆင်းရဲသား ကျွန်တော်များ အပေါ် ကျူးလွန်သော အပြစ်များကို အသေးအဖွဲများဟူ၍ ယူဆကာ လျစ်လျူပြုထားတတ်ကြသည်။ ထို့ကြောင့် သေဆိုင်ရာ ပဒေသရာဇ် အကြီးအကဲတို့သည် မင်းကေရာဇ်ကို ကျောထောက်နောက်ခံထားလျက် အားကိုးပြုကာ ဆင်းရဲသားကျွန်တော်မျိုးများအပေါ် နိုင်ထက်စီးကဲ မင်းမူ အုပ်ချုပ်ကြလေ့ရှိသည်။ မင်းကေရာဇ်အသစ် နန်းတက်ပြန်လျှင်လည်း ထို မင်းကေရာဇ်အသစ်ကို ကူညီထောက်ခံသူများပင်လျှင် ဒေသဆိုင်ရာ

ပဒေသရာဇ်အကြီးအကဲအဖြစ် ခန့်အပ်ကြပါသည်။ အသစ်ခန့်အပ်ခြင်း ခံရသော ဒေသဆိုင်ရာ ပဒေသရာဇ်အကြီးအကဲများသည်လည်း ယခင်မင်း၏ အကြီးအကဲတို့နှင့် ခြားနားခြင်းရှိခဲ့ပါသည်။ အဆင့်တူအရောင်ကွဲမျှသာ ဖြစ်တတ်ကြသဖြင့် ဆင်းရဲသားကျွန်တော်မျိုးတို့မှာ နင်းပြားဘဝမှ ပို၍ထူးခြားလာလေ့မရှိကြပါ။ သို့သော်ဗုဒ္ဓအဆုံးအမနှင့်အညီ အုပ်ချုပ်လိုသော မင်းတုန်းမင်းကြီး၏ (၁၂၃၃) ခုနှစ်တွင် ဆောင်ရွက်ချက်များသည် ဆင်းရဲသားကျွန်တော်မျိုးတို့အတွက် အသက်ရှူချောင်စေခဲ့ပါသည်။ ထိုဆောင်ရွက်ချက်များသည် မြို့ဝန်အကြီးအကဲများ၏ အရိုးစွဲနေသော သက်ဦးဆံပိုင် ပဒေသရာဇ်စိတ်ဓာတ်များကို တစ်ဆင့်ပြီးတစ်ဆင့် ခဝါချပေးလိုက်ခြင်းမျိုး ဖြစ်ပါသည်။ "သနားတော်မူသည့် စရိတ်တော်ငွေတော်နှင့်သာ စားသုံး " ဟူသော ညွှန်ကြားချက်သည် မြို့ဝန်စစ်ကဲနှင့် ခုံတော်တို့အား အခွင့်ထူးခံ ပဒေသရာဇ်အကြီးအကဲများအဆင့်မှ နိုင်ငံ့ဝန်ထမ်းများအသွင်သို့ တစ်ဆင့်ခြင်း ကူးပြောင်းစေခြင်း ဖြစ်ပါသည်။ သက်ဆိုင်ရာဒေသများသို့ ခုံတော်များ စေလွှတ်စေလျက် တရားစီရင်မှု ပြုစေခဲ့ပါသည်မှာလည်း ဗဟိုချုပ်ကိုင်မှုအာဏာသို့ လျှော့ချလိုက်ပြီး ပြည်သူ့ရှေ့မှောက်၌ အမှန်အကန် တရားစီရင်ရေးအသွင်သို့ ဦးတည်ဖောင်းပေး လိုက်ခြင်းဖြစ်ပါသည်။

နိုင်ငံတစ်ဝက်ကို နယ်ချဲ့လက်ထဲသို့ ပေးအပ်ထားရသောအချိန်၌ မင်းတုန်းမင်းကြီးသည် ညီတော် ကနောင်မင်းသားကို လက်ရုံးပြုလျက် စက်ရုံအလုပ်ရုံများ ထူထောင်ခြင်း၊ နိုင်ငံရပ်ခြားသို့ ပညာတော်သင်များ စေလွှတ်ခြင်း၊ နိုင်ငံခြားသံတမန် ဆက်သွယ်ရေး တိုးမြှင့်ခြင်းနှင့် နိုင်ငံခြား ဘာသာ

သင်ကျောင်း ဖွင့်ခြင်းအစရှိသည့် ဆောင်ရွက်ချက်များနှင့် နိုင်ငံတော်အား ကမ္ဘာနှင့်အညီ ရင်ပေါင်းတန်းနိုင်ရေး၊ ခေတ်မီတိုးတက်ရေးများကို အလေး အနက် ဆောင်ရွက်ခဲ့သည်မှာ အထင်အရှားဖြစ်ပါသည်။ (၁၂၈၈) ခုနှစ်တွင် ကနောင်မင်းသား လုပ်ကြံခံခဲ့သဖြင့် ထိုလုပ်ကြံမှု၏ တရားခံအစစ်မှာ အရိုးစွဲ လျက် ရှိသော ပဒေသရာဇ်စိတ်ဓာတ်ဆိုးပင် ဖြစ်ခဲ့သည်ကို မင်းတုန်းမင်းကြီး သိမြင်စွမ်း ရှိခဲ့သည်ဟု ယူဆရပါသည်။ ထို့ကြောင့် မင်းတုန်းမင်းကြီးသည် ပဒေသရာဇ်အုပ်ချုပ်ရေး၏ ပျော့ကွက်၊ ဟာကွက်များကို ဗုဒ္ဓ၏ အဆုံးအမ နှင့်အညီ ပြုပြင်နိုင်ရန် ကြိုးပမ်းခဲ့ခြင်း ဖြစ်ပါသည်။ ခေတ်နှင့်မလျော်ကန် သော်လည်း အသားကျနေသည့် စနစ်တစ်ခုမှ စနစ်သစ်တစ်ခု အသွင်သဏ္ဌာန် ပြောင်းလဲစေရှုမျှနှင့် မလုံလောက်ဘဲ အနှစ်သာရပါ ပြောင်းလဲနိုင်မှသာလျှင် အောင်မြင်နိုင်ပါမည်။ ထို့ကြောင့် မင်းတုန်းမင်းကြီးသည် ပဒေသရာဇ်တို့၏ အကျင့်ဆိုးများကို ဗုဒ္ဓ၏ အဆုံးအမနှင့် ညင်သာစွာ ပဲ့ကိုင်ထိန်းချုပ်ခဲ့ခြင်း ဖြစ်ပါသည်။

အထက်ဖော်ပြခဲ့သည့်အတိုင်း ၁၂၂၈ ခုနှစ် အရေးအခင်းကာလ၌ ဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတော်များ မလွှဲမရှောင်သာ ပါဝင်ဆုံးမခဲ့ကြရမှ မင်းတုန်းမင်းတရားကြီး၏ ပဒေသရာဇ်အာဏာ အသွင်းပြောင်းလဲရေး ဆောင်ရွက်ချက်များ၌လည်း ဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတော်များသည် နိုင်ငံတော်ငြိမ်ဝပ်အေးချမ်းသာယာရေးအတွက် ဦးစီးပဲ့ကိုင် နာယကများအဖြစ် ဆက်လက် ကူညီခဲ့ကြပါသည်။ တစ်လတစ်ကြိမ် ဆွမ်းဆန်တော်လှူ မေတ္တာ စာဆက်သွင်းရေး အစီအစဉ်အပြင် ဂိုဏ်းအုပ်ဂိုဏ်းထောက်ဆရာတော်ကို ထံမှ

တော်မှန်သောသူတို့ကို အတွင်းတော်သို့ စေလွှတ်ရေး အစီအစဉ်ကိုလည်း ပန်းပုရုပ်စုံကျောင်း ပုရပိုက်များအရ သိရှိရပါသည်။သုဓမ္မာဆရာတော်ကြီးများ၏ အစီအစဉ်သစ်မှာ ရတနာပုံနေပြည်တော်သို့ ပရိယတ္တိစာပေသင်ကြားရန် ရောက်ရှိနေသော ရဟန်းပျိုများအား မိမိတို့၏ ဇာတိရပ်ရွာ သက်ဆိုင်ရာဒေသများသို့ ခေတ္တပြန်လွှတ်လျက် ကြည့်ရှုစောင့်ရှောက်စေမည့် အစီအစဉ်ဖြစ်ပါသည်။ သုဓမ္မာဆရာတော်များ ကြီးမှူးသော ရဟန်းတော်များသည် ပဒေသရာဇ်အုပ်ချုပ်ရေး အစဉ်အလာဆိုးများကို ဗုဒ္ဓတရားတော်နှင့်အညီ ဖယ်ရှားပေးနိုင်ရန်အတွက် စီမံလျက်ရှိသည့် မင်းတုန်းမင်းကြီး၏ ဆောင်ရွက်ချက်များအပေါ်၌ စိတ်အားထက်သန်စွာ ကူပံ့လျက်ရှိကြပါသည်။

ဂိုဏ်းထောက်ဆရာတော်သည် အခွန်တော်များကို ပိုမို၍ ခန့်ခွဲတောင်းဆိုသည့် မြို့ရွာအကြီးအကဲများအား ဖော်ထုတ်ဆုံးမ ပေးရသကဲ့သို့ စာရင်းပေါက်၊ အခွန်တော်များကို စည်းကမ်းနှင့်အညီ တိတိကျကျ ခန့်ခွဲတောင်းဆိုသည့် မြို့ရွာအကြီးအကဲများနှင့် ကြုံတွေ့ရသောအခါ၌လည်း အခွန်တော်ကို မည်သည့်နည်းနှင့်မျှ မထမ်းဆောင်နိုင်လောက်အောင် အတိဒုက္ခကျရောက်နေသော ဆင်းရဲသား ကျွန်တော်မျိုးတို့အား သက်သာခွင့်ပေးပါရန် အယူခံပေးသည့် တာဝန်ကိုလည်း မလွဲမရှောင်သာ ထမ်းဆောင်ကြရပါသေး၏။ သာဓကအားဖြင့် တင်ပြရလျှင် စလေမြို့အပိုင် ကျူတောကျွန်းရွာ အခွန်တော်အမှု ဖြစ်ပါသည်။ ဧရာဝတီမြစ်ရေတိုက်စားကာ ကမ်းပါးဖွဲ့ခံရသဖြင့် ကျူတောကျွန်းရွာနေသူတို့အတွက် လုပ်ငန်းလုပ်ကွက်များ ဆုံးရှုံးခဲ့ရသည့်အပြင် ရွာကိုပင်ဖျက်ကာ နီးရာအခြားရွာများ၌ အစုခွဲလျက် ကပ်ခိုနေရသည့်

အချိန်ဖြစ်ပါသည်။ ထိုသို့စားဝတ်နေရေးအတွက် ဒုက္ခပင်လယ်ဝေနေရစဉ် သဿမေဓအခွန်တော်ကို စာရင်းအတိအကျနှင့် ခန့်ခွဲခြင်းခံခဲ့ရပါသည်။ ထိုအခါ ကျူတာကျွန်းရွာ နေသူတို့အတွက် မြက်ပင်တစ်ပင်ပမာ အားကိုးရမည့်သူမှာ ဂိုဏ်းထောက်ဆရာတော်ပင် ဖြစ်ပါချေတော့သည်။ ဂိုဏ်းထောက်ဆရာတော်က တိတိကျကျဆောင်ရွက်သူ မြို့ဝန်အား ခေါ်ယူတိုင်ပင်ခဲ့ရာ လွှတ်တော်အတွင်းတော်ပေါက် စာရင်းများဖြစ်၍ လွှတ်တော်အတွင်းတော်သို့ မေတ္တာစာဆက်သွင်းနိုင်မှသာ လွတ်ငြိမ်းချမ်းသာခွင့် ရလိမ့်မည်ဖြစ်သည်ကို သိရှိရသဖြင့် မေတ္တာစာဆက်သွင်းကာ အခွန်တော်လွတ်စာ ကင်းပါမည့် အရေးအတွက် အယူခံပေးခဲ့ရဖူးလေသည်။ အောင်မြင်ခဲ့ပါ၏။

မင်းတုန်းမင်း တရားကြီးသည် ပဒေသရာဇ် အုပ်ချုပ်ရေးကို ခေတ်နှင့် လျော်ညီရေးအတွက် ညင်သာစွာကြိုးပမ်းသကဲ့သို့ စီးပွားရေးစနစ်ကိုလည်း ခေတ်မီရေးအတွက် စီမံမှုများပြုခဲ့ပါသည်။ထိုစီမံမှုများမှာ သူဌေးသူကြွယ်ကုန်သည်တို့အား အစုအသင်းဖွဲ့စေလျက် အရင်းတော်ငွေများထုတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ထို့နောက်ကူးသန်းရောင်းဝယ်ခွင့် ပြုသည့်ကုန်ပစ္စည်းများကို နိုင်ငံနှင့် အဝန်း ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ဖောက်ကားနိုင်ရန်အတွက်သူဌေးသူကြွယ်ကုန်သည်အသင်းစုအား နယ်မြေအလိုက် ဈေးကွက်မူပိုင်ခွင့်များကို ခွင့်ပြုခဲ့ပါသည်။ ထိုသို့စီမံ ခွင့်ပြုရသည့်အတွက် သူဌေးသူကြွယ်ကုန်သည် အသင်း စုတို့က တစ်နှစ်အတွက် ခန့်ခွဲသည့်အခွန်တော်များကို လစဉ်အရစ်ကျ ဆက်သွင်းကြရမည် ဖြစ်ပါသည်။ ထိုစီးပွားရေးစနစ် ခေတ်မီတိုးတက်ရေး အစီအစဉ်အသစ်ကို ပန်းပုရုပ်စုံကျောင်းပေါ် ရှိ ဂိုဏ်းထောက်ဆရာတော်၏ ပုရပိုက်မှတ်တမ်းများအရ အောက်ပါအတိုင်း သိရှိခွင့်ရရှိခဲ့ပါသည်။

## ''သူဌေးမဟာသုခရီ သူကြွယ်နန္ဒမဟာသာလ ငစိုးတို့ အတွင်းလျှောက်တော်များ (ခံဝန်ချုပ်)''

သက္ကရာဇ်(၁၂၃၀) ဝါခေါင်လဆန်း(၁၃)ရက်"သူဌေးမဟာသုခရီ သူကြွယ်နန္ဒမဟာသာလ ငစိုးတို့(ဝန်ခံချက် ၄ မြို့နယ်) မြေပြင်" "အောက်မြစ်စဉ် ဝဲယာ" ပြတ်ဆိုရောင်းဝယ်ကြသည့်ပွဲများကို အခွန်တော်မကောက်မခံ "အရင်းတော်ငွေဒင်္ဂါး (၂၀၀၀၀)" ထုတ်ပေး သနားတော်မြတ်ခံရလျှင် ထန်းလျက်ကုန် ရေနံကုန် မြစ်စည်နွားပွဲ မြစ်စည်ဝဲယာကျ သစ်တော်ကုန်များကို ချန်လှပ်၍ "ကျွန်တော်တို့ စာရင်းတင်ဆက်ရာပါ ကုန်များကို" အာဏာတော် မဘက်မခတ် မရောင်းလိုသူတို့ကို နိုင်ထက်စီးကဲ မဝယ်မယူ ရောင်းလိုသူတို့မှာသာ မြို့ရွာဆိပ်ကမ်း ကြည်းရေဈေးနှုန်းပေါက်ရာ ဝယ်ယူကူးသန်း၍ တစ်နှစ်လျှင် အမြတ်တော် (၁၁၀၀၀၀) အကျ ငွေးနှစ်တော်သလင်းလကစ၍ လစဉ်ဆက်သွင်း ထမ်းရွက်ပါမည်။ ကျွန်တော်တို့ ရင်းနှီးကူးသန်း ထမ်းဆောင်သည်ထက် ပိုမိုတိုးပွားထမ်းရွက်နိုင်မည့်သူရှိလျှင်လည်း မည်သည့်နေ့လမဆို လွှဲအပ်ထမ်းရွက်ပါစေမည့် နောက်ကျွန်တော်တို့ ခံဝန်ချက်အတိုင်း မတည် အာဏာတော်ဘက်စပ်၍ မရောင်းလိုသူတို့ကို နိုင်ထက်စည်းကဲ ဝယ်ယူကြသည်။ လစဉ်ဆက်သွင်းရန် အမြတ်တော် မပြေမကုန် (ရှိသည်) များကို လျှောက်တင်ကြားသိရလျှင် ရာဇဝတ်အပြစ် စီရင်ရာခံပါမည် ခံဝန်သည်။

ထိုခံဝန်ချက်မျိုးကို သုဓမ္မာဆရာတော်များထံသို့ လည်းကောင်း၊ (၄) မြို့နယ်စာရင်းဝင်ရာ စလေမြို့၊ သုဓမ္မာဂိုဏ်းထောက်ဆရာတော်ထံသို့ လည်းကောင်း အသီးသီးပေးအပ်လျက် ခံဝန်ကြရသည်။ (၄) မြို့နယ်အတွင်း၌

ထန်းလျက်ဝယ်ယူရေးအတွက် ကန်သတ်ဈေးကွက် မူပိုင်ရရှိသူတို့မှာ သူဌေး မဟာဇေတိက သူကြွယ်မဏိဇောတသာလ ဦးပုတ်စည်၊ ဦးသာရွဲနှင့် ဦးရွှေရန် တို့ဖြစ်ကြပါသည်။ ရေနံရောင်းဝယ်ခွင့်ရသူ၏ အမည်ကို မသိရပါ။ အဘယ် ကြောင့်ဆိုသော် မြန်မာမင်းလက်ထက်အခါက စလေမြို့စီရင်စုၙ ရေနံမထွက် ရှိသေးပါ။ (စလေမြို့အပိုင် ချောက်ရေနံမြေသည် နယ်ချဲ့တို့ စတင်တူးဖော်ခဲ့ သည့် ရေနံမြေသစ်ဖြစ်ပါသည်။) ရေနံရှိသည့် ဘူမိဗေဒအထောက်အထား တစ်မျိုးဖြစ်သော ကျောက်ခရုများ တွေ့ရှိရသဖြင့် တူးဖော်ကြခြင်း ဖြစ်ပါသည်။ ထိုကျောက်ခရုများကို ပန်းပုရုပ်စုံကျောင်းပြတိုက်၌ ပြသထားပါသည်။

အထက်ဖော်ပြပါ ခံဝန်ချက်များအရ မင်းတုန်းမင်းတရားကြီး၏ စီမံချက် သည် အရင်းတော် ငွေအထောက်အပံ့ရထားသော ဈေးကွက်မူပိုင်ခွင့်ရ အသင်းစ တို့ အာဏာမဖက်ဘဲနှင့် ဝယ်ယူရမည်ဟု စည်းကမ်းပြဋ္ဌာန်းထားသဖြင့် အသင်းစု တို့က ဒေသခံကုန်သည်များထက် ပို၍ ဈေးမြှင့်ကာ ဝယ်ယူလျက် လက်ဝါးကြီး အုပ်စေလိုသည့်သဘော သက်ရောက်ပါသည်။ သို့သော် ထိုအစီအစဉ်သည် မြန်မာ့ရိုးရာ ကုန်သွယ်ရေးစနစ်နှင့် အံမဝင်ခဲ့ပေ။ ဒေသခံကုန်သည်များသည် ကုန်ထုတ်လုပ်သူ ဆင်းရဲသားများအား စိုက်ပျိုးစရိတ်ငွေ ကြိုတင်ထုတ်ပေးကာ ထုတ်ကုန်များကို ပေါ်ပေးသိမ်းယူလေ့ ရှိကြပါသည်။ သူဌေးသူကြွယ် ကုန်သည် များနှင့် ကုန်ထုတ်လုပ်သူ ဆင်းရဲသားတို့အတွက် ကြားခံလျက် ရှိပါသည်။ ထိုဒေသခံ ကုန်သည်တို့၏ လက်ဝါးကြီးအုပ်စနစ်ကို သူဌေး သူကြွယ် ကုန်သည် များအသင်းစုက မထိုးဖောက်နိုင်ခဲ့ကြပေ။ ထို့ကြောင့် အသင်းစုတို့သည် အာဏာတော်ကိုသုံးလျက် ရောင်းဝယ်ခဲ့ကြသည်ကို ပုရပိုက်မှတ်တမ်းများအရ

သိရှိရပါသည်။ မင်းတုန်းမင်းသို့ ဆက်သွင်းရမည့် အမြတ်တော်ကြေးကိုလည်း ကန်သတ်ဈေးကွက် မူပိုင်ခွင့်ရ အသင်းအလိုက်တို့က ဒေသခံကုန်သည် အခြေခံတို့ထံမှစ၍ အချိုးကျ ခွဲတောင်းခဲ့ကြသည်။ ထိုသို့ အာဏာသုံးလျက် ရောင်းဝယ်ခဲ့ကြသဖြင့် ဂိုဏ်းထောက်ဆရာတော်က ဆုံးမမေတ္တာရပ်ခံ ပေးခဲ့ရပါသည်။ ထိုအကြောင်းကို အသင်းစု အဝယ်ကိုယ်စားလှယ်များ ဖြစ်ဟန်ရှိသော လေပ်နှင့် ပေျာ်ပုံတို့က အသင်းစုထံသို့ –

"လေပ်၊ ပေျာ်ပုံတို့က သူဌေး၊ သူကြွယ်တို့ထံ ပေးလွှာဘုရား လေပ်၊ ပေျာ်ပုံတို့ အစီရင်ခံလိုက်ပါသည်။ သူဌေးမင်း မဟာဇေယတိက သူကြွယ်မင်း မဏိဇေယတမဟာသာလ ဦးပုတ်စည်၊ ဦးသာရွှဲ၊ ဦးရွှေရန်တို့ စလေမြို့ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆရာတော်တို့က ထန်းလျက်ကုန်သည်တို့မှာ ဈေးနှုန်းပေါက်အတိုင်း မရောင်းမဝယ်ရကြောင်း ရောင်းဝယ်ကူးသန်းလိုသူတို့မှာလည်း ထန်းလျက် (၁၀၀) လျှင် အမြတ်တော်ဆို၍ ၅ ကျပ်၊ ၆ ကျပ် တောင်းခံယူကြောင်း ဆင်းရဲသားကုန်သည်တို့ ငြိုငြင်ပင်ပန်းကြောင်းနှင့် သုဓမ္မာဆရာတော်မြတ်တို့ထံ လျှောက်ထားရှိသည်ဖြစ်ပါ၍ နောင်ငှင်းလျှောက်ချက်အတိုင်း မဖြစ်ပါရမည့်အကြောင်း အတွင်းတော်သို့ စာသွင်းတော်မူပါမည်ကိုလည်း ကျွန်တော်တို့က ရပ်ဆိုင်းခံဝန်ရ၍ သူဌေး သူကြွယ် ၅ ဦးသားအနက် သင့်ရာသူ တစ်ယောက်ယောက်ကို နေ့ညအလျင်အမြန်လာရောက်ပါမည် အကြောင်းကို စာပေးကြားမှာလိုက်ပါသည်" ဟူ၍ အဆက်အသွယ်ပြုထားခဲ့ပါသည်။ ထိုစာကို ၁၂၃၀ ခု သီတင်းကျွတ်လပြည့်ကျော် ၈ ရက်နေ့စွဲတပ်ထားပါ၏။

၁၂၃၀ ခုနှစ်တွင် စီးပွားရေးဆိုင်ရာ အသင်းစုများအား စတင်တည်ထောင်စဉ်အခါက ရေနံရောင်းဝယ်ခွင့်ရသူ၏ အမည်ကို မသိရှိရသော်လည်း ၁၂၃၇ ခု၊ တန်ခူးလဆန်း ၁၁ ရက်နေ့စွဲပါ ဝန်စာရေးဦးဆိုင်တင် လွှတ်တော်စာအရ ရေနံရောင်းဝယ်ခွင့် ကန့်သတ်ဈေးကွက်ကို မူပိုင်မှတ်ပုံတင်ထားသူမှာ မင်းတုန်းမင်းတရားကြီး ဖြစ်ပါသည်။ မင်းတုန်းမင်းကြီး ဦးစီးသည့် နိုင်ငံပိုင် ရေနံရောင်းဝယ်ရေးလုပ်ငန်း၌ လူပြန်တော်၊ လူသူတော်၊ အဆောင်မြဲတို့ကို အရောင်းအဝယ် ကိုယ်စားလှယ်များ ခန့်အပ်ထားသည်။ ထိုအရောင်းအဝယ် ကိုယ်စားလှယ်များ သည် မြို့ရွာအကြီးအကဲများနှင့် စည်းဝါးကိုက်ကာ နယ်အသီးသီးအတွင်းရှိ အိမ်ခြေအလိုက် ရေနံခွဲတမ်းကျ ဝယ်ယူရမည် ဆိုလျက် အတင်းအကျပ် ရောင်းချခဲ့ကြပါသည်။ ၁၂၃၀ ခုနှစ် အသင်းအစုများ ကူးသန်းရောင်းဝယ်ရေး ဥပဒေကို မင်းတုန်းမင်းကြီး ခန့်အပ်ထားသော ကိုယ်စားလှယ်များက ချိုးဖောက်ကြရာ၌ လွှတ်တော်အတွင်းဝန်တို့က သုဓမ္မာ ဆရာတော်များထံသို့ နောက်နောင် မကျူးလွန်စေရပါကြောင်းကို အာမခံ လျှောက်ထားခဲ့ကြရပါသည်။

ထိုသို့ ၁၂၃၀ ခု၊ အသင်းအစုများ ကူးသန်းရောင်းဝယ်ရေးဥပဒေကို ရံဖန် ရံခါ ချိုးဖောက်ကျူးလွန်ခဲ့ကြခြင်းနှင့် ပတ်သက်သည့် အမှုတွဲများအား ပန်းပု ရုပ်စုံကျောင်း ပုရပိုက်မှတ်တမ်းများ၌ တွေ့ရှိရပါသည်။ ထိုပုရပိုက်များအနက် စိတ်ဝင်စားဖွယ်ရာ အကောင်းဆုံးသော ပုရပိုက်မှတ်တမ်းတစ်ခုမှာ ၁၂၃၉ ခု၊ ကဆုန်လဆန်း (၇) ရက်နေ့ပါ "ထန်းသမား (၇) ယောက်အား ချုပ်နှောင်မှု" မှတ်တမ်းဖြစ်ပါသည်။ ထိုမှတ်တမ်း၌ အစီရင် သောစသည် ငွေးချိုအပိုင်

တောင်နောက်ရွာမှ ထန်းသမား (၇) ယောက်အား ထန်းလျက်မရောင်းမနေရ (ကြိုတင်) ငွေကိုယူ၍ ရောင်းရမည်ဆိုကာ မနာခံကြသဖြင့် အတင်းထိပ်တုံး ခတ်ခဲ့သည်ကို ဖော်ပြထားပါသည်။ ထိုအကြောင်းကို ငစောပြန်နှင့် ငရှေ့တင်းတို့က ဂိုဏ်းထောက်ဆရာတော်ထံ လာရောက် လျှောက်ထားခဲ့သဖြင့် ထန်းသမား (၇) ယောက်တို့ ချမ်းသာရာ ရခဲ့သည်။

အထက်ဖော်ပြခဲ့သည့်အတိုင်း ပန်းပုရပ်စုံကျောင်းပေါ်၌ တွေ့ရှိရသော ပုရပိုက်များမှာ ကာလအားဖြင့် ၁၂၂၁ ခုနှစ်မှ ၁၂၄၇ ခုနှစ်တိုင်အောင်ပင် ဖြစ်ပါသည်။ ၁၂၂၈ ခုနှစ်မှ ၁၂၄၇ ခုနှစ်အထိ နေ့စွဲပါရှိသော ပုရပိုက်များ၌ သုဓမ္မာဂိုဏ်းထောက်ဆရာတော်တို့ တာဝန်ထမ်းဆောင်ရသည်ကို ပေါ်လွင်ထင်ရှားစွာ လေ့လာတွေ့ရှိနိုင်ပါသည်။ ထိုပုရပိုက်များ၌ အမှုတွဲများ၊ ဖြတ်ထုံးများ၊ အမိန့်တော်များ၊ အခွန်တော်စည်းကြပ်မှု စာရင်းဇယားများ အစရှိသည်များကို စနစ်တကျ တွေ့ရှိရသည်။ မှတ်တမ်းအထောက်အထားများ အရ ဂိုဏ်းထောက်ဆရာတော်တို့သည် ရတနာပုံခေတ် အုပ်ချုပ်ရေးဆိုင်ရာ ဦးစီးများ ဖြစ်ခဲ့ကြပါ၏။ ဆင်းရဲသား ကျွန်တော်မျိုးတို့အပေါ် ကျရောက်သည့် ဒုက္ခအပေါင်းကို မေတ္တာကရုဏာတို့ဖြင့် ဖယ်ရှားပေးတော်မူခဲ့သော ဂိုဏ်းထောက်ဆရာတော်တို့၏ ဆောင်ရွက်ချက်များသည် ယိုယွင်းပျက်စီးလျက်ရှိသော ပဒေသရာဇ်စနစ်ကို ငြင်သာစွာ ပြောင်းလဲပေးလိုသည့် မင်းတုန်းမင်းတရားကြီး၏ သမာဆန္ဒကို ဖြည့်ဆည်းပေးရာမျှသာ ရှိသဖြင့် အရာမရောက်ပါဟု ဆိုနိုင်သော်လည်း နယ်ချဲ့၏ အန္တရာယ်နှင့် လက်တကမ်းကွာ အခြေအနေ၌ အမျိုးသားရေးအတွက် ဆောင်ရွက်ချက် စစ်စစ်များ ဖြစ်ခဲ့သည်ဟူ၍ အကြွင်းမဲ့ ယုံကြည်မိသည်။

# ၃။ ကျောင်းဒါယကာ

ကျောင်းဒါယကာ ဦးဘိုးကြည်၏ ကောင်းမှုတော်စာတမ်း၌ သူ၏ဇာတိမှာ တောင်သာမြို့ဖြစ်သည်ဟု ဖော်ပြထားပါသည်။ သူ၏ မိဘများမှာ မည်သူ မည်ဝါဖြစ်သည်ဟူ၍ စလေနယ်အတွင်း၌ ပြောပြနိုင်သူ မရှိတော့ပါ။ သူ၏ မိဘများသည် တောင်သူယာလုပ်၊ တားမခုတ်၊ လက်လုပ်လက်စားအဆင့်ထက် ပိုမည် မထင်ပါ။ အကြောင်းမှာ ဦးဘိုးကြည်သည် အောက်ခြေဘဝမှ စတင်၍ ရုန်းကန်ခဲ့ရသောကြောင့် ဖြစ်ပါသည်။

မင်းတုန်းမင်းတရားကြီး နန်းတက်စ မြန်မာသက္ကရာဇ် ၁၂၂၀ ခုနှစ် အချိန်တွင် မောင်ဘိုးကြည်ဘဝ၌ ကြွယ်ပိုးကြွယ်ဝ မရှိသေးပါ။ သို့သော် တိုးတက်ရန် အလားအလာကောင်းသော လုပ်ငန်းတစ်ခုကို အခြေတည်၍ လုပ်ဆောင်နေပြီဟု ဆိုနိုင်ပါသည်။ ထိုလုပ်ငန်းမှာ နွားသားရေရောင်းဝယ်ရေး လုပ်ငန်းပင် ဖြစ်ခဲ့ပါသည်။ ထိုသားရေလုပ်ငန်းကို စတင်လုပ်ကိုင်ရာ၌လည်း စလေမြို့ပေါ်၌ အဝယ်ဒိုင်ပွဲရုံဖွင့်ကာ ရောင်းဝယ်ခြင်းမျိုး မဟုတ်ခဲ့ချေ။ မောင်ဘိုးကြည်သည် သားရေရောင်းမည့် တောရွာများသို့ ခြေလျင်ခရီးသွားလျက် ရောင်းဝယ်ရသော နယ်လှည့် သားရေဝယ်သူ တစ်ဦးသာ ဖြစ်ခဲ့ပါသည်။ စလေမြို့နှင့်ခရီး တစ်သောင်းကွာဝေးသော ခွေးချိုရွာသို့ သွား၍ သားရေဝယ်ယူရလျှင်

လမ်းကြောပေါ်၌ရှိသော ဂိုဏ်းထောက် ကန်တောရတွင် တစ်ထောက်နား၍ အမောဖြေလေ့ရှိသည်။ ထိုစဉ်ကတည်းကပင် မောင်ဘိုးကြည်သည် ဂိုဏ်းထောက်ဆရာတော်ကြီးကို ကြည်ညိုရင်းစွဲ ရှိခဲ့သည်ဟူ၍ မှတ်ချက်ထား ကြပါသည်။

နွားသားရေရောင်းဝယ်ခြင်းကို တိုးတက်ရန် အလားအလာကောင်းသည့် လုပ်ငန်းဟူ၍ ဆိုခြင်းမှာ မင်းတုန်းမင်းတရားကြီး၏ လက်ထက်တော် အခါက နွားသား (အမဲသား) ရောင်းဝယ်စားသောက်ခြင်းကို ဥပဒေထုတ် တားမြစ်ခြင်း ပြုခဲ့သောကြောင့် ဖြစ်ပါသည်။ နွားသား ရောင်းဝယ်စားသောက်ကြသဖြင့် အရေးယူခဲ့သည့် အမှုမှတ်တမ်းများကို ပန်းပုရုပ်စုံကျောင်းပုရပိုက်များ၌ လေ့လာတွေ့ရှိ ရပါသည်။ သာဓကအားဖြင့် တင်ပြရလျှင် မြန်မာသက္ကရာဇ် ၁၂၂၆ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်နေ့တွင် စလေမြို့ ဝက်မစွပ်ရပ်နေ မိထယ်ပိုင် နွားသေဆုံးခဲ့ရာ ရေတွင်းရွာနေ ခဲအိုဖြစ်သူ ငရွှေလမ်က ရောင်းချ စားသောက်ခဲ့သည့် အမှုဖြစ်ပါသည်။ ထိုသို့ပြုလျှင် ရုံးပြင်ကနွား ရောက်ကြ ရသည်။ စလေမြို့ဝန်၏ စီရင်ချက်၌ "ရာဇပြစ်မကင်းသည့် အမဲသား စားသောက်ရောင်းကြသည့်အမှု" ဟူ၍ ခေါင်းစီးတပ်ထား၏။ ပထမအကြိမ် ဖြစ်လျှင် ပစ္စည်းသိမ်း၍ တရားဝင်ရုံးတင်ကာ ပညာပေး ဆုံးမလေ့ ရှိပါသည်။ "နောင်အရှင် အလိုတော် မရှိသည့် အမဲသားကို စားသောက်ရောင်းချ တွေ့ရှိ လျှင် ရာဇပြစ် စီရင်မည်" ဟူ၍ သတိပေး တတ်ပါသည်။

မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက် နေ့တွင် ရေတွင်းရွာနေ မိရှိင်းအား လည်းကောင်း၊ ၁၂၂၇ ခုနှစ်၊ တန်ဆောင်မုန်း

လပြည့်ကျော် ၁၁ ရက်နေ့တွင် ရွာသစ်ရွာနေ မိချိုအား လည်းကောင်း၊ နှောချောင်းရွာနေ ငဝိုင်းသမီး မိကျေးအားလည်းကောင်း အမဲသားရောင်းဝယ်မှု နှင့် ရုံးတင်၍ အရေးယူခဲ့ကြပါသည်။ မင်းတုန်းမင်းတရားကြီး၏ လက်ထက်တော်အခါ၌ နွားကိုသတ်၍ ရောင်းချစားသောက်ရန်ကို မဆိုထားနှင့် အလိုအလျောက် သေဆုံးသည့် နွား၏အသားအား ရောင်းချစားသောက် သည်ကိုပင်လျှင် မြို့ဝန်အရေးယူပိုင်သော ရာဇဝတ်မှု ဖြစ်ခဲ့သည်။ နွားခိုးမှု ဖြစ်ပွားလျှင်လည်း လက်သည် တရားခံ မပေါ်မပေါက်မခြင်း ခြေရာခံ၍ လိုက်ကြရသည်။ အမှုပိတ်၍ မရ။ နွားသူခိုး၏ ခြေရာဆုံးသည့်ဒေသ (နွားသူခိုး၏ လက်စလက်န တွေ့ရသည့်ရွာ) က နွား၏တန်ဖိုးကို စုံ၍ လျော်ကြရသည်။ နွားခိုးမှုသည် ထိုခေတ် ထိုအခါက အရေးတယူ ဖြေရှင်းရသော အမှုကြီး အမှုကျယ် ဖြစ်ခဲ့သည်။ ထို့ကြောင့် နွားသား၊ အမဲသားရောင်းဝယ်မှုအထိ အကြောင်းပြု ဆင်ခြေကန်၍ မရအောင် ဥပဒေ ထုတ်တော် ထုတ်၍ တားမြစ်ထားသည်။ ထိုဥပဒေတော်ကြောင့် နွားသားရေသည် အလိုအလျောက် ကန်သတ်ကုန် ရှားပါးကုန်ဖြစ်ခဲ့သဖြင့် မောင်ဘိုးကြည်၏ နွားသားရေ ကုန်ကူးခြင်းသည် အတော်ပင် အမြတ်အစွန်းများမည့် လုပ်ငန်း ဖြစ်ခဲ့လိမ့်မည်။

၁၂၄၇ ခုနှစ်ထိ တွေ့ရှိရသော ဦးဘိုးကြည်၏ အရောင်းအဝယ် ပုရပိုက်များ၌ နွားသားရေရောင်းဝယ်ခြင်းလုပ်ငန်းကို ရပ်ဆိုင်းခြင်းမရှိ ဆက်လက်လုပ်ဆောင်ခဲ့သည်ကို မှတ်တမ်းတင် ထားရစ်ခဲ့သဖြင့် ရတနာပုံခေတ် စီးပွားရေးစနစ်ကို တစေ့တစောင်း လေ့လာတွေ့ရှိရပါသည်။ သီပေါမင်းနန်းတက်စ ၁၂၄၁ ခုနှစ်တွင် နွားသားရေ ပိဿာချိန် ၁၀၀ လျှင် ၅၅ ကျပ်မှ ၅၇ ကျပ်

ဖြစ်ပြီး၊ ၁၂၄၆ ခုနှစ်တွင် ၈၀ ကျပ်ဈေးအထိ ခုန်တက်သွားခဲ့သည်။ စင်ပြိုင်လုပ်ကိုင်သူ နည်းပါးပြီး အမြတ်အစွန်း ခပ်မြက်မြက်ရနိုင်သည့် သေချာပေါက်လုပ်ငန်းကို ရွေးချယ်၍ ကျွမ်းကျင်စွာ လုပ်ကိုင်နိုင်ခဲ့သဖြင့် မောင်ဘိုးကြည်၏အောင်မြင်လမ်းကြောင်းမှာ ဖြောင့်ဖြူးခဲ့ပေလိမ့်မည်။ ထိုလုပ်ငန်းကို အခြေခံမတည်လျက်. ကုန်မျိုးစုံရောင်းဝယ်ရေးကို တိုးချဲ့.နိုင်ခဲ့သဖြင့် မင်းတုန်းမင်းတရားကြီး၏ နန်းစံသက် အလယ်ပိုင်းလောက်တွင် စလေမြို့အနေဖြင့်သူဌေးလေးဘွဲ့.ကို ခံယူနိုင်လောက်သည့် ကုန်သည်ကြီး ဦးဘိုးကြည်ဘဝသို့ရောက်နေတန် ကောင်းပြီဟု ယူဆရပါသည်။ သီပေါမင်း၏ လက်ထက်တွင်ဦးဘိုးကြည်သည် သူ၏အိမ်၌ ခိုင်းစေရန်အတွက် အစေခံကို ဝယ်ယူနိုင်သည့်အနေအထားသို့ ရောက်ရှိလျက်နေပြီ ဖြစ်ပါသည်။

၁၂၄၁ ခုနှစ်တွင် ငဘိုးဆင်အား ငွေဒင်္ဂါး ၁၂၅ ကျပ်ပေး၍ လည်းကောင်း၊ ထိုနှစ်အတွင်း၌ပင် ငစံငြိမ်းအား ငွေဒင်္ဂါး ၁၂၀ ကျပ်ပေး၍ လည်းကောင်း၊ ၁၂၄၅ ခုနှစ်တွင် မိလေးနှင့် မိထွေးညီအစ်မတို့အား ငွေဒင်္ဂါး ၁၄၀ ကျပ်ပေး၍ လည်းကောင်း အစေခံအဖြစ် ဝယ်ယူခဲ့သည်။ ပျက်စီးနေသောပုရပိုက်တစ်ခုအတွင်း၌ ငဘိုးလှိုင်နှင့် သောရန်တို့အား ဝယ်ယူခဲ့သည့် မှတ်တမ်းနှစ်ခုလည်း တွေ့.ရှိရသေးသည်။ ထိုသို့ ဝယ်ယူရာ၌ "မြစ်ကူးချောင်းခြား ပင်နိမ့်ပင်မြင့် စေခိုင်းပိုင်ခွင့်၊ တုတ် လက်မရွေး ဆုံးမပိုင်ခွင့်၊ သေမဆုံး ရှင်မပွား" ဟူ၍ ကတိစကားများကိုကား အသိသက်သေများနှင့် စာချုပ်ကြရသည်။ အစေခံအဖြစ် လူရောင်းလူဝယ် ပြုကြသည်ဟု ဆိုကြသော်လည်း၊ ဝယ်ရင်းငွေဖြင့်ပင် ပြန်လည်ရွေးနုတ်နိုင်သဖြင့် လူအပေါင်ခံ၊ အပေါင်ထားခြင်း သဘော

မျိုးပင် ဖြစ်ပါသည်။ (မြန်မာလူငယ်လေးများသည် မိဘများ၏ ကျပ်တည်းမှု ဆင်းရဲဒုက္ခများကို ပြေငြိမ်းစေရန်အတွက် မိမိတို့ကိုယ်ကို အစေခံကျွန်အဖြစ် အနစ်နာခံကြလေ့ရှိပါသည်။ မိဘကျေးရူးဆပ်ခြင်းပင် ဖြစ်ပါသည်။ ဝယ်ယူစေခိုင်းသူတို့မှာ အထက်ဖော်ပြပါ ကတိစကားများနှင့် ချည်တုပ် ဝယ်ယူလေ့ရှိကြသော်လည်း လက်တွေ့၌ ညှဉ်းပန်းနှိပ်စက်ခြင်း အလျဉ်းမပြုကြပါဟု၍ ရှေ့မီ၊ နောက်မီတို့က ဆိုကြပါသည်။ သနားကြင်နာစွာနှင့် ကျွေးမွေးလျက် စေခိုင်းတတ်ကြသည်ဟု ဆိုပါသည်။ အကြောင်းမှာ ဗုဒ္ဓသာသနာ၏ အဆုံးအမနှင့်အညီ ကျင့်ကြံကြသောကြောင့် ဖြစ်ပါသည်။)

စီးပွားရေးစနစ်ကို ခေတ်မီစေလိုသော မင်းတုန်းမင်တရားကြီးသည် ၁၂၃၀ ခုနှစ်တွင် အနောက်နိုင်ငံကုမ္ပဏီများကဲ့သို့ သူဌေးသူကြွယ်ကုန်သည်များအား အသင်းစုဖွဲ့စေလျက် ကူးသန်းရောင်းဝယ် ခွင့်ပြုခဲ့ပါသည်။ အရင်းတော်ငွေများကိုပင် မတည် ပေးတော်မူခဲ့ပါ၏။ သီးနှံပေါ် ပေး၊ ငွေကြိုပေး၍ ချုပ်ကိုင်ကာ ကူးသန်းရောင်းဝယ်စေလေ့ရှိသော ရိုးရာစီးပွားရေးစနစ်အတွင်း၌ မင်းတုန်းမင်းတရားကြီး စေတနာသည် သဲထဲရေသွန်ပမာ အရာမရောက်ခဲ့ပေ။ ရိုးရာစီးပွားရေးစနစ်အတွင်း၌ မင်းတုန်းမင်းတရားကြီး အထောက်အပံ့ခံ သူဌေးသူကြွယ်အသင်းသားများအတွက် လယ်ယာထွက်ကုန်များကို လိုသလောက် ဝယ်ယူ၍ မရခဲ့ချေ။ ထိုအသင်းအဖွဲ့များအတွက် အရင်းတော်ငွေ ထုတ်ပေးမတည်ခဲ့သော်လည်း ဒေသအပိုင်းအခြားအလိုက် လက်ဝါးကြီးအုပ်ကာ ကူးသန်းရောင်းဝယ် ခွင့်ပြုရသည့်အတွက် အမြတ်တော်ကြေးများ အရစ်ကျ ဆက်သွင်းရန် ကြိုးပမ်းခဲ့ကြသည်။ အမြတ်တော်ကြေး ပြေလည်ရေးကိုသာ

ရှေ့တန်း တင်ခဲ့ကြသဖြင့် ထွက်ကုန်များကို အလုံအလောက် ဝယ်ယူ မရရှိခဲ့ခြင်း ဖြစ်ပါ၏။

သူဌေးသူကြွယ်များ အသင်းအဖွဲ့သည် လယ်ယာထွက်ကုန်ရောင်းချသူများနှင့် ဒေသခံကုန်သည်ငယ်များထံမှ အချိုးကျအမြတ်တော်ကြေး သတ်မှတ်လျက် ရောင်းဝယ်ကြသဖြင့် လယ်ယာထွက်ကုန်များကို ချုပ်ကိုင်ထားကြသူ ဒေသခံကုန်သည်များအနေနှင့် အရောင်းအဝယ်ပြုလုပ်ရန် လက်တွန့်ခဲ့ကြသည်။ အသင်းအဖွဲ့များသည် ဒေသဆိုင်ရာ အကြီးအအုပ်တို့နှင့် ပူးပေါင်းလျက် ကုန်ထုတ်လုပ်သူများအား မရောင်းမနေရဟူ၍ အကြပ်ကိုင်ခဲ့ကြသည်။ ကြောက်၍ရောင်းရသည့် ကုန်စည်ပေါ်၌လည်း အမြတ်တော်ကြေးဟူ၍ သတ်မှတ်ကာ ဖြတ်တောက်ခဲ့ကြသည်။ ဥပမာ – စလေနယ်၌ ထန်းလျက် ပိဿာချိန် ၁၀၀ လျှင် အမြတ်တော် ၅ ကျပ် မှ ၆ ကျပ် ယူခဲ့ကြသည်။ ထိုသို့ နစ်နာခဲ့ရသည်ကို ဂိုဏ်းအုပ် ဂိုဏ်းထောက် ဆရာတော်များမှတစ်ဆင့် သုဓမ္မာသို့ပေါက်အောင် လျှောက်ခဲ့ကြရသည်။ ထိုအခါ လွှတ်တော်အတွင်းဝန်တို့က အသင်းအဖွဲ့များသို့ အာဏာဘက်၍ အဓမ္မ မရောင်းမဝယ်ရဟူ၍ တားမြစ်အမိန့် ထုတ်ပြန်ပေးခဲ့ရသည်။ မင်းတုန်းမင်းတရားကြီး၏ ဖွံ့ဖြိုးကျယ်ပြန့်စေလိုသော စီမံချက်သည် ရိုးရာစနစ်နှင့် အံမဝင်ခဲ့သေးသဖြင့် ချောမွေ့တိုးတက်ခြင်း မရှိခဲ့သည်ကို ပုရပိုက်မှတ်တမ်းများအရ လေ့လာတွေ့ရှိရပါသည်။ အထင်ရှားဆုံး သာဓကမှာ ၁၂၃၉ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်နေ့တွင် အစိုးရင်သောဝသည် ခွေးချိုနယ်ရှိ ထန်းသမား ၇ ယောက်အား "ထန်းလျက် မရောင်းမနေရ၊ ငွေယူ၍ ရောင်းရမည်" ဟူ၍ ရောင်းရမည်ဟု အဓမ္မဆိုကာ ထိပ်တုံး

ခင်ခဲ့သည့် အမှုတွဲမှတ်တမ်း ဖြစ်သည်။ မင်းတုန်းမင်းတရားကြီး နတ်ရွာစံခဲ့သောအခါ ထို ၁၂၃၀ ခုနှစ် စီးပွားရေးစီမံချက်သည် အလိုအလျောက် ပျက်ပြယ်သွားခဲ့သည် ဟူ၍ မှတ်တမ်းများအရ ကောက်ချက်ယူနိုင်သည်။

ရတနာပုံနေပြည်တော်၌ အခြေစိုက်သော သူဌေး သူကြွယ်များအသင်းအဖွဲ့ ရောင်းဝယ်ရေးစနစ်အတွင်း၌ ဦးဘိုးကြည်ပိုင် လယ်မြေ၊ ယာမြေနှင့် ထန်း တောများမှ ထွက်ကုန်များသည် လိုက်လျောညီထွေစွာ စီးဆင်းလည်ပတ်ခဲ့နိုင်လိမ့်မည်ဟု ခန့်မှန်းရပါသည်။ ထိုသို့ခန့်မှန်းရခြင်းမှာ ဦးဘိုးကြည်၏ မှုရပိုက်များတွင် ထိုသူဌေး သူကြွယ်များအသင်းအဖွဲ့နှင့် ဦးဘိုးကြည်တို့၏ အကြား၌ ပြဿနာရှိခဲ့သည်ကို မတွေ့ရှိရသောကြောင့် ဖြစ်ပါသည်။ ထိုအချိန်တွင် လိုက်လျောညီထွေမှု မရှိခဲ့ပါလျှင် ဦးဘိုးကြည်၏ လက်အတွင်း၌ရှိသော လယ်ယာ၊ ထန်းတောမြေများသည် ပြဿနာတက်နိုင်လောက်အောင် များပြားလျက်ရှိနေပြီး ဖြစ်သည်။ ထိုလယ်ယာ ထန်းတောမြေများသည် ဦးဘိုးကြည်၏ ဘိုးဘွားပိုင် မဟုတ်ကြချေ။ ငွေတိုးချေးခြင်း၊ မြေအပေါင်ခံခြင်းတို့ကြောင့် ရရှိထားသော မြေများဖြစ်ကြသည်။ ထိုလယ်ယာမြေနှင့် ထန်းတောမြေများသည် ဦးဘိုးကြည်အတွက် ပဒေသာပင်များ ပေါက်ပေးခဲ့ကြရမည်မှာ သေချာပါသည်။

ဦးဘိုးကြည်သည် လယ်ယာမြေနှင့် ထန်းတောမြေများကို အပေါင်ခံရာ၌ ပုရပိုက်စာချုပ် ချုပ်လေ့ရှိသည်။ နမူနာပြုထိုက်သော စာချုပ်တစ်ခုကို တင်ပြပါမည်။

"၁၂၄၁ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်နေ့တွင် ပဂံစုရွာနေ ကိုကျွယ်က (ဘိုးဘပိုင် လုပ်ကိုင်လျက်ရှိသော) ပုဂံစုရွာနယ်တွင်းရှိ ဂျောင်းခြန်းပင် ခေါ်

ယာကြီး ၁ ခင်း၊ ကန်ရေ ၉ လယ်တန်းကို ငွေ ၁ိ/နှုန်း၊ ဒဂါးပြားရေ ၁၀၀ နှင့် ပေါင်းစားပါစေ၊ ယစေ စလေမြို့နေ ကိုဘိုးကြည်ကို ပြောဆိုလျှင် ငှင်း ကိုကျွယ် ပြောဆိုအတိုင်း ပဂံစုနယ်အတွင်းရှိ ကြောင်းခြန်းပင် ယာကြီး ၁၊ ကန်ရေ ၉၊ လယ်ကန်ကို ငွေ ၁၀၀ ပေး၍ ပေါင်ဒါးဝယ်ရူလိုက်သီ။ နောင် ကိုကျွယ်နှင့် တကွ မွေစားတို့က ရွေးချယ်လိုလျှင် သုံးနှစ်၊ သုံးသီး စား၊သောက်ပြီးမှ ရွေးချယ် ရမည်။ အမွေစားတို့က နောင့်ယှက်ပြောဆို မင်းရှေ့စိုးထံ ခုခံပြောဆိုလျှင် ကျကုန်စရိတ်နှင့် တကွ ကိုကျွယ်က ခံပါမည်ဆို၍ စာချုပ်နှင့်ပေါင်ကာလ သိရှိသူ ကိုစံပြီ၊ ကိုရွှေလုန်း၊ စာရေး ငွေရှင်"

ဦးဘိုးကြည်သည် ရွှေပေါင်ခံရာ၌ ငွေ ၁ိ/ – ကို တစ်လလျှင် အတိုး ၂ % ဖြစ်ပြီး၊ အပေါင်လွတ် ငွေတိုးချေးရာ၌ ငွေ ၁ိ/– ကို တစ်လလျှင် အတိုး ၅ % (ငါးမူး) နှုန်းသတ်မှတ်လျက် ချေးငှားလေ့ရှိသော်လည်း လယ်ယာထန်း တောမြေများကို အပေါင်ခံရာ၌ မြေတန်ဖိုးအလိုက် အပေါင်ယူငွေအပေါ်၌ မူတည်၍ ထိုငွေများအား နှစ်အကန့်အသတ်ဖြင့် အသုံးချ လုပ်ကိုင်ခွင့်ကို အတိုး အဖြစ် ယူလေ့ယူထ ရှိပါသည်။ သီးစားခွင့် ရယူခြင်း ဖြစ်ပါသည်။

လယ်ယာမြေနှင့် ထန်းတောတို့ကို ပေါင်နှံလိုသူသည် မိမိအား ထောက်ခံ ချက်ပေးမည့်ဆိုင်ရာ သူကြီးများနှင့် သမာဓိရှိသော ရွာသားသက်သေများကို ခေါ်လာရပါသည်။ ပေါင်နှံငွေနည်းလျှင် ဦးဘိုးကြည်အား သီးစားခွင့်နှစ် အနည်းငယ်သာ ပေးရသည်။ ပေါင်နှံငွေအယူများလျှင် ဦးဘိုးကြည်အား သီးစား ခွင့်နှစ်များစွာ ပေးရပါ၏။ အနည်းဆုံး သီးစားနှစ်မှာ ၃ နှစ်အောက် မလျော့ပေ။ သီးစားခွင့်နှစ်များကို ၅ နှစ်၊ ၇ နှစ်၊ ၁၀ နှစ်မှ ၂၀ နှစ်အထိ အသီးသီး တွေ့ရှိ

ရပါသည်။ ထိုသီးစားနှစ်များကို နှစ်ဦးနှစ်ဘက် သဘောတူနိုင်ရန်အတွက် သမာဓိရှိသော ရွာသားနှင့် သူကြီးသက်သေများ ပါဝင်ကြရခြင်း ဖြစ်ပါသည်။ ထိုသို့ လယ်မြေ ယာမြေနှင့် ထန်းတောမြေများ အပေါင်ခံခြင်းနှင့် ပတ်သက်သော စာချုပ်မှတ်တမ်း ၅၄ ခုကို ဦးဘိုးကြည်၏ အရောင်းအဝယ်မှတ် ပုရပိုက်များ လေ့လာ တွေ့ရှိရပါသည်။ ပျက်စီးနေသဖြင့် တစ်ပိုင်းတစ်မျှသာ ဖတ်ရှု၍ ရနိုင်သော ပုရပိုက်များအတွင်း၌လည်း မြေပေါင်စာချုပ်များ ပါရှိနေသေးသည်ကို လေ့လာ တွေ့ရှိရပါသည်။ အပေါင်လွတ်ငွေချေးရာမှာ ပြန်လည် မဆပ်နိုင်သဖြင့် ထန်းတောမြေအား တန်ဖိုးဖြတ်လျက် ထိုးအပ်ခြင်းများကိုလည်း မှတ်တမ်းဝင်လျက် ရှိပါသည်။ ထိုသို့ ထန်းတောမြေ အစားထိုးဆပ်ရာ၌ ထန်းတစ်ပင်လျှင် ငွေဒင်္ဂါး ဒိ/– မျှသာ တန်ဖိုးသတ်မှတ် ခဲ့ကြပါသည်။

ဦးဘိုးကြည်၏ အပေါင်ခံ၍ သီးစားခွင့် ရရှိထားသောမြေများကို သူရင်းငှား (စာရင်းငှား) ချ၍ လုပ်ကိုင်စေသည့် အထောက်အထားများ မတွေ့ရှိရပါ။ မူလပိုင်ရှင်တို့အနေနှင့် မိမိတို့ပိုင်ခဲ့ဖူးသည့်မြေကို ပြန်လည်လုပ်ကိုင်လိုပါလျှင် မြေငှားခ၊ သီးစားခပေးဆောင်၍ လုပ်ကိုင်ကြရပါမည်။ ထိုသို့ လုပ်ကိုင်ခွင့်ရရန်အတွက်လည်း အာမခံ၍ စာချုပ်ကြရသည်မှာ အောက်ပါအတိုင်းပင် ဖြစ်ပါသည်။

၁၂၄၁ ခု၊ တော်သလင်းလဆန်း ၄ ရက်နေ့တွင် ကိုကျွယ်က၊ ကိုဘိုးကြည်ထံ ပေါင်ဒါးရှိ ဂြေင်းခြန်းပင် ယာကို တစ်နှစ်လျှင် အခွန်သေ ၂ဝိ/ နှင့် ၃ နှစ်အတွင်း အခြားသူသို့ အချအထားမရှိ၊ ကျွန်ုပ်သို့ချပါ ကိုဘိုးကြည်ကိုပြောဆိုလျှင် ၎င်း ကိုကျွယ်အဆိုအတိုင်း ဂြေင်းခြန်းပင်ယာကို ၃ နှစ်အတွင်း

တစ်နှစ်လျှင် ၂ဝ ဝိ/ကျနှင့်အခွန်သေချာထားသီ၊ နောင် လုပ်သားခသော် လည်းကောင်း၊ ယာရှင်ကသော်လည်းကောင်း စာချုပ်ပြက်ကွက်လျှင် တန်ငွေ ၁၀၀ ပြက်ကွက်ပေးရမည်ဆို၍ စာခြုပ်(ထား) ကာလ သိရှိသူ ကိုစံပြီ၊ ကိုရွှေလုန်း စာရေးငွေရှင်။

ဦးဘိုးကြည်အပေါင်ခံခဲ့သောမြေများမှာ စလေဝန်းကျင်၌သာမက အရှေ့ဘက်နှင့် မိုင်နှစ်ဆယ်ခန့်ကွာဝေးသော ခွေးခြိုနှင့် စီးပွားရွာအထိ တိုင်အောင် ပါဝင်ခဲ့သည်။ ယခင်စလေအပိုင် (ယခုဆိပ်ဖြူမြို့နယ်) အတွင်း ကျီးပင်၊ ချင်ထောင်၊ ကိုးထောင့်အစရှိသော နယ်မြေများ၌လည်းကောင်း၊ အနောက်တောင်ဘက် ညောင်ရွာနှင့် ဆင်ဖြူကျွန်းမြို့တောင်ဘက် သရက်ချဉ် အထိ လည်းကောင်း အပေါင်ခံမြေများ ရှိခဲ့ကြောင်းကို မှတ်တမ်းများအရ သိရှိ ရပါသည်။ မြေအမျိုးအစားများမှာ ယာမြေ၊ လယ်မြေ၊ ထန်းတောမြေနှင့် ဥယျာဉ်မြေများ ဖြစ်ကြပါ၏။ ၁၂၄၄ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်နေ့တွင် အပေါင်ခံခဲ့သည့် ဆင်ဖြူကျွန်းမြို့တောင်ဘက်၊ သရက်ချဉ်ရွာအနီးရှိ လယ်ကြီး မှာ လူ ၇၀ စိုက် ကျယ်ဝန်းပါ၏။ ထို့ကြောင့် ဦးဘိုးကြည်၏ အရောင်းအဝယ် မှတ်တမ်းများ၌ စပါးအရောင်းအဝယ်စာရင်းများ ပါရှိနေခြင်း ဖြစ်ပါသည်။ ဦးဘိုးကြည် အပေါင်ခံမြေအတွက် သီးနှံများကို ပြန်လည်ထုခွဲရုံမျှနှင့်ပင် အထွေထွေရောင်းဝယ်သော ကုန်သည်ကြီး ဖြစ်လာပါတော့သည်။ ယခင် ရှေးအခါက ကူးသန်း ရောင်းဝယ်ရေး၌ အသက်သွေးကြောပမာ အရေးပါ ခဲ့သော ဧရာဝတီ မြစ်၏ အရှေ့ဘက်ကမ်းနဖူးရှိ စလေမြို့တွင် အခြေချခဲ့သည်။ အထွေထွေကုန်မျိုးစုံ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများသည် တစ်ဟုန်ထိုး တိုးတက်လာခဲ့ပါသည်။

သီပေါမင်း၏လက်ထက်တွင် ဦးဘိုးကြည်သည် နယ်ချဲ့အင်္ဂလိပ်ပိုင် အောက်မြန်မာနိုင်ငံနှင့် ဆက်သွယ်ကူးသန်းလျက် ရှိနေပြီ ဖြစ်ပါသည်။ အောက်မြန်မာနိုင်ငံသို့ အကြီးအကျယ် တင်ပို့ ရောင်းချခဲ့သော ပစ္စည်းများမှာ ထန်းလျက်နှင့် ရှားစေးတို့ဖြစ်ပါသည်။ အောက်မြန်မာနိုင်ငံမှ ပြန်လည တင်သွင်းခဲ့သော ပစ္စည်းများမှာ ဆား၊ ငါးပိ၊ ငါးခြောက်၊ ကွမ်းသီး၊ အုန်း၊ ဆန်၊ အထည်ပိတ်အုပ်နှင့် ချည်မျိုးစုံတို့ဖြစ်ကြပါသည်။ ဦးဘိုးကြည်သည် ရတနာပုံ ခေတ် ကတည်းကပင် နယ်စပ်ကုန်သွယ်ရေးကို ထူထောင်ခဲ့ဖူးသူ အာဂလူပင် ဖြစ်ပါချေသည်။

နယ်စပ်ကုန်သွယ်ရေးသမားဦးဘိုးကြည်၏ ပုရပိုက်များ၌ ထန်းလျက် တင်ပို့ရောင်းချရေးဆိုင်ရာ စာရင်းဇယား မှတ်တမ်းများသည် အလွန်ပင် စနစ်ကျန သေချာလှပါ၏။ ၁၂၄၂ ခုနှစ် မှတ်တမ်းဝင် ထန်းလျက်ပို့စာရင်း (ပုံစံ) တစ်ခုမှာ–

## ရန်ကုန်နံပါတ် ၄၄

| | | | | | | |
|---|---|---|---|---|---|---|
| ၁၂၄၂ | ခုတကူလဆွန်း ၁၄ နေ့စကြာ်ရေမွှဲသဘော် | | | | | |
| အစုံ | ပြေမြို့ ထန်းလျက်တင် စာရင်း | | | | | |
| ၁၂၅ မူး | ထန်းလျက်ပို ၅၀ | ၁၂၆၅ | ၃ | ၂ | ၈ | ၁ |
| | မူလာကော် | | | ၃ | ၁ | ၂ |
| | ကူလီခ | | | ၁ | ၁ | |
| | ပုတ်ဖိုး | | | | ၈ | ၅ |
| | ပေါင်း | | ၃ | ၇ | ၈ | ၉ |

ပြေမြို့နံပါတ် ၅

ပုရပိုက်စာမျက်နှာ ၁ မျက်နှာလျှင် အထက်ဖော်ပြပါဇယား ၃ ခုကို အမှတ်စဉ်အရ မှတ်တမ်း ပြုစုထားသည်။ စုစုပေါင်း မှတ်တမ်းဇယား ၉၉ ခုကို လေ့လာ တွေ့ရှိရပါသည်။ ထိုမှတ်တမ်းများအရ ဦးဘိုးကြည်ထန်းလျက် တင်ပို့ ခဲ့သောအောက်မြန်မာနိုင်ငံရှိ ဒေသများမှာ ရန်ကုန်မြို့၊ ဟင်္သာတမြို့၊ မြန်အောင် မြို့၊ ညောင်တုန်းမြို့၊ ပြည်မြို့နှင့် သရက်မြို့တို့ဖြစ်ကြပါသည်။ သင်္ဘောစာရေး ကြီး ဦးရှုတံသည် ဦးဘိုးကြည်၏ ရန်ကုန်မြို့ဆိုင်ရာ ကိုယ်စားလှယ်ဖြစ်ပြီး၊ ဦးစစ်ကြည်သည် ပြည်မြို့ဆိုင်ရာ ကိုယ်စားလှယ် ဖြစ်ခဲ့သည်ကို ပေးစာ မှတ်တမ်းများအရ သိရှိရပါသည်။ အောက်မြန်မာနိုင်ငံသို့ ထန်းလျက်များ တင်ပို့ရာ၌ လှေကတ္တူကြီးများနှင့် တင်ပို့ခဲ့ခြင်း မဟုတ်ပေ။ ခေတ်မီ မီးသင်္ဘော များဖြင့် တင်ပို့ခဲ့ခြင်း ဖြစ်ပါသည်။ ဦးဘိုးကြည်၏ ထန်းလျက်များကို တင်ပို့ သယ်ဆောင်ခဲ့ကြသော မီးသင်္ဘောများမှာ–

(၁) ရတနာယာဉ်ကျော်
(၂) ရောဝတီ
(၃) စကြာရေမွှန်
(၄) တုလွှတ်ယာဉ်ပျံ
(၅) တုလွှတ်ယာဉ်ကျော်
(၆) ရွှေမြို့
(၇) သူရိယ
(၈) ရန်ကင်းတောင်
(၉) အလောင်းဘုရား
(၁၀) ရှင်စောပု
(၁၁) ရေနန်းစကြာ

(၁၂) ရှူဝံ
(၁၃) သူနန်
(၁၄) ဘရမ်
(၁၅) ပန်းသေး
(၁၆) အီဒင်
(၁၇) တာလီဖူး တို့ဖြစ်ကြပါသည်။

ဦးဘိုးကြည်၏ မှတ်တမ်းဝင်စာရင်းများအရ ၁၂၄၂ ခု၊ တန်ခူးလဆန်း ၈ ရက်နေ့မှ ၁၂၄၃ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့အထိ ၈ လ အတွင်း၌ အောက်မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချခဲ့သော ထန်းလျက်ပိုရေမှာ ၄၉၆၉ ပို ဖြစ်ခဲ့သည်။ (ထန်းလျက်ပို တစ်ပိုလျှင် ၅၂ ပိဿာနှုန်း ထည့်လေ့ ရှိသော်လည်း အမှန်မရှိပါ။) ပိဿာချိန်အားဖြင့် ၂၅၇၆၂.၅၀ ပိဿာရှိခဲ့ပါသည်။ ရောင်းချခဲ့သည့် ဈေးနှုန်းများမှာ ထန်းလျက်အသစ် ပေါ်ဦးပေါ်ဖျားအချိန်၌ (၁ ကျပ်း၅၇ပြား) ဖြစ်သော်လည်း ထန်းလျက်တုံးကာနီး နောက်ပိုင်းအချိန်များ၌ (၁ဂိ) ဈေးအထိ တိုးမြှင့် ရောင်းချခဲ့ပါသည်။ ထိုရှစ်လအတွင်း ငွေ (၄) သောင်း ကျော်ဖိုးမျှ ရောင်းချခဲ့ရသည်ကို လေ့လာတွေ့ရှိရပါသည်။

နယ်စပ်ကုန်သွယ်ရေးဥပဒေစည်းမျဉ်းများအရ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ခွင့် မျှောစာကို မြို့ရှိ အကြီးအအုပ်တို့ထံမှ ယူရပါသည်။ ထိုမျှောစာများကို အထက်မင်းလှမြို့၌ ပေးအပ်ရလေ့ရှိသည်။ ထို့ကြောင့် ဦးဘိုးကြည်သည် အထက်မင်းလှမြို့နေ ကိုပြီလပ်၊ ကိုစစ်ဟံ၊ ကိုလူကြီးတို့နှင့် အဆက်အသွယ် ရှိခဲ့ပါသည်။ ပုရပိုက်မှတ်တမ်းများအရ အောက်ကင်းနှင့် မင်းကွန်း (မြင်းကွန်း) ကင်းတို့၌ ကင်းကြေးပေးဆောင်ခဲ့ရသည်ကို လေ့လာ တွေ့ရှိရပါသည်။

ထိုသို့ အောက်မြန်မာနိုင်ငံအဝန်းတို့၌ အမှာရှိသမျှ တင်ပို့နိုင်ရန်အတွက်၊ ဦးဘိုးကြည်သည် ထန်းလျက်အကြီးအကျယ်ထွက်သည့် ဒေသများကို ချုပ်ကိုင်၍ ဝယ်ယူခဲ့ရပါသည်။ ထိုဒေသများမှာ စလေနယ်၊ ကျောက်ပန်းတောင်းနယ်၊ စဉ့်ကူနယ်၊ ပုဂံ – ညောင်ဦးနယ်၊ ကိုးထောင့် – ဆိပ်ဖြူနယ်နှင့် စလင်း – ဆိပ်ဖြူကျွန်းနယ်တို့ ဖြစ်ခဲ့ပါသည်။ ညောင်ဦးမြို့မှ ဦးမာလိန်နှင့် ဦးဘိုးမြစ်တို့ထံသို့ လည်းကောင်း၊ ဆင်ဖြူကျွန်းမြို့မှ ကိုစစ်စောထံသို့ လည်းကောင်း၊ ထန်းလျက်ဝယ်ယူရေးအတွက် အဆက်အသွယ်များ ပြုခဲ့သည်။ စဉ့်ကူနယ်၌ ထန်းလျက်ဝယ်ယူခဲ့ရာတွင် ပြုစုထားသော မှတ်တမ်းတစ်ခုအား ဖော်ပြပါမည်။

### ၁၂၄၃ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက် နေ့ကစ၍ စဉ့်ကူတွင် ဝယ်ယူ လိုက်ချိန်ရသည့် ထန်းလျက်စာရင်း

| နှန်း | | | လဆန်း | | ကုန်ချိန် | | | အဖိုးသင့် | |
|---|---|---|---|---|---|---|---|---|---|
| ၁၆ | ကိုရန်ပွင်းလှည်း ထန်းလျက်တိုက် | ၁၀ိ | ၂ | ၄ | ၄ | ၃ | ၉ိ | | ၁ဲ |
| | ကိုကျော်စံလှည်း ထန်းလျက်တိုက် | ၁၀ိ | ၁ | ၈ | ၆ | ၂ | ၉ိ | ၇ | ၁ဲ |
| | ကိုပန်းအောင်လှည်း ထန်းလျက်တိုက် | ၁၀ိ | ၁ | ၃ | ၇၅၀ | ၂ | ၂ိ | | |
| | ကိုထွန်းဦးလှည်း ထန်းလျက်ချိန် | ၁၁ိ | ၂ | ၆ | ၅ | ၄ | ၂ိ | ၄ | |
| | ကိုတိုက်လှည်း | ၁၁ိ | ၂ | ၃ | ၀ | ၃ | ၆ိ | ၈ | |
| | ကိုတုပ်ကြီးလှည်း | ၁၁ိ | ၂ | ၁ | ၇ | ၃ | ၄ိ | ၇ | |
| | ကိုလှသာလှည်း | ၁၁ိ | ၂ | ၀ | ၀ | ၃ | ၂ိ | | |
| | ကိုကျီလှည်း | ၁၁ိ | ၂ | ၁ | ၀ | ၃ | ၃ိ | ၆ | |
| | ကိုချစ်သာ လှည်းတိုက် | ၁၁ိ | ၂ | ၄ | ၃ | ၃ | ၈ိ | ၈ | ၁ဲ |
| ၁၅ | ကိုကျင်လှည်းတိုက် အစိုတိုက် | ၁၁ိ | ၁ | ၁ | ၀ | ၁ | ၆ိ | ၅ | |

ဦးဘိုးကြည်ရောင်းဝယ်ခဲ့သော ကုန်ပစ္စည်းများမှာ ဆေးရိုး၊ ရှားဆေး၊ ကွမ်းသီး၊ အုန်းသီး၊ ငါးပိ၊ ငါးရံ့ခြောက်၊ ကို၊ ထန်းလျက်၊ ငရုတ်၊ စပါး၊ ဆန်၊ ပဲမျိုးစုံ၊ နွားသားရေ၊ အထည်ပိတ်အုပ်နှင့် ရှာချည်ထုပ်မျိုးစုံတို့ဖြစ်ကြပါသည်။ သိပေါမင်းလက်ထက်လောက် ထိုကုန်ပစ္စည်းများ၏ ဈေးနှုန်းများကို ပုရပိုက်မှတ်တမ်းအရ ဖော်ပြပါမည်။

**ဆေးရိုး**

တင်း (၁၀၀) လျှင် ၆၅/– စလေအပိုင်းကျွန်းနှင့် ကိုင်းမြေကွက် ဆေးရိုးများ ဖြစ်သည်။

**ရှားစေး**

ပိဿာ (၁၀၀) လျှင် ၂၅/–၂၈/–၃၀/–

**ကွမ်းသီး**

အမျိုးအစားကိုလိုက်၍ ပိဿာချိန် (၁၀၀) လျှင် ၃၅/– ဈေးမှ ၇၅/– ဈေးအထိ ပေါက်သည်။

**အုန်းသီး**

အလုံး (၁၀၀) လျှင် ၁၁/ ၅ါး မှ ၁၂/–

**ငါးရံ့ ခြောက်**

ပိဿာ (၁၀၀) လျှင် ၄၀/– ၄၅/– ၅၅/– နှုန်း အစားစား

**ငါးပိ၊ ဆား၊ ငရုတ်၊ ပဲမျိုးစုံနှင့် ဆန်**

ပျက်စီးနေသော ပုရပိုက်များ၌ တွေ့ရှိရသဖြင့် တိတိကျကျ မဖော်ပြနိုင်ပါ။

**စပါး**

စပါးတင်း (၁၀၀) လျှင် ငွေကြိုပေး ၂၅/– ၃၀/–

**ထန်းလျက်**

၁၂၄၂ – ၄၃ ခုနှစ်အောက်မြန်မာနိုင်ငံသို့ တင်ပို့ရောင်းချသော စာရင်းများ၌ ၁၂/ ၅ါး မှ ၁၇/– အထိတက်၍ ရောင်းခဲ့ရသည်။ ၁၂၄၃ ခုနှစ်၊ ထန်းလျက် အဝယ်စာရင်းများ၌ ဈေးတက်လျက် ဝယ်ယူထားသည်ကို တွေ့ရသည်။ စဥ့်ကူထန်းလျက် ဝယ်ယူစာရင်းများ၌ ၁၄/ ၅ါး မှ ၂၄/– အထိ တိုးမြှင့်ဝယ်ယူခဲ့သည်။

**နွားသားရေ**

၁၂၄၀ – ၄၁ ခုနှစ်တွင် နွားသားရေပိဿာ (၁၀၀) လျှင် ၅၅/– ၅၇/– ပေါက်ဈေးနှင့် ဝယ်ယူခဲ့သည်။ ၁၂၄၆ ခုနှစ်တွင် ၈၀/– ဈေးပေါက်ပါသည်။

**အထည်ပိတ်အုပ်နှင့် ရှားစေးမျိုးစုံ**

ပစ္စည်းအမျိုးအမည် စုံလင်လှသဖြင့် ဦးဘိုးကြည်၏ မူရင်းမှတ်တမ်းအတိုင်း ဖော်ပြလိုက်ပါသည်။

| လရံ | နှုန်း | မတော်ရ ရှုကုံစာရင်း | ကုံ | ထောင် | ရာ | ဆယ် | ကျပ် | ပဲ |
|---|---|---|---|---|---|---|---|---|
| ၁ | ၄ | ပိတ်စိမ်းအုပ် | ၁ | – | – | – | ၄ | – |
| | ၃၁၄ | ဂျာပန်းထည်အုပ် | ၁ | – | – | – | ၃ | ၁၄ |
| | ၃၇ | နီဘား | ၁ | – | – | – | ၃ | ၇ |
| | ၃၇ | အစိမ်း | ၁ | – | – | – | ၃ | ၇ |
| | ၃၇ | စကရောင် | ၁ | – | – | – | ၃ | ၇ |
| | ၃၇ | အဝါရောင် | ၁ | – | – | – | ၃ | ၇ |
| | ၃၇ | အဝါနု | ၁ | – | – | – | ၃ | ၇ |
| | ၃၇ | ဆိပ်ဖြူရောင်ချိစုံ | ၁ | – | – | – | ၃ | ၇ |
| | ၃၇ | မလှထွန်း ချိစုံ | ၁ | – | – | – | ၃ | ၇ |
| | ၃၇ | မယ်ပု နီဘားထုပ် | ၁ | – | – | – | ၃ | ၇ |
| | | ကိုကျင်ဇ ရှုကုန်စာရင်း | | | | | | |
| | ၃၇ | အဝါနု | ၁ | – | – | – | ၃ | ၇ |
| | ၃၇ | အဝါရင့် | ၁ | – | – | – | ၃ | ၇ |
| | ၃၇ | နီဘား | ၁ | – | – | – | ၃ | ၇ |
| | ၃၁၄ | ကိုစော်ကဲ | ၃ | – | – | ၁ | ၁ | ၁၀ |
| | | ကိုသံကျော်ရှု | | | | | | |
| | ၄၁၂ | ရွှေပိတ်ကြီး | ၁ | – | – | – | ၄ | ၁၂ |
| | ၃၁၄ | ဂျာပန်ထည်အုပ် | ၁ | – | – | – | ၃ | ၁၄ |
| | ၃၁၄ | ကိုဘိုးကျော် ဂျာပန်းထည် | ၁ | – | – | – | ၃ | ၁၄ |
| | ၄ | မသိန်း ပိန်စိန်းအုပ် | ၁ | – | – | – | ၄ | – |

ဖော်ပြပါ စာရင်း၏အစွန်တွင် ရ – မရ မှတ်ချက်များ ပြုထားသဖြင့် ထိုစာရင်းသည် ဦးဘိုးကြည်ထံမှ ခေါက်ပြန်ပေးဝယ်ယူကြသူများ၏ စာရင်းပင် ဖြစ်နိုင်သည်။ ထိုစာရင်းအရ ရွှေပိတ်ကြိုးမှာ ဈေးအများဆုံး၊ တန်ဖိုးအကြီးဆုံးဖြစ်ပြီး၊ ရှာပန်းထည်ပိတ်အုပ်မှာ လူကြိုက်အများဆုံးဖြစ်ခဲ့သည်။ ပိတ်စိမ်းအုပ်မှာ ဒုတိယလိုက်ဟန်ရှိသည်။ ရှာပန်းထည်အုပ်ထက်ပို၍ ဈေးအနည်းငယ်များသည်။ ချည်ထည်များတွင် နီးပါးချည်ထုပ်သည် အဝယ်များ၊ အသုံးများဟန်ရှိသည်။

အထည်ပိတ်အုပ်၊ ချည်ထည်ရောင်းဝယ်ရေးနှင့် စပ်ဆိုင်သော အခြားမှတ်တမ်းစု နှစ်ခုကိုလည်း တွေ့ရှိရပါသေးသည်။ ထိုမှတ်တမ်း နှစ်စုအနက် တစ်စုမှာ ၁၂၄၁ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်နေ့စွဲပါ မှတ်တမ်းစု ဖြစ်ပါသည်။ တန်ဆောင်မုန်းလ၌ ကျင်းပမည့် ကျောက်ပန်းတောင်းမြို့ မြရွှေကူဘုရားပွဲတော်အပြန်တွင် ချည်ထုပ်ဖိုးငွေများကို အပြေအလည် ပေးဆပ်ပါမည်ဟု ခံဝန်ပြုထားသော စာချုပ်များ ဖြစ်ကြသည်။ ထိုခေတ်၊ ထိုအခါက မြရွှေကူဘုရားပွဲတော်မှာ အလွန်ပင်စည်ကားခဲ့သည်။ နယ်စုံမှ လာရောက်ကာ ဘုရားဖူးရင်း ကုန်ရောင်း၊ ကုန်ဝယ်၊ ကုန်ဖလှယ်လေ့ ရှိကြသဖြင့် “မြရွှေကူဈေး ဆစ်တိုင်းပေး၊ အလေးမမှန်၊ ဝယ်သူ့ကံ” ဟူ၍ပင် စာချိုးနှင့် ကျော်ကြားခဲ့ဖူးပါသည်။

“ယခုနှစ် မြရွှေကူဘုရားပွဲပြီးကာလ၊ ကြွေအောင်ချေပေးပါမည်။ ကာလငန်ရောင်းပါ”ဟူ၍ ခံဝန်ချုပ်ကြသူများမှာ ကိုအောင်သာ၊ ကိုသာတုပ်၊ ကိုဘိုးပြောင်၊ ကိုပေါ်ထွန်း၊ ကိုတိုး၊ မောင်နက်ကျော်၊ ကိုသာစံ၊ ကိုတောနှင့် ကိုခြုပ်တို့ ဖြစ်ကြပါသည်။

အထက်ဖော်ပြပါကုန်ပစ္စည်းများကိုသာမက အခြားရောင်းဝယ်သည့် ပစ္စည်းများလည်း ရှိပါသေးသည်။ "ဦးကေတု။ ကိုသံရောင်တို့နှင့် အထွက် အဝင်စာရင်း"အရ သစ်၊ ဝါး၊ သက်ကယ်၊ ကြိမ်၊ မျောတို့ကိုလည်း အောက်မြန်မာနိုင်ငံသို့ တိုးချဲ့တင်ပို့ခဲ့ကြောင်း၊ သိရှိရပါသည်။ သို့သော် သစ်တောထွက်ပစ္စည်း ရောင်းဝယ်စာရင်းဟူ၍ ဤတစ်ခုသာ တွေ့ရှိရသဖြင့် တွင်ကျယ်ခဲ့ဟန် မရှိပေ။

အထက်ဖော်ပြပါ အရောင်းအဝယ် မှတ်တမ်းများ၏ အကြားတွင် အုတ်ဝယ်ယူသည့် မှတ်တမ်းမှတ်ရာ တစ်ခုကိုလည်း တွေ့ရှိရပါသေး၏။ ၁၂၄၄ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်နေ့၌ပုဂံစုရွာနေ ကိုတာရီနှင့် ကိုလုံးတို့ထံမှ အုတ်တစ်သောင်းလျှင် ၅၃/– ဈေးနှင့် အုတ် ၅ သောင်းဝယ်ယူခဲ့သည်။ ပြန်လည်ရောင်းချရန် မဟုတ်ပါ။ အသုံးပြုရန်အတွက် ဖြစ်ပါသည်။ ၁၂၄၅ ခုနှစ်တွင် ဦးဘိုးကြည်သည် သူ၏တိုက်ကို ဆောက်လုပ်ခဲ့ပါသည်။ (ပန်းပုရုပ်စုံ ကျောင်းပေါ်၌ တွေ့ရှိရသော ပုရပိုက်များအနက် ဦးဘိုးကြည်၏ တိုက်ပုံ သဏ္ဍာန်ကို ရေးဆွဲထားသော ပုရပိုက်အား၊ အများပြည်သူတို့ လေ့လာနိုင်ရန် ပြသ ထားပါသည်။)

ဦးဘိုးကြည်၏ တိုက်သည် (၄) ပင် (၃) ခန်း ပတ်လည်အကျယ် ရှိသည့် နှစ်ထပ်တိုက်ဖြစ်ပါသည်။အရှေ့ဘက်လှည့်မျက်နှာစာယူထားသည်။ တောင်ဘက် ခေါင်းရင်းဘက်၌ တစ်ခန်းစာတစ်ထပ်အဖီ ထုတ်ထား၏။ အရှေ့ဘက် မျက်နှာစာပေါ်ထပ်၌ ဖွဲ့ထားသော လသာဆောင်သည် တောင်ဘက်အဖီ၏ အမိုးပေါ်အထိ တည်ရှိသည်။ တိုက်မအဝင်တံခါးများ၏

အထက်မုခ်ပန်းများ အကြား၌ ဦးဘိုးကြည်အမည်ကို ထည့်သွင်းရေးသားထားသည်။ ဦးဘိုးကြည်၏တိုက်မှာ ယခုအချိန်အထိ အကောင်းပကတိ ရှိသေးသဖြင့် လေ့လာနိုင်ပါသေး၏။ ဦးဘိုးကြည်အား သိမီသူ မရှိတော့ပါ။ ဦးဘိုးကြည်၏ ချွေးမဖြစ်သူ ဒေါ်ဖော့ကိုသာ မီသူများသဖြင့် "ဒေါ်ဖော့ဝိုင်း" "ဒေါ်ဖော့တိုက်" ဟူ၍ အမည်တွင်လျက် ရှိပါသည်။

ဦးဘိုးကြည်သည် ပန်းပုရုပ်စုံကျောင်းနှင့် သူ၏တိုက်ကို တစ်ပြိုင်တည်းဆောက်လုပ်ခဲ့ဟန် ရှိပါသည်။ ၁၂၄၄ ခုနှစ်တွင်ဦးဘိုးကြည်သည် သီပေါမင်းထံသွားရောက် ခစားလျက် ပန်းပုရုပ်စုံ ကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းခွင့်ပြုပါရန် လျှောက်ထားစဉ်အခါက ပြောစမှတ်တွင်မည့် အမှုတစ်ခုကိုပြုခဲ့ပါသည်။ ထိုအမှုမှာ ဦးဘိုးကြည်သည် ရတနာပုံနေပြည်တော်၌ မုန့်ပျားသလက်များကို ဝယ်ယူလျက် အဝစားခဲ့ခြင်းပင် ဖြစ်ပါသည်။ သူ၏ မိတ်ဆွေများက စလေမြို့၌ မရှိသောမုန့်၊ ရတနာပုံနေပြည်တော်၌သာရှိသည့် မုန့်များကိုသာ မသုံးဆောင်ရကောင်းလောဟု မြည်တွန် တားမြစ်ကြလေသည်၊ ထိုအခါ ဦးဘိုးကြည်သည် အပြုံးမပျက် သုံးဆောင်လျက်နှင့် "သူကြိုက်နှစ်သက်သော မုန့်ပျားသလက်ကို စလေမြို့မှာဝယ်ယူ သုံးဆောင်လျှင် အလွန်ကဲ့ရဲ့ကြသဖြင့် အောင့်အည်းနေခဲ့ရကြောင်း ထိုကြောင့် ကဲ့ရဲ့သူမရှိသည့် နေပြည်တော်၌ သဘောရှိဝယ်၍ စားရပါကြောင်း" ဝန်ခံပြောကြားခဲ့သည်။ ထိုအချိန်ဦးဘိုးကြည်သည် ကုန်သည်ကြီးအဆင့်မျှသာမက သူဌေးကြီးအဆင့်သို့ရောက်လျက်ပင်ရှိနေပေပြီ။ ရွှေတစ်ကျပ်သားလျှင် သုံးဆယ်ပေးရသောအချိန်၌ ရှစ်ဆယ်တန်သားမွေးအင်္ကျီကိုဝတ်ဆင်လျက်နေနိုင်ပြီ။ ပေါင်းသင်း

ဆက်ဆံရေး နယ်ပယ်မှာလည်း ရတနာပုံနေပြည်တော်မျှသာမက နယ်ချဲ့ အင်္ဂလိပ်ပိုင် ရန်ကုန်မြို့အထိတိုင်အောင် ကျယ်ပြောလျက် ရှိနေပါသည်။ ထက်အောက်တစ်လွှား လွှမ်းထင်ရှားသူ စာရင်း၌ ဦးဘိုးကြည်ပါဝင်လျက် ရှိနေပြီ။

ဦးဘိုးကြည်သည် လွှတ်တော်ဆိုင်ရာ အတွင်းဝန်များအနက်၊ လေ့သင်း အတွင်းဝန်နှင့် အထူးအဆက်အသွယ် ရှိခဲ့သည်။ မကွေးမြို့ပွဲခွန်ကောက်ရန် အတွက် လေ့သင်းအတွင်းဝန် လာရောက်ခဲ့စဉ်အခါက မှတ်သားထားသော မှတ်တမ်းတစ်ခုကို လေ့လာတွေ့ရှိရပါသည်။ လေ့သင်းအတွင်းဝန် မကွေးသို့ ရောက်သောအခါ မကွေးပွဲအုပ်မှာ ပွဲခွန်များကို စုဆောင်းနေဆဲဖြစ်ပါသည်။ မကွေးပွဲအုပ်ချိန်ဆောင်ရမည့် ပွဲခွန်မှာ ၁၉၀၀ိ/- ဖြစ်ပါသည်။ လေ့သင်း အတွင်းဝန်က အခွန်များကို စောင့်ဆိုင်း၍ မယူနိုင်။ ထို့ကြောင့် မကွေးပွဲခွန် ၁၉၀၀ိ/- အား ဦးဘိုးကြည်က ကြားဝင်၍ စိုက်ထုတ်ပေးထားပါရန် လေ့သင်း အတွင်းဝန်က မေတ္တာရပ်ခံခဲ့သည်။ ဦးဘိုးကြည်စိုက်ငွေများကို ၁၀ ရက်အတွင်း မကွေးပွဲအုပ်က ပြန်ပေးလိမ့်မည်ဟု ဆိုခဲ့ပါသည်။ ထိုအခါ ဦးဘိုးကြည်က လေ့သင်းအတွင်းဝန်အတွက် မကွေးပွဲခွန်များကို မဆိုင်းမတွ စိုက်ထုတ်ပေးခဲ့ ပါ၏။ သို့သော် မကွေးပွဲအုပ်က ၁၀ ရက်ကြာသော်လည်း တာဝန်မကျေခဲ့ပေ။ ထိုအကြောင်းကို ဦးဘိုးကြည်က လေ့သင်းအတွင်းဝန်မင်းထံ လျှောက်ထား ခဲ့ရသည်။ ထိုမှတ်တမ်းတစ်ခုတည်းနှင့်ပင်လျှင် ဦးဘိုးကြည်နှင့် လေ့သင်း အတွင်းဝန်တို့၏ ဆက်သွယ်ရင်းနှီးမှုကို ရိပ်စားမိနိုင်ပါသည်။ ထိုမှတ်တမ်း၌ ဦးဘိုးကြည်က လေ့သင်းအတွင်းဝန်အား "ကိုးစားရင်းရှင်" ဟု သုံးနှုန်းထားပြီး

အခြားမှတ်တမ်းတစ်ခု၌မူ "အရှင်မှာထားတော်မူသည့် စိန်တင်လက်စွပ်ကိုလည်း လူကြုံရှာကြုံ ပေးပို့ပါမည်"ဟု ကတိပေးထားသည်ကို လေ့လာတွေ့ရှိရပါသည်။

လှေသင်းအတွင်းဝန် ဦးရွှေမောင်မှာ သီပေါမင်း အားအထားရဆုံးသော ရဲရဲကြောင်းမိုလ်ချုပ် ဖြစ်ခဲ့ပါသည်။ ခေတ်နှင့်မလျော်ညီတော့သဖြင့် အင်အားချည့်နဲ့နေသော ပဒေသရာဇ်စီးပွားရေးစနစ်၏ သားကောင်များ ဖြစ်ကြသော တားပြ ၃၀၀၀ ကျော်ခန့်နယ်ချဲ့ဆန့်ကျင်ရေး တော်လှန်ရေး သမားများအဖြစ် ပြောင်းလဲလာအောင် စည်းရုံးခဲ့သူ ဖြစ်ပါသည်။ လှေသင်းအတွင်းဝန်သည် တတိယမြန်မာအင်္ဂလိပ်စစ်ပွဲ၌ မြင်းခြံမှနေ၍ အစွမ်းကုန် ခုခံခဲ့သည်။ ကင်းဝန်မင်းကြီး၏ "ခုခံလျှင်သူပုန်" ဟူသည့် ကြေးနန်းစာရောက်သည် အထိပင် နယ်ချဲ့တို့အား ခုခံခဲ့သည့် မျိုးချစ်တော်လှန်ရေးသမားစစ်စစ် ဖြစ်ခဲ့ပါသည်။ လှေသင်းအတွင်းဝန်အတွက်ဆိုလျှင် အကူအညီလက်မနှေးတတ်သည့် ဦးဘိုးကြည်သည် ၁၂၄၇ ခုနှစ်တွင် တားပြတိုက်ခဲ့ရသောအခါ လှေသင်းအတွင်းဝန်ထံသို့ လှမ်းအကူညီ တောင်းခံခဲ့ရသည်။ ထိုသို့လွှတ်တော်အတွင်း အမာခံကျောထောက်နောက်ခံ ရှိခဲ့သဖြင့် တားပြမှုပေါ်ပေါက်ရေးအတွက် ၅ မြို့ဝန်ကိုယ်တိုင်ဆင်း၍ ဖော်ထုတ်ခဲ့ရခြင်း ဖြစ်ပါသည်။

ဦးဘိုးကြည်အရောင်းအဝယ် မှတ်တမ်းများကို ၁၂၄၇ ခုနှစ်၊ တော်သလင်းလအထိသာ တွေ့ရှိရပါသည်။ သီတင်းကျွတ်လတွင် စစ်ကြေညာခဲ့ပြီး နယ်ချဲ့တို့နှင့် တတိယအကြိမ် စစ်ဖြစ်ပွားခဲ့ရသည်။ တန်ဆောင်မုန်းလတွင် ပါတော်မူခဲ့ရပြီးနောက် တစ်မျိုးသားလုံး နယ်ချဲ့ဆန့်ကျင်ရေး တိုက်ပွဲဝင်ခဲ့ကြ

သဖြင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများသည် အကန့်အသတ်အားဖြင့် ရပ်ဆိုင်းခဲ့ရ ပေလိမ့်မည်။ ထို့ကြောင့် ထိုနှစ် တော်သလင်းလမှ အစပြု၍ ဦးဘိုးကြည်၏ အရောင်းအဝယ်မှတ်တမ်းများကို မတွေ့ရှိရတော့ခြင်း ဖြစ်ပါသည်။ ထိုအချိန်သည် ပုရပိုက်စာမျက်နှာများပေါ်၌ သမိုင်းရေးသောခေတ် ကုန်ဆုံးခဲ့သည့်အချိန် ဖြစ်သည်ဟု ဆိုနိုင်ပါသည်။

သူ့ကျွန်ဘဝ၌ ရေးသားသိကုံးခဲ့သော ဦးဘိုးကြည်၏ ကောင်းမှုတော် စာတမ်းသည် ရတနာပုံခေတ်ပိုင်းဆိုင်ရာ ဦးဘိုးကြည်သမိုင်းကို အထောက် အကူပြုလျက် ရှိသဖြင့် မှတ်တမ်းတင် ဖော်ပြလိုက်ရပါသည်။

"သက္ကရာဇ် ၁၂၅၄ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်နေ့ နံနက် ၈ နာရီအချိန် တွင် မင်္ဂလာဖွင့်၊ ရင်စွာမြင့်သော်၊ တောင်မြင့်တောင်တကာ၊ တောင်ထက် သာသား၊ တောင်သာဇာတိ၊ ရွှေညာရှိလျက်၊ နံ့သိဂုဏ်တက်၊ လွန်စုံမက်၍၊ ချစ်မညီသည့်၊ သမီးမယ်စောမျှ၊ သားလှဘဖေ၊ ဘငွေ၊ ဘကျွေ၊ ဘဇံဆွေစပြု၊ မျှတစုတို့၊ လှူမှုခြင်းရာ၊ အကြင်းရှာမူ၊ တောင်သာကျောင်းတစ်၊ ၁၃ နှစ်တည် ၁၇ ချိန် ကထိန်လှူရာ၊ ၂၀ ကြိမ်သိုက်မြိုက်၊ တိုက်ပိဋကတ်၊ အင်္ဂုဇရပ်တစ်ဖုံ၊ အာရုံခံတန်ဆောင်း၊ ၃၀ ညောင်းသော်၊ ကျောင်းကြီးသုံးထပ်၊ ပြာသာဒ်စနှ၊ နှစ်ခုဘောဂတ်၊ ဇရပ်နှစ်သွယ်၊ ၃၂ တော်ခေတ်ကံရာ၊ ရှည်ဝါဝယ်၊ ဂုံးပါအစုံ၊ အိမ်တော်ပုံကျောင်း၊ ၄င်းတို့နောက်၊ သာစုံပဒေ၊ ပင်ရေဆတ္တိသ၊ ဖလ်စေတီ လျှောက်၊ ကြည့်ကျောက်လုပ်တု၊ ဆင်းတုမည်ဆို၊ ဗိရိစာတိုက်၊ သိုက်မြိုက် ရွှေစာ အင်္ဂါတစ်ထောင်ကျော်၊ ကျော် ၉ နှစ်မောက်၊ ၃၀ လောက်တွင်၊ ရှင်ဂေါတမ၊ မည်ရဘွဲ့ခံ၊ စေတီပြန်ကို၊ ထပ်မံကြိုးအောင်၊ ၄၀ ဖိနပ်၊ ပတ်လည်

ဝိုက်သိုင်း၊ တံတိုင်းဇရပ်၊ အုတ်ပြသာဒ်တတန်၊ ရေကန်တသင်း/ ရေတွင်း တံခွန်တိုင်၊ မီးတိုင်ထွန်းရန်၊ ဖလ်ပဒေသာ၊ အစဖြာ၍ များစွာကောင်းမှု ကျွန်ုပ်တို့ပြုအံ၊ လှူမှုကော၊ နိဗ္ဗာန်တုပ်ချောက်၊ ရောက်လိုသော် ”

နိဗ္ဗာန်မရ၊ ဘဝကြီးငယ်၊ အသွယ်သွယ်၏ အပယ်ကင်းလွတ်ပါလိုသော်၊ မရှိမလှ၊ မရှားပါး၊ ဘဝများဝယ်၊ မကျက်ကင်းလွတ်ပါလိုသော်၊ ကိုယ်မပေးက မည်သူမျှသည်၊ မရမယူနိုင်စေသော်၊ ကျွန်ုပ်တို့ပြုသည်၊ ကောင်းမှုကြည်ဖြူ၊ အမျှယူ၍၊ သာဓုခေါ်စေသတည်း။

# ၄။ ဓားပြတိုက်ခံရခြင်း

မြန်မာသက္ကရာဇ်၁၂၄၄ ခုနှစ်တွင် စလေမြို့ရှိ ပန်းပုရုပ်စုံကျောင်းဒါယကာ ဦးဘိုးကြည်အား ဓားပြတိုက်ခံခဲ့ရသည်ကို ပါးစပ်ရာဇဝင်များအရ သိရှိခဲ့ရသော်လည်း အထောက်အထားအဖြစ်မှတ်တမ်း တစ်စုံတစ်ရာမျှမတွေ့ရှိရသဖြင့် ပုံပြင်အလား အမှတ်ထားခဲ့ရပါသည်။ သို့သော် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် လာရောက်ခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ၏ခရီးစဉ်၌ ပန်းပုရုပ်စုံ ကျောင်းတော်ကြီးအား နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး လက်တွဲလျက် ပြုပြင်ထိန်းသိမ်းမွမ်းမံကြရန်နှင့် စလေဦးပုည၏ အထိမ်းအမှတ်ပြတိုက် ဖွင့်လှစ်ကြရန်လမ်းညွှန်မှုပေးခဲ့သဖြင့် ကျောင်းပေါ်ရှိ စာတိုက်သေတ္တာများကို ဖွင့်လှစ်လေ့လာခွင့် ရရှိခဲ့ရပါသည်။ ထိုအခါစာတိုက်များအတွင်း၌ ကျောင်းဒါယကာ ဦးဘိုးကြည်အား ဓားပြတိုက်ခံရခြင်းနှင့် ပတ်သက်သည့် လက်ရေးကြမ်းမှတ်တမ်းများ ပါရှိသော ပုရပိုက်သုံးဆူကို အမှတ်မထင် တွေ့ရှိခဲ့ရပါသည်။ ထို့ကြောင့် ဦးဘိုးကြည်အား ဓားပြတိုက်ခံရခြင်းနှင့် စပ်လျဉ်း၍ ဆိုခဲ့သော ပါးစပ်ရာဇဝင်သည် ပုံပြင်တစ်ပုဒ်မျှသာ မဟုတ်ကြောင်း ကျွန်ုပ်တို့သိရှိခွင့်ရပါတော့သည်။

အဆိုပါ ပုရပိုက်မှတ်တမ်းများ၌ –

(၁) တားပြတိုက်ခံရကြောင်း လျှောက်ထားစာ

(၂) အစ်ကို ကိုဘိုးသစ်ထံသို့ တားပြတိုက်ခံရကြောင်း အကြောင်းကြားစာ

(၃) တားပြတိုက်ရာပါပစ္စည်းများစာရင်း

(၄) တားပြမှုဖော်ထုတ်ရေးနှင့် တိုက်ရာပါပစ္စည်းများပြန်လည် ရရှိရေး အတွက် ပေးစာ (၁၂) စောင်နှင့်

(၅) တားပြထောက်လှမ်းခ အငြင်းပွားမှု ဖြန်ဖြေစာ (၃) စောင်တို့ ပါဝင်သည်။

တားပြတိုက်ခံရကြောင်း လျှောက်ထားစာမှာ မည်သူမည်ဝါထံသို့ ရည်ညွှန်းကြောင်း ဖော်ပြမထားသော်လည်း မြင်းခြံမြို့နေ အစ်ကိုကိုဘိုးသစ် ထံသို့ တားပြတိုက်ခံရကြောင်း အကြောင်းကြားစာနှင့် အချက်အလက်အားဖြင့် တစ်သဘောတည်းဖြစ်သည်။ လျှောက်ထားစာမှာ လုပ်ငန်းစဉ်အတိုင်း ဆိုလိုရင်းကို တိုတိုတုတ်တုတ် ရေးသားထားပြီး အစ်ကိုကိုဘိုးသစ်ထံ ပေးစာ၌မူ သူ၏ ခံစားချက်များကိုပါ ထည့်သွင်း ရေးသားထားသည်။

အဆိုပါ စာနှစ်စောင်အရ ယခုလဆန်း (၈) ရက်နေ့ နံနက် (၇) နာရီချိန်တွင် စတင်၍ စလေမြို့ရုံးအစိုးရထားသူ (၅) မြို့ဝန် စာရေးကြီး ဦးသာရံအား ဖမ်းဆီးပြီး တားစားခံပြုလုပ်ကာ ဦးဘိုးကြည်၏တိုက်ကို ဝိုင်းဝန်းလျက် စီးနင်းခဲ့ကြကြောင်း သိရှိရပါသည်။ သေနတ်၊ ဓား၊ လှံများစွဲကိုင်ထားကြသည့် တားပြအင်အား များပြားလှသဖြင့် မြို့ကူလူမရှိဟု ဆိုထားပါသည်။ ထိုသို့ ကူညီသူမရှိ ဝိုင်းတံခါး၊ အိမ်တံခါးပိတ်ကာ ပုန်းလျှိုးချောင်းကြည့် နေကြသည့် အခြေအနေ

သည် ထိုခေတ်၊ ထိုအခါက မကြာခဏ ဖြစ်ပွားလေ့ရှိသော ပြည်သူတို့ လက်ရှောင်လေ့ရှိကြသည့် ပဒေသရာဇ်အချင်းချင်း လုပ်ကြံပွဲများနှင့် တူညီနေသဖြင့် အရေးတော်ကဲ့သို့ ပြုလုပ်၍ ဓားပြတိုက်ကြသည် ဟူ၍ ဦးဘိုးကြည်က မှတ်တမ်းတင်ခဲ့သည်။

ဓားပြတို့က တိုက်တံခါးကို လှပ်ပေးလျှင် အသက်ကို ချမ်းသာပေးမည်။ ပစ္စည်းကိုသာယူမည်။ တိုက်တံခါးကို လှပ်မပေး၍ သူတို့လုပ်၍ ဝင်ရလျှင် အသက်ကို ချမ်းသာမပေးနိုင်ဟူ၍ ခြိမ်းခြောက်ကြသည်။ ဓားစားခံ (၅) မြို့ဝန်စာရေးကြီး သူ့အနေဖြင့်ဘာတစ်ခုမျှ တတ်စွမ်းနိုင်သော အခြေအနေမရှိတော့၍ တိုက်တံခါးကိုသာ အကြည်အသာလှပ်ပေးပါရန် ပန်ကြားခဲ့ပါသည်။ သို့သော် ဦးဘိုးကြည်က ဆက်လက်၍ တံခါးပိတ်ခုခံခဲ့သည်။

“မြို့ကူလူမရှိ”ဟူသောအသုံးအနှုန်းသည် အဓိပ္ပာယ်မှာ အလွန် တာသွားသော အသုံးအနှုန်း ဖြစ်သည်။ မြန်မာရိုးရာဓလေ့သည် ပေါ်ပေါက်လာသော သာရေးနာရေးများ၌ တစ်ဦးနှင့်တစ်ဦး အကူအညီ မတောင်းခံသော်လည်း ပေးကြမြဲ ဖြစ်ပါသည်။ ထိုဓလေ့ကို ဖောက်ဖျက်၍ အကူအညီ မပေးပါက အပြစ်ပေးခံရတတ်သည်။ ထိုစနစ်နှင့် ပတ်သက်သော အစောဆုံး အထောက်အထားမှာ ပဒုံမင်း၏ အမိန့်တော်များ၌ လေ့လာတွေ့ရှိနိုင်ပါသည်။ [၁၀၁၂–၁၀၁၃ (ရှေးဟောင်း) ၁၁၇၃ ခု၊ တပို့တွဲလဆန်း (၁) ရက်နေ့ (၁၂ –၃–၁၈၁၂) နားခံစမြောင်မှူတွင်ပြန်]

“တောင်ဘက်တိုက် ဝန်အိမ်သို့ ညဉ့်အချိန် တက်ရောက်ခိုးယူသည့် အမှုမှာ အရပ်အနေလူတို့ မကူမညီ မဖမ်းဆီးသောကြောင့် သူခိုးမမိလွတ်ရသည့်

ဖြစ်သည်။ ခိုးယူရပါသမျှကို ဥစ္စာရှင်အမှန်ဆိုစေ။ ဆိုဝံ့သမျှ ဥစ္စာရပ်ကို သွေးကြီးသွေးဆော် အရပ်သားတစ်စုတို့က လျှော်စေ၊ သေနတ်ကင်း အစောင့် အနေလူတို့ကို (၅) ချက်စီရိုက်၊ တောင်ဘက်တိုက်ဝန်မှာလည်း မှူးမတ် ဖြစ်လျက်နှင့် သူခိုး (၁၀) ကျော်အိမ်သို့ တက်ရောက်သည်ကို မိအောင် မဖမ်း မဆီးနိုင် ဖြစ်သည်။ တိုက်ဝန်အရာကနုတ်။ တောင်ဝန် အဆောင်အရွက် ဗောင်း၊ ဝတ်လုံစလွယ်များကို နုတ်။ တိုက်စာရေးအရာနှင့်ပါ ထမ်းရွက်စေ။" မြို့ကူလူမရှိ ဟူသောအသုံးအနှုန်းသည် အဝိပ္ပာယ်မှာအလွန် တာသွားသော အသုံးအနှုန်း ဖြစ်ပါသည်။ မြန်မာရိုးရာဓလေ့သည် ပေါ်ပေါက်လာသော သာရေးနာရေးများ၌ တစ်ဦးနှင့်တစ်ဦး အကူအညီ မတောင်းခံသော်လည်း ပေးကြမြဲ ဖြစ်ပါသည်။ ထိုဓလေ့ကိုဖောက်ဖျက်၍ အကူအညီ မပေးပါက အပြစ်ပေး ခံရတတ်သည်။ ထိုစနစ်နှင့်ပတ်သက်သော အစောဆုံး အထောက် အထားမှာ ပဒုံမင်း၏ အမိန့်တော်များ၌ လေ့လာတွေ့ရှိနိုင်ပါသည်။ [၁၀၁၂– ၁၀၁၃ (ရှေးဟောင်း)၊ ၁၁၇၃ ခု၊ တပို့တွဲလဆန်း (၁) ရက်နေ့ (၁၂–၃–၁၈၁၂) နားခံစမြောင်မှုတွင်ပြန်] ဟူ၍ လေ့လာတွေ့ရှိရပါသည်။ မြန်မာဓလေ့ကို ဖောက်ဖျက်သဖြင့် မြို့ရွာနေလူထုကိုအပြစ်ပေးသကဲ့သို့ ကာယကံရှင်အနေ ဖြင့်လည်း မိမိ၏အရေးကိစ္စ၌ စွမ်းစွမ်းတမံ ခုခံ ဆောင်ရွက်ခြင်း မရှိပါကလည်း အပြစ်ပေး ခံရတတ်သည်။ ထို့ကြောင့် ဦးဘိုးကြည်အား မြို့ကူလူမရှိသော် လည်း သူ့အနေဖြင့် တတ်နိုင်သမျှ ခုခံခဲ့ကြောင်း အသေးစိတ် မမေ့မလျော့ တင်ပြရခြင်း ဖြစ်သည်။

ထိုအခါ ဓားပြတို့က တိုက်၏ အရှေ့ဘက်မျက်နှာစာရှိ လသာဆောင်ပေါ်သို့ အကြောက်အလန့်မရှိ တင်းတင်းခိုင်ခိုင် တက်ရောက်ကာ မီးရှို့မီးတိုက်ကြမည် ပြုလုပ်ကြသဖြင့် ဦးဘိုးကြည်ခမျာ မာန်လျှော့လိုက်ရတော့သည်။ မီးရှို့မီးတိုက်ခံရမည်ဆိုပါက တိုက်အတွင်းလှေကားနှင့် အပေါ်ထပ်ကြမ်းပြင်၌ လျှို့ဝှက်တပ်ဆင်ထားသော အဖုံး (လေး) ခုမှ တစ်ဆင့် ကူးနိုင်ရုံမှတစ်ပါး အခြားကယ်ပေါက် မရှိတော့သဖြင့် ဓားပြတို့အား သဘောရှိ ခွင့်ပေးလိုက်ရခြင်း ဖြစ်ပါသည်။

ဓားပြလက်ပါပစ္စည်းများကို ပုရပိုက်မှတ်တမ်းပြုစုထားခဲ့သည်။ ထိုစာရင်းကို ဦးဘိုးကြည်၏ လက်ရေးမူအတိုင်း မိတ္တူမှန်ဖော်ပြလိုက်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ငွေတီတစ်ရပ် | ၃၇၀၀ | |
| ၂။ | တစ်ရပ်ငွေ မူးစိ မတ်စိ ဒင်္ဂါးပါ | ၁၅၀၀ | ကန့်မိမ္မမြား၌ စုစုထားပစ္စည်း |
| ၃။ | ရွှေခြိမ်အထည်စု ၃၂၀ ကန့် | ၁၀၀၀၀ | ကန့်အဖိုးတန် |
| ၄။ | ငွေတီဖလားထုတ်ဘူးငွေ စွန်အစုစု | ၁၃၀ | |
| ၅။ | စိန်ကင်လက်စွတ်ကျောက်နီတင် လက်စွတ်အဖိုးတန်ငွေ | ၃၀၀၀ | ကြော် |
| ၆။ | သူများပေါင်နှံထားရွှေခြိမ် ၂၀ ကြော် | ၆၀၀ | |
| ၇။ | လွန်းပုဆိုးထီရေ ၂ | ၁၆၀ | တီ |
| ၈။ | ပုံဆိုးထီရေ ၄ | ၅၀ | တီ |
| ၉။ | ရွှေကြည်တပ်အင်္ကျီ ၂ | ၅၀ | တီ |
| ၁၀။ | သားမွေး အင်္ကျီ ၁ | ၈၀ | တီ |

| | | |
|---|---|---|
| ၁၁။ ပိုး အင်္ကျီ ၂ | ၂ဝိ | တိ |
| ၁၂။ ပိတ်အင်္ကျီထီရေ ၁၅ | ၁၅ိ | |
| ၁၃။ ပန်းတိမ်ခြေစွပ် ၂ | ၅ိ | |
| ၁၄။ ယောကျ်ားစီးဘိနပ် ၅ | ၅ိ | |
| | ၁၉၄၁၅ိ | |

**မိမ္မမြား ပစီး**

| | | |
|---|---|---|
| ၁။ ထမိစုံ ၄၀ ကြော်ငွေ | ၃၀ဝိ | တိ |
| ၂။ အင်ကြီစုံ ၃၀ | ၇၅ိ | |
| ၃။ ပဝါစုံ ၁၅ | ၅ဝိ | |
| | ၄၂၅ိ | |

ဦးဘိုးကြည်က စာရင်းနှင့် ရပ်ပေါင်းအား ၁၉၈၂၅ိ/– ဟူ၍ဖော်ပြထာသည်။ အမှန်မှာ ၁၉၇၂၅ိ/– သာလျှင် ဖြစ်ပါသည်။ ထိုစာရင်းအရ ဓားပြများလက်သို့ ၂၀၀၀ဝိ/– ကျပ်နှစ်သောင်းဖိုးခန့် ပါသွားသည်ဆိုရပေမည်။ ဓားပြတိုက်ခံရကြောင်း လျှောက်ထားစာ၌ “အဖိုးတံ ၂၀၀၀၀၀ ကြော်” ဟူ၍ ရေသားထားပါသည်။ ကျပ်နှစ်သောင်းကျော်ဟူ၍ ခန့်မှန်းရေးသားရာ၌ တုန်လှုပ်ချောက်ချားနေစဉ် အသော့ရေးလိုက်ရသဖြင့် သုညတစ်လုံး ပိုသွားဟန်ရှိသည်ဟု ယူဆနိုင်ပါသည်။ ထို “ကျပ်နှစ်သိန်းကျော်” အစား စာရင်းအချက် ခိုင်လုံသော “ကျပ်နှစ်သောင်းဖိုးခန့်” ဟူ၍ ယူလျှင် ပို၍ သင့်မြတ်ပါမည်။ ရွှေတစ်ကျပ်သားလျှင် ကျပ် (၃၀) မျှသာရှိသော ရတနာပုံခေတ်အခါက ကျပ်နှစ်သောင်းသည် ယခုခေတ် ဈေးနှုန်းများအရ နည်းနည်းနောနော မဟုတ်ပါချေ။ သူ့ခေတ် သူ့အခါတွင်လည်း တန်ဖိုးအလွန်တရာ များပြားလျက်ရှိရာ ထို

ပစ္စည်းများနှင့် ပတ်သက်သော သူ၏ခံစားချက်အား မြင်းခြံမြို့နေ အစ်ကို ကိုဘိုးသစ် ထံပေးစာ၌ ဖွင့်ဟထားသည်။ "ဓားပြတိုက်ပစ္စည်း များပြား ရှိလှသောကြောင့် တစ်ကြောင်း၊ လောကဓံတရားကို မလွန်ဆန်နိုင်၊ တရားနှင့် ကြံသော်လည်း မဖြေချနိုင်၊ လောဘအတွက် ဒုက္ခရောက်နေကြောင်း၊ အစ်ကို မှတစ်ပါး အားကိုးစရာ မရှိပါကြောင်း" အစရှိသည်ဖြင့် အားကိုး တိုင်တည် ရေးသားထားသည်ကို ဖတ်ရှုရပါသည်။

ဦးဘိုးကြည်နှင့်မိသားစုမှာ အသက်ချမ်းသာရာ ရခဲ့သော်လည်း ဓားစာခံအဖြစ် ဖမ်းဆီးခြင်းခံခဲ့ရသူ (၅) မြို့ဝန်စာရေးကြီး ဦးသာရုံမှာမူ ဓားပြတို့၏ သတ်ဖြတ်ခြင်းကို ခံခဲ့ရရှာသည်။ ဓားပြတို့သည် (၅) မြို့ဝန်စာရေးကြီးအား အပြန်လမ်းအတွက် ဓားစာခံအဖြစ် ဆက်လက်၍ ခေါ်ယူသွားပြီးနောက် စလေမြို့၏ အရှေ့ဘက် ခုနစ်မိုင်ခန့်ကွာဝေးသော ဆင်မကြပ်တောင်ကြားလမ်း အနီးရှိ ထနောင်းပင်ကြီးအောက်၌ ကိစ္စပြီး နှုတ်ပိတ်ခဲ့ကြသဖြင့် ထိုထနောင်း ပင်ကြီးအား "စာရေးကြီးထနောင်းပင်" ဟူ၍ ယနေ့တိုင်ခေါ်ဝေါ်ကြဆဲ ဖြစ်ပါသည်။ ထို့ကြောင့် ကာယကံရှင် ဦးဘိုးကြည်အနေဖြင့် စိတ်ဓာတ်ကျကာ ချောက်ချား တုန်လှုပ်နေမည်ပင် ဖြစ်သည်။

မင်းတုန်းမင်းတရားကြီးနှင့် စိန်တုံးမိဖုရားကြီးတို့၏ အကိုးကွယ်ခံ ဥမင်တောရ သုဓမ္မာမြို့မ ဂိုဏ်းထောက်ဆရာတော်ကြီးအား ပန်းပုရုပ်စုံ ကျောင်းတော်ကြီး ဆောက်လုပ်၍ လှူဒါန်းခဲ့သူ ဦးဘိုးကြည်သည်လည်း သီပေါမင်းထံ ဝင်ရောက်ခစားဖူးသူ ရတနာပုံနန်းတွင်းသို့ ပေါက်ရောက်သူတစ်ဦး ဖြစ်ခဲ့သဖြင့် ဓားပြမှုကိုဖော်ထုတ်ရန်အတွက် မြင်းခြံ (၅) မြို့ဝန်ကိုယ်တိုင် အရေးတယူ ကြပ်မတ်ခဲ့ရပါသည်။

တားပြမှု အမြန် ပေါ်ပေါက်ရေးအတွက် ဦးဘိုးကြည်သည် ထောက်လှမ်းသူ နှစ်ဦးကို အခကြေးငွေပေး၍ ငှားရမ်းခဲ့ပါသည်။ ထိုသူနှစ်ဦးမှာ ကိုရွှေစင်နှင့် ကိုပုတို့ဖြစ်ကြသည်။ သူတို့နှစ်ဦးသည် ကုန်းဘောင်ခေတ် ပုရပိုက်မှတ်တမ်းများ၌ တွေ့ရလေ့ရှိသော သူခိုးခြေရာခံသူ မြန်မာ့ရိုးရာ အလွတ်စုံထောက်များ ဖြစ်ကြသည်။ ကိုပုနှင့် ကိုရွှေစင်တို့အား ဦးဘိုးကြည်က ငါးရာကျပ်ပေးသကဲ့သို့ (၅) မြို့ဝန်ကလည်း ဆုကြေးငါးရာကျပ်ပေးမည်ဟု ကတိပေးခဲ့ပါသည်။ (၅) မြို့ဝန်၏ အမှုထမ်းများဖြစ်ကြသော လေှမင်းငစံထွားနှင့် ငရွှေမင်းတို့မှာလည်း တားပြမှုဖော်ထုတ်ရေးအတွက် ဆောင်ရွက်ခဲ့ရသည်ကို လေ့လာတွေ့ရှိရပါသည်။ သို့သော် ဦးဘိုးကြည်သည် ငရွှေမင်း၏ ဆောင်ရွက်ချက်များအပေါ် အားမလို အားမရ ရှိခဲ့ပါသည်။

ထိုသို့ အဘက်ဘက်မှ ဝိုင်းဝန်းအားထုတ်ခဲ့ကြသဖြင့် လက်သတ်တရားခံများကို ဖော်ထုတ်နိုင်ခဲ့ကြပါသည်။ ဦးဘိုးကြည်၏ ပုရပိုက်မှတ်တမ်းများအရ တပ်အပ်ကျအမည်ပါ တားပြများမှာ –

(၁) ခွေးမြို့ရွာနေ ငရမ်းအောင်

(၂) စစ္စာခံ ငပြန်

(၃) ငါးမြို့ဝန်သတ်ပစ်သော ငအပ်

(၄) ငအပ်၏တပည့် (ပင်းသုံးမြို့နယ်သား) ငအိ

(၅) ကျောက်ပန်းတောင်းမြို့နေ ငမျ

(၆) ပုပ္ပားမြောက်စောင်း ပင်ဇလပ်နယ် ထမကြီး၊ သက်ကယ်ကြဲရွာနေ ငမိတ်နှင့် လူ (၁၅) ယောက်

(၇) မိတ္ထီလာ ရှမ်းမငယ်ရွာသူကြီး၏ညီ တေမ်းကျော်တို့ ဖြစ်ကြပါသည်။

အဆိုပါမှတ်တမ်းများအရ ပေါ်ပေါက်လာသော ဓားပြအရေအတွက်မှာ ၂၂ ယောက်ဖြစ်ပါသည်။ ဓားပြတိုက်ခံရကြောင်း လျှောက်ထားစာ၏ လက်ဝဲဘက်နေရာလွတ်တွင် ဦးဘိုးကြည်ရေးမှတ်ထားသည်မှာ ဓားပြလူ ၂၃၈ ဟူ၍ ဖြစ်ပါသည်။ သုံး၏အမြီးနှင့် ရှစ်ဂဏန်းကို တစ်ဆက်တည်းသော့၍ ရေးထားပါသည်။ အစ်ကို ဦးဘိုးသစ်တို့ရေးသော စာ၌မူ "ဓားပြလူပေါင်း ၂၃ လူကိုဖမ်းအိမ်ရှိသမျှ ယူပြီးလျှင်" ဟူ၍တွေ့ရပါသည်။ ထိုမှတ်တမ်းများမှာ တုန်လှုပ်နေစဉ်ရေးသားထားသည့် လက်ရေးကြမ်းများသာ ဖြစ်ကြသဖြင့် တစ်ထစ်ချ အတည်ပြုနိုင်ရန်မှာ အလွန်ပင် ခဲယဉ်းပါ၏။ ရတနာပုံခေတ် သီပေါမင်း၏ လက်ထက်တွင် ရေဦး၊ ရွှေဘိုဌပေါ်ပေါက်နေသော ဓားပြအဖွဲ့မှာ အင်အား ရာချီလျက် ရှိခဲ့သည်ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။ သို့သော် ထောက်လှမ်းရသမျှ ပေါ်ပေါက်လာခဲ့သော မှတ်တမ်းဝင် ဓားပြများမှာ ၂၂ ဦး ဖြစ်ပါသဖြင့် ဓားပြလူပေါင်း ၂၃ ဦးမှာ ဖြစ်နိုင်ချေ နီးစပ်ပါသည်။

ပုရပိုက်မှတ်တမ်းများအရ သိရသည်မှာ ခွေးခြံသူကြီး ငကြော်ဇေရက ဓားပြတိုက်ရာ၌ ပါဝင်ခဲ့သော ငရမ်အောင်အား ဖမ်းဆီးလျက် စလေမြို့ရုံးသို့ ပို့ပေးနိုင်ခဲ့ပါသည်။ (၅) မြို့ဝန်က အဝင်လမ်း၊ အထွက်လမ်းနှင့် လမ်းလက်ခံ ကျွေးမွေးမှုအစီအစဉ်များအထိ စေ့စေ့စပ်စပ် စစ်မေးခဲ့ပါသည်။ ထိုအခါ ဓားပြငရမ်အောင်က ဓားပြအစစ်အမှန်ကို မဖော်ဘဲနှင့် ဓားပြတိုက်ရာတွင် ခွေးခြံသူကြီး ငကြော်ဇေရနှင့် အဘငရဲကင်းတို့ ပါရှိကြောင်း အစစ်ခံကာ လမ်းလွှဲခဲ့

သည်။ ထို့ကြောင့် (၅) မြို့ဝန်က ခွေးခြံသူကြီးသားအဖကို ဖမ်းဆီးခဲ့ပါသည်။ ထို့နောက် တားပြမှု၌ မသင်္ကာမှုနှင့်အညီ စီရင်မည်ပြုရာ ဂိုဏ်းထောက်ဆရာတော်နှင့် ဦးဘိုးကြည်တို့ကပင် ခွေးခြံသူကြီးသားအဖသည် တားပြမှုနှင့်အငြိအစွန်းမပါ လွတ်ကင်းကြောင်း အားမခံလျှောက်ထားကာ အချုပ်မှ လွှတ်စေခဲ့ရပါသည်။

ဆက်လက်၍ ဖမ်းမိသော အခြားတားပြများနှင့် ငရမ်အောင်ကို ထပ်မံစစ်ကြောခဲ့ရာ ငရမ်အောင်ထံမှ ပစ္စည်းငွေ ၁၂ဝိနှင့် ရှားစောင် (၁) တို့ကို တိုက်ရာပါ သက်သေခံအဖြစ် ပြန်လည် သိမ်းဆည်းရမိခဲ့ပါသည်။

ပုရပိုက်မှတ်တမ်းများအရ ထပ်မံသိရှိရသည်မှာ တားပြမှုဖော်ထုတ်ရေးအစီအစဉ်အား နေ့ရက်ကြန့်ကြာအောင် ဆောင်ရွက်ခြင်းဖြင့် ကသိကအောင့်အနှောင့်အယှက် ပြုလုပ်လာကြခြင်း ဖြစ်ပါသည်။ မသင်္ကာမှုဖြင့် အချုပ်မှ လွတ်လာခဲ့သော ခွေးခြံသူကြီး ငကြော်ဇေရက (၅) မြို့ဝန်၏ညွှန်ကြားချက်အရ တားပြများကို ဖော်ထုတ်ဖမ်းဆီးလျက်ရှိသော ပင်း (၃) မြို့ဝန်သည် တားပြစစ်ကိုမဖမ်း၊ နာမည်တူတားပြများကို ရှာဖွေဖမ်းဆီးလျက်နေကြောင်း (၅) မြို့ဝန်ထံလျှောက်ထားခဲ့ပါသည်။

ပင်း (၃) မြို့ဝန်သည် နယ်ချဲ့တော်လှန်ရေးခေါင်းဆောင် ဗိုလ်မင်းရောင် (ခ) မင်းကြီးလရောင်နှင့် ညီတော်စပ်သော ဦးမင်းမောင်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်း၏အဘေး တော်စပ်သူဖြစ်သည်။ ခွေးခြံသူကြီး၏ လျှောက်ထားချက်မှာ အကြောင်းမဲ့သော စွပ်စွဲချက်သက်သက်မျှသာ မဟုတ်ခဲ့သည်ကို ပုရပိုက်မှတ်တမ်းများအရ သိရှိရပါသည်။

ထို့အပြင် ကျောက်ပန်းတောင်းမြို့သူကြီးက ငမျနှင့် ဓားပြတချို့ကို ဖမ်းဆီးထားခဲ့ရာ ပင်း (၃) မြို့ဝန်၏ညီဖြစ်သူ ရာဇဝတ်အုပ် ငမုန်းက ငမျအား အာမခံလျက် အချုပ်မှ ထုတ်ထားခဲ့ပါသည်။ ရာဇဝတ်အုပ်ငမုန်းမှာ ဗိုလ်မင်းရောင်နှင့်အတူ နယ်ချဲ့တို့အား တော်လှန်တိုက်ခိုက်ခဲ့သည့် ဗိုလ်မုန်းဖြစ်ပါသည်။ ဗိုလ်မင်းရောင်၊ ဦးမင်းမောင်တို့နှင့် ညီဝမ်းကွဲတော်စပ်သည်။ ဂိုဏ်းဂဏများကွဲလျက် သွေးစည်းညီညွတ်မှု ပျက်ပြားလျက်ရှိသော သီပေါမင်း၏လက်ထက်၌ မျိုးချစ်တော်လှန်ရေးသမား လူတော်၊ လူကောင်းအများအပြားမှာလည်း ထိုဂိုဏ်းဂဏများအတွင်း နစ်မွန်းပတ်သက်နေကြရသည်မှာ သင်ခန်းစာယူစရာ ဖြစ်ပါသည်။ (၅) မြို့ဝန်က ငမျကိုအပ်ရန် တောင်းဆိုသောအခါ ငမျအား ပင်း (၃) မြို့ဝန်ထံသို့ပို့လျက် ဝှက်ထားကြသည်။ ထိုသို့ ပင်း (၃) မြို့ဝန်ညီအစ်ကိုတို့၏ ပြုမူချက်များကို ပင်း (၃) မြို့ဝန်၏ လက်အောက်ခံ ကျောက်ပန်းတောင်းမြို့သူကြီးက သူ၏မိတ်ဆွေဖြစ်သော ဦးဘိုးကြည်ထံသို့ သတင်းပို့ခဲ့ပါသည်။ ထို့ကြောင့် ပင်း (၃) မြို့ဝန်သည် (၅) မြို့ဝန်အားလိမ်လည် လှည့်ဖြားထား၍ နေ့ရက်ကြန့်ကြာအောင် ပြုလုပ်လျက်ရှိပါသည်ဟူ၍ အထောက်အထားခိုင်လုံစွာနှင့် စွပ်စွဲချက်ကို (၅) မြို့ဝန်ထံပေးပို့ခဲ့ပါသည်။ (၅) မြို့ဝန်အား လွှမ်းဆန်နိုင်စွမ်းရှိသော ပင်း (၃) မြို့ဝန်သည် ရတနာပုံနန်းတွင်း၌ သြဇာကြီးမားလျက်ရှိသော တိုင်တားမင်းကြီးနှင့် (ကင်းစည်) မင်းအတွင်းဝန်တို့၏ အမာခံလူရင်းဖြစ်လျက်ရှိပြီး ယခုဖြစ်ပေါ်ဆဲ ဓားပြမှုနှင့် ပတ်သက်၍ အဆက်အသွယ်မကင်းကြသည်ကို အစ်ကို ကိုဘိုးသစ်၏ ထောက်လှမ်းချက်များအရ သိရှိရသည်။

ထို့ကြောင့် ဦးဘိုးကြည်နှင့် အစ်ကိုဖြစ်သူ ဦးဘိုးသစ်တို့သည် လေ့သင်း အတွင်းဝန်မင်းထံ စာအဆက်အသွယ်ပြုကာ ဓားပြမှုပေါ်ပေါက်ရေးနှင့် တိုက်ရာပါပစ္စည်းများ ပြန်လည်ရရှိရေးတို့ကို ဆောင်ရွက်ကြသည်။ အစ်ကို ကိုဘိုးသစ်၏ ထောက်လှမ်းချက်အရ မိတ္ထီလာ ရှမ်းမယေ်သူကြီး၏ညီ တေမ်းကျော်ပါဝင်လျက် ရှိကြောင်း ထပ်မံသိရှိရပါသည်။ မိတ္ထီလာမြို့ဝန်၏ အကူအညီဖြင့် (၅) မြို့ဝန်က ရှမ်းမယေ်သူကြီးအား ဓားပြများအပ်နှံရန် ဆင့်ဆိုသောအခါ ရှမ်းမယေ် သူကြီး က အပ်နှံပါမည်ဟု ခံဝန်ပြုခဲ့ပါသည်။

သို့သော် ရှမ်းမယေ်သူကြီးက ဓားပြများကို လက်တွေ့မအပ်နှံခဲ့ချေ။ နေ့ရက် ကြန့်ကြာရန်သာ လှည့်ပတ်ခဲ့ပါသည်။ ရှမ်းမယေ် ဓားပြတချို့သည် ငွေငါးထောင် နှင့်အတူ ရွှေတဝါးတော်မြတ်အောက်သို့ ခိုလှုံသွားကြသည်ဟူ၍ ကိုဘိုးသစ်က သတင်းရခဲ့ပါသည်။ ထို့ကြောင့် (၅) မြို့ဝန်က ရှမ်းမယေ် သူကြီး ကတော်အား ဖမ်းဆီးလျက် ရှမ်းမယေ်သူကြီးကို အကြပ်ကိုင်ခဲ့ရသည်။

ထိုသို့ ရှမ်းမယေ်သူကြီးကတော်အား အကြပ်ကိုင်ဖမ်းဆီးခဲ့ရသည်ကို ကျောင်းတကာ ဦးတက်တိုးနှင့် အပြန်အလှန်ပေးပို့ခဲ့သည့် စာနှစ်စောင်အရ သိရှိရခြင်း ဖြစ်ပါသည်။ ထိုပေးစာ နှစ်စောင်အရ ဓားပြများကို လက်ရဖမ်းဆီး၍ အပြစ်ပေးနိုင်ရေးထက် ဓားပြများ၏လက်မှ တိုက်ရာပါပစ္စည်းများ အကုန်အစင် ပြန်လည်ရရှိရေးကိုသာလျှင် ဦးစားပေး ဆောင်ရွက်ခဲ့ကြသည်မှာ ထင်ရှားသိသာ လှပါသည်။ ရှမ်းမယေ်သူကြီးကတော်ကို အားမထုတ် မကြပ်မတီးစေရပါဟူ၍ ဦးဘိုးကြည်က ကျောင်းတကာဦးတက်တိုးထံ ကတိပေးထားရပါသည်။ ရှမ်းမ ယေ်သူကြီးထံမှ အပ်ငွေ ၄၀၀၀ ကျပ် ကျော်ပါလျှင် သူကြီးကတော်ကို ပြန်လွှတ်

ပေးပါမည်။ ကျန်ငွေကို တဖြည်းဖြည်း သည်ပိုးပါစေဟူ၍ ဦးဘိုးကြည်က သဘောတူထားပါသည်။ ထိုသဘောတူညီချက်များကို သူကြီးကတော်က ရှမ်းမငယ်သူကြီးထံ လူလွှတ်လျက် စာပေးခဲ့သော်လည်း ရှမ်းမငယ်သူကြီးက မနာယူခဲ့ပေ။

ပုပ္ပားမြောက်စောင်း ပင်းဇလပ်နယ် ထမကြီး၊ သက်ကယ်ကြဲရွာနေ ဓားပြ ငမိတ်နှင့် ၁၅ ယောက်အဖွဲ့ထံမှ ပစ္စည်းများပြန်လည်ရရှိရေးအတွက် ထမကြီး၊ သက်ကယ်ကြဲသူကြီး၏ အကူအညီတောင်းခံရန်နှင့် တရုတ် (တလုပ်) မြို့ဝန် မင်း၏ အကူအညီကို တောင်းခံပေးရန်အတွက် အစီရင်ခံ လျှောက်ထားခဲ့သည် ကိုလည်း မှတ်တမ်းတွေ့ရှိရသည်။ ထို့အပြင် ဖလံခြင်း သူကြီး၏ အကူအညီဖြင့် ဓားပြလက်ရောက်ပစ္စည်းများကို အရယူပါရန် ကျောင်းတကာ ဦးတက်တိုးအား ညွှန်ကြားထားပါသေး၏။

သက်ဆိုင်ရာအသီးသီးက ဓားပြတိုက်ရာပါပစ္စည်းများကို ပြန်လည် အပ်နှံခြင်း မပြုနိုင်ကြ၍ ဓားပြလက်သည်များအား ဖမ်းဆီးအပ်နှံကြမည် စီစဉ် ကြရာ ဦးဘိုးကြည်က လက်မခံခဲ့ပေ။ ထို့ကြောင့် ကျောင်းတကာ ဦးတက်တိုး ထံသို့ ပေးစာ၌ –

"လူအပ်စကားမှာ မအပ်ပါစေနှင့်တော့။ အပ်လျှင် (၅) မြို့ဝန်သဘောကျ နေပါလိမ့်မည်။ ကျွန်ုပ်တို့မှာ မြေမှာမပျက်ကျအောင် သဘောထားရန် ရှိပါသည်အတိုင်း လူကိုအပ်ပေးမရှိက တဖြည်းဖြည်းတိုးပါစေ" ဟူ၍ ဆိုထားပါသည်။

ပုရပိုက်မှတ်တမ်းတစ်ခု၌လည်း ဓားပြထံကပစ္စည်းယူရန် အလွတ်စုံထောက် ကိုပုအား စေလွှတ်ခဲ့ကြောင်း၊ ကိုပုတို့ပြန်ရောက်လျှင် မည်သည့်ပစ္စည်းကို ရခဲ့သည်ဟူ၍လည်း ကြေးနန်းပြန်စေလိုကြောင်း၊ ကိုပုတို့ ပြန်မလာသေးလျှင် စာပြန်၍ ပစ္စည်းပါအောင် လူထပ်လွှတ်စေလိုကြောင်း စသည်ဖြင့် စီမံခဲ့ပါသည်။

ငွေနှင့် ပစ္စည်းမည်မျှပြန်ရသည်ကိုမူ ပြည့်ပြည့်စုံစုံ မှတ်တမ်းပြုစုထားခြင်း မတွေ့ရှိရပေ။ တွေ့ရှိရသော မှတ်တမ်းအချို့အရ သိရှိရသည်မှာ –

(၁) ခွေးခြိုဓားပြ ငရမ်းအောင်ထံမှ ပြန်ရငွေ ... ၁၂ဝိ

(၂) ရှမ်းမငယ်သူကြီးထံ အကြပ်ကိုင်တောင်းငွေ ... ၄၀၀ဝိ

(၃) ဖလံခြင်းသူကြီးထံ အကူအညီတောင်းငွေ ... ၅၀ဝိ

(သို့) ၄၀ဝိ

စသည်မျှသာ ဖြစ်ပါသည်။ ရှမ်းမငယ်သူကြီးနှင့် ဖလံခြင်းသူကြီးထံမှ တောင်းခံထားသည့်ငွေများမှာလည်း မည်ရွေ့မည်မျှရသည်၊ မရသည်ကို မှတ်တမ်းမတွေ့ရပါ။

ထိုသို့ ဓားပြလက်ရောက်ပစ္စည်းများ ပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ချက်များကို (၅) မြို့ဝန်အား အသိပေးလျှောက်ထားခဲ့ရသည်။ ပြန်လည်ရရှိသော ပစ္စည်းနည်းပါးသဖြင့် (၅) မြို့ဝန်ထံသို့ လျှို့ဝှက်လျှောက်တင်ရသည်မှာ အဖတ်တင်ရုံသာ ရှိပါသေးသည်ဟူ၍ ကျောင်းတကာဦးတက်တိုးထံသို့ ပေးစာ၌ ညည်းထားပါသည်။ ထိုပေးစာ၌ပင် ကျောင်းတကာဦးတက်တိုးအား

ဦးဘိုးကြည်က သညာပေးခဲ့သည်မှာ “ငွေများကို ရသ၍ လှျို့ဝှက်တန်သမျှ လှျို့ဝှက်၊ ဖော်တန်သမျှ ဖော်ထုတ်ပါ” ဟူ၏။

ပန်းပုရုပ်စုံကျောင်းပေါ်၌ တွေ့ရှိရသော ကျောင်းဒါယကာ ဦးဘိုးကြည်၏ အရောင်းအဝယ်ဆိုင်ရာ ပုရပိုက်များတွင် နေ့စွဲ၊ ရက်စွဲ အတိအကျပါလေ့ ရှိပြီး လက်ရေးလက်သားမှာလည်း ကောင်းမွန်သပ်ရပ်၍ စနစ်ကျနလှပါသည်။ သို့သော် ဓားပြတိုက်ခံရမှုနှင့် ပတ်သက်သော ပုရပိုက်မှတ်တမ်းများ၌မူ “ယခု လဆန်း (၈) ရက်” ဟူပါရှိသည်မှအပ လနှင့် သက္ကရာဇ် လုံးဝမပါရှိခဲ့ပေ။ လက်ရေးလက်သားမှာလည်း အသော့ရေးများဖြစ်သဖြင့် အတော်ပင်ညံ့ဖျင်း ဆိုးရွားလှပါသည်။ ထို့ကြောင့် ထိုပုရပိုက် (၃) ဆူ၌ တွေ့ရှိရသော မှတ်တမ်းများအနက် အချို့မှာ မြင်းခြံ (သို့မဟုတ်) ရတနာပုံနေပြည်တော်သို့ ကြေးနန်း ရိုက်ရန်အတွက် စာကြမ်းများအဖြစ် ရေးသားထားခဲ့ဟန်ရှိသည်ဟူ၍ ယူဆရ ပါသည်။ မြန်မာသက္ကရာဇ် (၁၂၃၁) ခုနှစ်ကတည်းကပင် စလေမြို့၌ ကြေးနန်း ဆက်သွယ်ရေး ထူထောင်ခဲ့ပြီး ဖြစ်သဖြင့် ဓားပြမှုပေါ်ပေါက်ရေး ဆောင် ရွက်ရာ၌ ကြေးနန်းဆက်သွယ်ရေးကို အားပြုသုံးစွဲခဲ့မည်သာ ဖြစ်ပါသည်။

အဆိုပါ ကျောင်းတကာဦးတက်တိုးထံပေးစာ၌ “(၅) မြို့ဝန်လည်း ဒုတိယ ရစ် သဿမေဓ ငွေတော်ခွန်တောင်းပြီးကာလ ဆံ့ရမည်” ဟုဖော်ပြခဲ့သဖြင့် ဒုတိယရစ် သဿမေဓအခွန်တော် ကောက်ခံခြင်းနှင့် စပ်လျဉ်းသော မှတ်တမ်း များကို ထပ်မံရှာဖွေ လေ့လာသောအခါ၌လည်း နေ့စွဲ၊ ရက်စွဲများမပါရှိပြန်သည် ကိုပင် တွေ့ရှိပြန်ပါသည်။ သို့သော် ထိုဒုတိယအရစ် သဿမေဓ အခွန် ကောက်ရေးမှတ်တမ်း၌ “၁၂၄၆ ခုနှစ်ကကဲ့သို့” ဟူသည့် ရည်ညွှန်းအသုံးအနှုန်း

ကို တွေ့ရှိရသဖြင့် တားပြတိုက်မှုပေါ် ပေါက်ရေးအတွက် ဆောင်ရွက်နေသည့် ကာလမှာ ၁၂၄၇ ခုနှစ်ဖြစ်သည်ဟု ကောက်ချက်ယူနိုင်ပါသည်။ ဦးဘိုးကြည် အရောင်းအဝယ်မှတ်တမ်းများ၌ ၁၂၄၇ ခုနှစ်၊ တော်သလင်းလအထိသာ ရက်စွဲတပ်လျက် အတိအကျ တွေ့ရပါသည်။ ထိုနောက်ပိုင်းကျသည့် မှတ်တမ်းများ မတွေ့ရှိရသေးပေ။

ထိုနှစ်သီတင်းကျွတ်လတွင် နယ်ချဲ့တို့နှင့် နောက်ဆုံးတိုက်ပွဲစတင်လျက် ရှိပြီး ဖြစ်သည်။ ထိုသို့ တိုင်းပြည်ပျက်နေသည့်အချိန်၌ အရောင်းအဝယ်များ လည်း မလွဲမသွေ ရပ်ဆိုင်းလျက်ရှိပြီဖြစ်သဖြင့် ဦးဘိုးကြည်၏ မှတ်တမ်းများ အားလုံးကို ထပ်မံ၍ မတွေ့ရတော့ခြင်းပင် ဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ထို ၁၂၄၇ ခုနှစ်၊ တော်သလင်းလနှင့် ပါတော်မူခဲ့ရသည့် တန်ဆောင်မုန်းလအတွင်း ၌ တားပြတိုက်ခံခဲ့ရခြင်းနှင့် တားပြမှုဖော်ထုတ်ရေးအတွက် ဆောင်ရွက်ခြင်းတို့ မဖြစ်နိုင်။ ထိုကာလမျိုး၌ဆိုလျှင် မည်သို့သော ပုဂ္ဂိုလ်ဖြစ်စေကာမူ မြေပုံရာ ကင်းမှောင့် ဆောင်ရွက်ပေးနိုင်မည် မဟုတ်ချေ။ ထို့ကြောင့် တားပြမှုပေါ် ပေါက် ရေးဆောင်ရွက်ချက်များသည် ၁၂၄၇ ခုနှစ်၊ တော်သလင်းလ၏ ရှေ့ပိုင်းကာလ များ၌ ဖြစ်နိုင်ပြီး၊ တားပြတိုက်ခံရသည်မှာလည်း ၁၂၄၇ ခုနှစ် နှစ်ဦးပိုင်း၌ ဖြစ်နိုင် စရာရှိပါသည်။ ထို့ထက်စောလျှင် ၁၂၄၆ ခုနှစ် နှစ်ကုန်ပိုင်းထက် မပိုနိုင်ပါချေ။

(ပဒေသရာဇ်ခေါင်းဆောင်တို့၏ ညံ့ဖျင်းမှုကြောင့် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး ပြိုကွဲခဲ့ရသဖြင့် မြန်မာနိုင်ငံ၏ ထက်ဝက်မှာလည်း နယ်ချဲ့၏ ဖနောင့်အောက်သို့ ကျရောက်လျက်ရှိသည့် ရတနာပုံခေတ်၏ ဇာတ်သိမ်းခန်း မှာ ၁၂၄၇ ခုနှစ်တွင် အထွတ်အထိပ်သို့ ရောက်လျက်နေပြီဖြစ်ရာ ဦးဘိုးကြည်

အပါအဝင် ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်တို့မှာလည်း ခိုင်မာတည်မြဲမှုမရှိတော့သည့် အချုပ်အခြာအာဏာ၏ အကာအကွယ် အစောင့်အရှောက်ကို မရနိုင်တော့ပေ)

အထက်ဖော်ပြပါ ထားပြတိုက်မှုနှင့် ပတ်သက်၍ နောက်ဆက်တွဲလေ့လာတွေ့ရှိချက်မှာ အလွတ်စုံထောက်များ ဖြစ်ကြသော ကိုရွှေစင်နှင့် ကိုပုတို့၏ ငွေကြေးအငြင်းပွားမှု ဖြစ်ပါသည်။ ကိုရွှေစင်သည် မကျီးကုန်းရွာနေကိုပုအား ထောက်လှမ်းရေးအကူအဖြစ် ခေါ်လာခဲ့ခြင်း ဖြစ်ပါသည်။ သူတို့နှစ်ဦးအား ဦးဘိုးကြည်နှင့် (၅) မြို့ဝန်က တစ်ဦးလျှင် ၅၀၀ စီပေါင်း ၁၀၀၀ (တစ်ထောင်ကျပ်) ကို ထောက်လှမ်းခပေးမည်ဟူ၍ ကတိပေးခဲ့ကြသည်။ ထိုအခါ ကိုရွှေစင်နှင့် ကိုပုတို့က "ပေးလိုမှ ပေးပါ။ မေတ္တာနှင့် ဆောင်ရွက်ပေးပါမည်" ဟူ၍ လောကွတ်ချော်စကားများပင် ဆိုခဲ့ကြသည်။ အမှုလိုက်နေစဉ်အတွင်း ဦးဘိုးကြည်ထံမှ အသုံးအဖြစ် ကြိုတင်ယူခဲ့သည့် ငွေများအနက် ငွေ ၁၅၀ ကို ကိုပုက ပို၍သုံးစွဲထားနှင့်ခဲ့သည်။ (၅) မြို့ဝန်ကပေးမည့် ၅၀၀ ကျပ်မှာလည်း ကိုရွှေစင်၏လက်ထဲသို့ မရောက်သေး။ ထိုအခါ ကိုပုနှင့် ကိုရွှေစင်တို့သည် ထောက်လှမ်းခအဝေမညီကြတော့သဖြင့် အငြင်းပွားကာ အမှုဖြစ်ပွားကြလေတော့သည်။

ကိုပုက ထောက်လှမ်းခရငွေ ၁၀၀၀ ကို အညီအမျှ ခွဲဝေပေးရန် တောင်းခံသည်။ ကိုရွှေစင်ကလည်း လက်ရောက်ရရှိပြီးငွေကို အညီအမျှခွဲဝေရန်အတွက် ကိုပုထံ လွန်ငွေ ၁၅၀ အားပြန်လည်ပေးရန် တောင်းခံသည်။ ထိုသို့ တစ်ဦးအပေါ် တစ်ဦး အပြန်အလှန် တောင်းခံ၍ အမှုအခင်းဖြစ်ပွားသောအခါ ကျောင်းဒါယကာ ဦးဘိုးကြည်က ဝတ္တရားချွတ်ယွင်းနေသူ (၅) မြို့ဝန် မသိ

တန်ရာ မသိစေရန်အတွက် ပန်းပုရုပ်စုံကျောင်းထိုင် ဂိုဏ်းထောက် ဆရာတော် ထံသို့ ဖြစ်ကြောင်းကုန်စင် မှန်သမျှကို လျှောက်တင်ရပါတော့သည်။ တားပြမှုမှာ မပြီးပြတ် ဖြေရှင်းဆဲ ဖြစ်ပါသဖြင့် (၅) မြို့ဝန်က ထောက်လှမ်းခ ဆုကြေးငွေ ၅ဝဝိ ကို ဦးဘိုးကြည်ထံသို့ လွှဲအပ်ထားဆဲဖြစ်ကြောင်း၊ ကိုပုနှင့် ကိုရွှေစင်တို့က "ပေးလိုမှပေးပါ၊ မေတ္တာနှင့် ဆောင်ရွက်ပေးပါမည်" ဟုဆိုခဲ့ကြသော်လည်း ယခုအခါ ငွေကိစ္စနှင့်အငြင်းပွား ရမယ်ရှာကာ အမှုဖြစ်လျက်ရှိပါကြောင်း၊ ကျန်ငွေကို ထပ်မံပေးသောအခါ ညီမျှအောင်ခွဲဝေပေးမည်ဖြစ်ကြောင်း စသည်တို့ကို လျှောက်ထားခဲ့သဖြင့် ဂိုဏ်းထောက်ဆရာတော်က ကိုပုနှင့် ကိုရွှေစင်တို့အား ကျောင်းသို့ခေါ်ယူပြီး တစ်ဦးနှင့်တစ်ဦး အငြင်းပွားတောင်းခံမှု ဆက်လက်၍ မပြုကြရန် ကြားဝင်လျက် ဆုံးမပေးခဲ့ရပါသည်။ ထိုထောက်လှမ်းခ အငြင်းပွားမှုနှင့် ပတ်သက်သောမှတ်တမ်းများကို ဆက်လက်၍ မတွေ့ရသော်လည်း ရှေးခေတ်မြန်မာတောသူ တောင်သားများသည် ရဟန်းသံဃာ အရှင်သူမြတ်တို့က ခေါ်ယူဆုံးမလျှင် လိုက်နာကြမြဲဖြစ်ပါသဖြင့် ထိုထောက်လှမ်းခ အငြင်းပွားမှုသည် ဆုံးခန်းတိုင်ခဲ့သည်ဟူ၍ ယုံကြည်ရပါသည်။

တားပြတိုက်ခံရသော ပန်းပုရုပ်စုံကျောင်းဒါယကာ ဦးဘိုးကြည်၏ မှတ်တမ်းများမှာ ဤမျှသာဖြစ်ပါသည်။ ထပ်မံ၍ တွေ့ရှိလာပါက ယခုထက် ပို၍ခိုင်လုံလာစရာ ရှိပါသည်။ ဖော်ပြလိုသည်မှာ ၁၂၅၄ ခုနှစ်တွင် ရေးသားစီကုံးခဲ့သော ဦးဘိုးကြည်၏ ကောင်းမှုတော်စာတန်းပါ ဆုတောင်းဖြစ်ပါသည်။ အဆိုပါကောင်းမှုတော်စာတန်း၌ "ကိုယ်မပေးက မည်သူမျှသည် မရမယူနိုင်

စေသောဝ်” ဟူ၍ အဆုံးသတ် ဆုတောင်းထားခဲ့ပါသည်။ ထိုဆုတောင်းမှာ ကျောင်းဒါယကာ ဦးဘိုးကြည်၏ ဘဝတစ်သက်တာ၌ မေ့ပျောက်နိုင်စွမ်းမရှိလောက်အောင် ဆိုးဆိုးရွားရွား ကြုံတွေ့ခဲ့ရသည့် အထက်ဖော်ပြပါ ဓားပြတိုက်ခံရမှုကို တခုတ်တရ ရည်ညွှန်းခဲ့သည်ဟူ၍ အပ်ကျမတ်ကျ ဆိုနိုင်လောက်ပါပေသတည်း။

# ၅။ ရှက်တတ်ကြပါစေ

မဟာသက္ကရာဇ် (၁၀၇) ခုနှစ်၊ နယုန်လတွင် ရောဟိနီမြစ်ရေသုံးစွဲမှုကို အကြောင်းပြုလျက် သက္ကတိုင်းအတွင်းရှိ ကပိလဝတ်နှင့် ကောလိယ နှစ်ပြည်ထောင်တို့သည် အငြင်းပွားခဲ့ရသည်။ တစ်စတစ်စနှင့်ပြဿနာသည် ကြီးမားလာခဲ့ရာ နောက်ဆုံးတွင် နှစ်ပြည်ထောင်မင်းတို့သည် စစ်ခင်းလျက် ဖြေရှင်းကြတော့မည်ဟူ၍ စစ်အင်္ဂါခင်းကျင်းကာ ရောဟိနီမြစ်ကမ်းပါးသို့ ချီတက်ကြကုန်၏။ ထိုစဉ်အခါ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ဗုဒ္ဓ ရှင်တော်မြတ်ဘုရား သီတင်းသုံးတော်မူလျက် ရှိပါသည်။ ရှင်တော်မြတ်ဘုရားသည် နံနက်အရုဏ်မိုးသောက်ချိန်တွင် သဗ္ဗညုတ ဉာဏ်တော်ကွန်ယက် ဖြင့် လောကဓာတ်တစ်ခွင်လုံးကို သိမ်းကျုံးဖြန့်ကျက်ကြည့်တော်မူသောအခါ၊ နှစ်ပြည်ထောင်မင်းတို့စစ်ခင်းရန် ချီတက်နေကြသည်ကို မြင်တော်မူ၏။ နှစ်ဖက်စစ်တပ်တို့ ရောဟိနီမြစ်ကမ်းပါးသို့ တစ်ပြိုင်တည်း ရောက်ရှိကြသော ညနေချမ်းအချိန်အခါဝယ်၊ ရှင်တော်မြတ်ဘုရားသည် တစ်ပါးတည်း ကြွရောက်တော်မူပြီးလျှင် နှစ်ပြည်ထောင်စစ်တပ်တို့၏ အလယ် ကောင်းကင် ယံထက်၌ ရောင်ခြည့်တော်ခြောက်သွယ်ဖြင့် ကွန့်မြူး တင့်တယ်စေ၍ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူခဲ့ပါသည်။

ဤသို့ရှင်တော်မြတ်ဘုရားကို ဖူးတွေ့ရသောအခါ နှစ်ပြည်ထောင်မင်းတို့နှင့် စစ်သည်အပေါင်းတို့၌ ဒေါသရန်စွယ်ဟူသမျှ ကင်းစင်ပပျောက်သွားကြပြီဖြစ်သဖြင့် လက်နက်အပေါင်းကို စွန့်ပစ်ကြကာ ရှင်တော်မြတ်ဘုရားအား ဝပ်တွားရှစ်ခိုး ပူဇော်ကြကုန်၏။ ထိုအခါ ရှင်တော်မြတ်ဘုရားလည်း ဒေါသရန်စငြေငြိမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် တရားသံဝေဂ ရရှိစေရေးတို့အတွက် တရားရေအေး တိုက်ကျွေးတော်မူခဲ့ပါသည်။ တရားတော်ကို နာယူပြီကြသောအခါ နှစ်ပြည်ထောင်မင်းတို့က တစ်ဖက်လျှင် မင်းသားနှစ်ရငါးဆယ်စီ ရွေးချယ်လျက် ရှင်တော်မြတ်ဘုရားအား ကြည်ညိုသဒ္ဓါပွားများစွာဖြင့် လှူဒါန်းခဲ့ကြလေသည်။ ရှင်တော်မြတ်ဘုရားသည် ထိုနှစ်နိုင်ငံသားမင်းသားငါးရာတို့အား ဧဟိဘိက္ခုအဖြစ် ရဟန်းပြုပေးတော်မူပြီးနော မဟာဝုန်တောကြီးအတွင်း၌ သီတင်းသုံးစေတော်မူခဲ့သည်။

နှစ်ပြည်ထောင်မင်းသားဘဝတစ်ဖြစ်လဲ ရဟန်းသားငါးရာတို့သည ရှေးဘဝကုသိုလ်အဟုန်ကြောင့် ဧဟိဘိက္ခု ရဟန်းတော်များဖြစ်ခဲ့ကြရသော်လည်း သာသနာတော်၌ မမွေ့မလျော်၊ မပျော်ပိုက်ကြချေ။ ထိုအခါ ရှင်တော်မြတ်ဘုရားသည် ရဟန်းတရား၌ မပျော်မွေ့ကြသော ရဟန်းတော် ငါးရာတို့အား ဣဒ္ဓိပါဒ် တန်ခိုးတော်အဟုန်ဖြင့် ကောင်းကင်လမ်းခရီးမှ ခေါ်ဆောင်ကာ ဟိမဝန္တာ၏ သာယာမွေ့ပျော်ဖွယ်ရာများကို ကြည့်ရှုကြည်နူး စေခဲ့ပါသည်။ ထို့နောက် ရှင်တော်မြတ်ဘုရားသည် ဟိမဝန္တာ၏ အနောက်ဘက်နံပါးရှိ ယူဇနာသုံးဆယ် ကျယ်ဝန်းသော ဆေးဒါန်းမြင်းသီလာကျောက်ဖျာထက်ဝယ် ရဟန်းငါးရာ တို့အား ဂါထာပေါင်းသုံးရာဖြင့် တန်ဆာဆင်အပ်သော အသီတိနိပါတ် မဟာကုဏာလဇာတ်တော်ကို ဟောကြားတော်မူခဲ့ပါသည်၊

ထိုဇာတ်တော်၏ အဆုံး၌ ရဟန်းတော်ငါးရာတို့သည် သောတာပန်အဖြစ် တည်ကြလေကုန်၏။

မဟာကဏှာလဇာတ်တော်တွင် ဘုရားအလောင်းသည် မဟာကဏှာလ အမည်ရှိသော ဥသြငှက်မင်း ဖြစ်ခဲ့၏။ ဘုရားအလောင်းဥသြငှက်မင်းသည် သူ၏ မိတ်ဆွေခင်ပွန်းဖြစ်သူ ပုဏ္ဏမုခအမည်ရှိသော ဥသြငှက်မင်းအား အကြောင်းပြုလျက် နတ်ပြည်ခြောက်ထပ်မှ နတ်ဒေဝါအပေါင်းတို့အား လည်းကောင်း၊ နဂါး ဂဠုန်၊ ကိန္နရာ၊ ဝိဇ္ဇာဓိုရ်တို့အားလည်းကောင်း၊ နာရဒ ရသေ့ကြီးနှင့် နောက်ပါရသေ့တို့အားလည်းကောင်း၊ သူ၏ဘဝဖြစ်စဉ် ရှစ်ခုကို ဇာတိဿရဉာဏ်တော်ဖြင့် ဇာတ်ကြောင်းပြန် ဖော်ထုတ်ကာ ဆုံးမတရား ဟောကြားခဲ့ပါသည်။

ဘုရားအလောင်းဥသြငှက်မင်း၏ ဘဝဖြစ်စဉ်ရှစ်ခုအနက် ဆဋ္ဌမမြောက် ဖြစ်စဉ်တွင် ဘုရားအလောင်းတော်သည် ပဉ္စာလစန္ဒ အမည်ရှိသော ပညာရှိ ပုရောဟိတ်အမတ်ကြီး ဖြစ်ခဲ့ပါသည်။ ဗာရာဏသီပြည့်ရှင် ကဏ္ဍရီမင်းကြီးထံ ၌ ခစားလျက် အမှုတော်ထမ်းရွက်ခဲ့ပါသည်။ ထိုမင်းကြီး၏ မိဖုရားခေါင်ကြီး သည် ကိန္နရဒေဝီ အမည်ရှိခဲ့သည်။ ကိန္နရဒေဝီမဟေသီသည် နန်းတော် ဘံတိုင်းကြီး ပြင်ပအနီး၌ကပ်၍ ပေါက်ရောက်လျက်ရှိသော သပြေပင်ကြီး အား မှီခိုလျက်နေသူ ကုဋ္ဌနူနာသည် ဆွံ့နှင့် အကျွမ်းတဝင်ပြုလျက်ရှိပါသည်။ နန်းတော်ပြာသာဒ်၏ ပြတင်းပေါက်အနီး၌ သပြေပင်ကြီး၏ အကိုင်းအခက် ကို့သည် ဖြာဝေလျက်ရှိရာ၊ ကိန္နရဒေဝီသည် ထိုသပြေပင်ကြီးမှတစ်ဆင့် ဆွံ့ထံသို့ သွားရောက်လျက် ညစဉ်ညတိုင်း လုပ်ကျွေးသမှု ပြုလေ့ရှိပါသည်။ မင်းကြီးကားမသိရှာ။

တစ်နေ့သ၌ မင်းကြီးသည် ဘုရားအလောင်းအမတ်နှင့်အတူ တိုင်းခန်းလှည့်လည်ပြီး ပြန်လာရာတွင် နန်းတော်တံတိုင်းအနီးရှိ သပြေပင်ရိပ်၌ နေသော ဆွံ့ကို မြင်ရသောအခါ ဤသို့သော စက်ဆုတ်ရွံရှာဖွယ်ရာ ဝေဒနာသည်အား ကြင်ကြင်နာနာနှင့် ပြုစုလုပ်ကျွေးလိုသည့် အိမ်သူမယား ဟူ၍ ရှိနိုင်ပါမည်လော ဟူ၍ ဘုရားအလောင်းအမတ်အား မေးမြန်းခဲ့ပါသည်။ ထိုအမေးစကားကို ကြားလိုက်ရသော ဆွံ့သည် အလွန်တရာ မခံရပ်နိုင်အောင် တလွဲမာန လွန့်လူးလာခဲ့သည်။ ထိုမာနကြောင့်ပင်လျှင် ဆွံ့သည် သပြေပင်စောင့်နတ်ရှိရာသို့ ဤစကားမမှန်ကန်ကြောင်းကို သပြေပင်စောင့်နတ်မင်း အမြင်အသိပင်ဖြစ်ပါကြောင်း တိုင်တည်လျက် ရှိခိုးလေတော့သည်။ ပြည်ရှင်မင်းကြီး၏ အမေးစကားကိုကြားရစဉ် ခဏအတွင်း အမူအရာ ချက်ချင်းပြောင်းလဲသွားသော ဆွံ့၏ ထူးထွေဆန်းပြားသော အပြုအမူတို့ကို ဘုရားအလောင်း အမတ်ကြီးသည် ပညာရှိပီပီ သတိထားမိလိုက်ပါသည်။

နန်းတော်အတွင်းသို့ရောက်သောအခါ ဘုရားအလောင်းအမတ်ကြီးသည် မိဖုရားကြီး၏ ညသဘာဝကို မင်းကြီးထံ၌ နှစ်ကိုယ်ကြား ရှူးစမ်းသောအခါ မိဖုရားကြီးနှင့် ဆွံ့တို့၏ မသင်္ကာဖွယ်ရာ အခြင်းအရာတို့ကို သုံးသပ်မိခဲ့ပါသည်။ ထို့နောက် သူ၏ကောက်ချက်ကို မင်းကြီးအား လျှောက်ထားခဲ့ပါသည်။ မင်းကြီးကား မယုံကြည်ခဲ့ပေ။ သို့သော် မင်းကြီးသည် ပညာရှိ၏ အတွေးကို ငဲ့ပြေး၍ကြည့်မည်ဟု ကြံစည်လျက် ထိုနေ့ညဉ့်အခါ၌ နှစ်ခြိုက်စွာ အိပ်မောကြဟန် ပြုခဲ့ပါသည်။ မိဖုရားကြီးလည်း မင်းကြီး၏ အိပ်ပျော်နေပြီ အထင်နှင့် ဆွံ့ရှိရာသို့ ညစဉ်သွားနေကြ နည်းလမ်းအတိုင်း သွားရောက်ခဲ့သည်။

ထိုအခါ ဆွံ့သည် အခါတိုင်းထက် အနည်းငယ် နောက်ကျလျက် ရောက်လာသော မိဖုရားကြီးအား စိတ်ဆိုးသဖြင့် ရိုက်ပုတ်လေတော့သည်။ ဆွံ့၏ ရိုက်ပုတ်မှုကြောင့် မိဖုရားကြီး၏ ခြသေ့ံခံတွင်းခံ နားဒောင်းတစ်ဖက်သည် လွင့်စဉ်သွားရလေ၏။ မိဖုရားကြီးမှာ လွင့်စဉ်သွားသော နားဒောင်းတစ်ဖက်ကို မရှာအား။ စိတ်ဆိုးနေသောဆွံ့အား ပြေရာ ပြေကြောင်း တောင်းပန်၍ ချော့မော့နေရရှာသည်။ ထိုလွင့်စဉ်သွားသော နားဒောင်းတစ်ဖက်သည် မိဖုရားခေါင်ကြီး၏နောက်သို့ အရိပ်ပမာ ထက်ကြပ်မကွာ လိုက်ပါလျက် စုံစမ်းနေသော မင်းကြီး၏ခြေရင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက် ကျရောက်သွားခဲ့သည်။ မင်းကြီးလည်း ဘုရားအလောင်း ပညာရှိအမတ်၏ တွေးခေါ်မှုများ မှန်ကန်လျက် ရှိနေသည်ကို မျက်ဝါးထင်ထင် သိမြင်နေရပြီ ဖြစ်သဖြင့်၊ ထိုနားဒောင်းတစ်ဖက်ကိုသာ ကောက်ယူ၍ နန်းတော်သို့ ပိရိစွာ အလျင်အမြန် ပြန်သွားခဲ့ပါသည်။ ထိုအဖြစ်အပျက်တို့၏ နောက်ဆက်တွဲ ပြဿနာများကိုမူ ဘုရားအလောင်း အမတ်ကြီးသည် လိမ္မာပါးနပ်စွာ ထိန်းသိမ်းလျက် ဆုံးမဖြေရှင်း ပေးခဲ့ရပါသည်။

ဤကဲ့သို့ အာရုံငါးပါး ကာမဂုဏ်တရားကို လွဲမှားစွာ ကျင့်ကြံသူတို့အား နောင်းမှ နောင်တမရကြစေရန် သတိဉာဏ်ဝင် ဆင်ခြင်နိုင်ကြစေရန်အတွက် ဆုံးမသရုပ်ဖော်ထားသော ပန်းပုရုပ်များမှာ စလေမြို့ပန်းပုရုပ်စုံကျောင်း တော်ကြီး၏ မြောက်ဘက်မျက်နှာစာ၊ အရှေ့စွန်လှေကား၏အထက် အဝင် တံခါး၌ ထုလုပ်ထားခြင်းဖြစ်ပါသည်။ ငါးရာ့ငါးဆယ် ဇာတ်တော်လာ၊ မဟာကုဏာလဇာတ်တော်မှာ သတိသံဝေဂရဖွယ်ရာ၊ ရှောင်ကြဉ်ဖွယ်ရာ၊

လိုက်နာကျင့်သုံးဖွယ်ရာများ အပြည့်ပါရှိသော်လည်း၊ လူသိနည်းသော ဇာတ်တော်ကြီး တစ်ခုဖြစ်ခဲ့သည်။ ထို လူသိမှုနည်းသော ဇာတ်တော်ကြီးအား အထူးတလည်ထုတ်နုတ်လျက် ပန်းပုလက်ရာဖြင့် သရုပ်ဖော်စေခဲ့သူမှာ ပထမ ကျောင်းထိုင်ဆရာတော် သူဓမ္မာဂိုဏ်းထောက်ဆရာတော်ကြီး ဖြစ်ခဲ့ပါသည်။ ထိုသို့လူသိနည်းသော ဇာတ်တော်ကို တပည့်သားရဟန်းတို့အား အစဉ်အဆက်လက်ဆင့်ကမ်း ညွှန်ပြဆုံးမနိုင်ဖို့ ရည်ရွယ်ခဲ့ရင်းဖြစ်သည်။ အဆိုပါ ကုဏာလဇာတ်တော် သရုပ်ဖော်ပန်းပုရုပ်များကို အနုစိတ်လက်ရာ ပြောင်မြောက်စွာ သရုပ်ဖော်ထားခဲ့သဖြင့် နှစ်ပေါင်းတရာကျော်သောအခါ၊ အနည်းငယ်မျှ ချွတ်ယွင်းမှု ရှိလာခဲ့ပါသည်။ ထိုချွတ်ယွင်းမှုမှာ လက်အဖျားများ ကျိုးပဲ့ရခြင်း ဖြစ်ပါသည်။ ဗာရာဏသီပြည်ရှင်မင်းကြီး၏ နားရွှောင်းတစ်ဖက်ကိုင်ထားသောလက်မှာလည်း ကျိုးပဲ့သွားခဲ့ပြီဖြစ်ရကား အလွန်ပင် နှမြောဖွယ်ရာ ကောင်းလှပါသည်။

ဗာရာဏသီပြည့်ရှင်မင်းကြီး၏ ပျက်စီးသွားသော လက်တစ်ဖက်၌ နားရွှောင်းငယ်ပါရှိကြောင်းကို သဲလွန်စပေးခဲ့သူမှာ ပန်းပုရုပ်စုံကျောင်းတော်ကြီး၏ လက်ရှိကျောင်းထိုင်ဆရာတော်ကြီး ဦးရာဇိန္ဒဖြစ်ပါသည်။ ဆရာတော်ကြီးသည် သက်တော်ဝါတော်ကြီးရင့်နေပြီဖြစ်သဖြင့်၊ ဇာတ်တော်အား အသေးစိတ် မမှတ်မိတော့ပါ။ ထို့ကြောင့် စလေမြို့လယ် မဟာစည်ရိပ်သာ ဆရာတော် ဦးပညာသာမိက ငါးရာ့ငါးဆယ်ဇာတ်တော် ပါဠိတော်များ၌ ပြန်လည် အားထုတ်လျက် ရှာဖွေပေးခဲ့ရပါသည်။ ထိုမဟာကုဏာလ ဇာတ်တော် ပါဝင်သော ညောင်ကန်ဆရာတော်ဘုရားကြီး၏ မြန်မာပြန်ဆို

သည့် ငါးရာ့ ငါးဆယ် မြန်မာပြန် ပဥ္စမတွဲကိုလည်း ဆရာတော် ဦးပညာသာမိကပင် ကံဆောင်ရွာဘုန်းတော်ကြီးကျောင်းမှ ငှားရမ်းပေးကာ ကူညီခဲ့သဖြင့် ချောမွေ့လွယ်ကူစွာ လေ့လာသိရှိရခြင်း ဖြစ်ပါသည်။

အဆိုပါ မဟာကုဏာလဇာတ်တော်၌ အဓိကသရုပ်ဆောင်များ ဖြစ်ကြသော ဗာရာဏသီပြည့်ရှင်မင်းကြီး၊ ကိန္နရဒေဝီမဟေသီနှင့် ငှက်ဆွဲတို့အား ထုလုပ်၍ သရုပ်ဖော်ထားပါသည်။ သန်လျက်ထမ်းလျက် ခြေရာကောက် စုံစမ်းခဲ့သူ ဗာရာဏသီပြည့်ရှင်မင်းကြီးအား နားထောင်းလေးကိုင်နေဟန် သရုပ်ဖော်ထားသည်။ ကိန္နရဒေဝီမဟေသီနှင့် ငှက်ဆွဲတို့မှာမူ ယုယပိုက်ထွေး နေကြဟန် (အလိင်္ဂဟတ္ထသဏ္ဌာန်) ဖြစ်ပါသည်။ သူတို့၏ အောင်သွယ်တော် ပေါင်းကူးကြီးဖြစ်သည့် သပြေပင်ကြီးအား နောက်ခံအဖြစ် တခုတ်တရ ထည့်သွင်းထားပါသည်။ ငှက်ဆွဲ၏ခန္ဓာကိုယ်တစ်ခုလုံး၏ အကြေးအကွက်များ နှင့် ဖုထစ်နေဟန် ထုဆစ်ထားသဖြင့် ကုဋ္ဌနူနာသည်၏ ရွံရှာဖွယ်လက္ခဏာ များကို ပီပြင်ထင်ရှားစေပါသည်။

ငှက်ဆွဲ၏ ကုဋ္ဌနူနာလက္ခဏာများကို တွေ့မြင်ရသောအခါ ငါးရာ့ငါးဆယ် တိ သနိပါတ်တော်လာ သမ္ဘူလဇာတ်ဟူ၍ ရေလိုက်လွဲချင်စရာ ဖြစ်ခဲ့ ပါသည်။ သမ္ဘူလမိဖုရားမှာ လင်တော်စပ်သူ အိမ်ရှေ့မင်းသား သောတ္ထိသေန ကုဋ္ဌနူနာစွဲကပ်သောအခါ ရေပူရေချမ်းကမ်းလှမ်းလျက် သစ္စာရှိရှိ ပြုစုခဲ့သူ မိန်းမမြတ် ဖြစ်ခဲ့ပါသည်။ တာနောယက္ခ ဘီလူးကတက်မက်၍ ကြံစည် သော်လည်း သမ္ဘူလမိဖုရား၏ ဘုရားအလောင်းလင်သည်အပေါ်၌ မယိမ်း မယိုင် သစ္စာခိုင်ကျည်ခဲ့သူ ဖြစ်ခဲ့သည်။ သစ္စာသည်သာ ပဓာနဖြစ်ကြောင်း

ဖော်ထုတ်နိုင်သူ ဖြစ်ပါ၏။ အကယ်၍ ထိုသမ္ဗုလဇာတ်သာ ဖြစ်ခဲ့လျှင် လူကြမ်းဖြစ်သော ဘီလူးကို တွေ့ရမည် ဖြစ်ပါသည်။ သို့မဟုတ် ဘီလူးရန်မှ ကယ်တင်ပေးသူ သကြားမင်းရုပ် ပါရှိရမည် ဖြစ်ပါသည်။ သို့သော် ဘီလူးရုပ်နှင့် သိကြားမင်းတို့ မပါရှိခဲ့ပါ။ တစ်ဖက်၌ ပါရှိသည်မှာ မကိုဋ်ကိုဆောင်းလျက် သန်လျက်ထမ်းထားသော မင်းကြီးရုပ်သာဖြစ်ခဲ့သဖြင့် အတ္တနောမတိနှင့် ယူဆချင်ခဲ့သော အနုမာနမှာ ပမာဒလေခခြင်းထက် မပိုတော့ပေ။ သို့သော် ငုပ်နေသော သဲလွန်စအား ဖော်ပေးခဲ့သည့် ပန်းပုရုပ်စုံကျောင်းဆရာတော် ဦးရာဇိန္ဒနှင့် ပါဠိတော်များ၌ ရှာဖွေကူညီပေးခဲ့သော ဆရာတော် ဦးပညာသာမိ တို့၏ ကျေးဇူးကြောင့် ဤကဲ့သို့ သိမ်မွေ့နက်နဲလှသော ငါးရာငါးဆယ် ဇာတ်တော်များ၏ အရသာကို ခံစားနိုင်ခဲ့ခြင်း ဖြစ်သည်။

အထက်ဖော်ပြပါ အသိတိနိပါတ်ကုဏာလဇာတ်တော်ကိုလည်း ပန်းပု ဆရာအကျော်အမော်များ၏ ထိမိပြောင်မြောက်သော သရုပ်ဖော်လက်ရာများ ၏ လှုံ့ဆော်မှုအရ ပန်းပုရုပ်စုံကျောင်းသို့ လာရောက်လေ့လာသူတိုင်း စိတ်ဝင်စားခဲ့ကြပါသည်။ထိုလူသိနည်းသော ဇာတ်တော်အား လူတိုင်းသိရှိလာစေရန် အတွက် ရည်ရွယ်ရွေးချယ်ထုတ်နုတ်သရုပ်ဖော်ထားစေခဲ့သည်မှာ မှန်ပါ သော်လည်း စိတ်ဝင်စားသူတို့အားလည်း ဝေဖန်ရှင်းလင်းပြရာ၌ အထူးသတိ ထားရလေ့ ရှိပါသည်။ စကားလုံးအသုံးအနှုန်းမှစ၍ အထူးရွေးချယ် သုံးနှုန်း ရပါ၏။ အဘယ်ကြောင့်ဆိုသော် ကိန္နရာဒေဝီ မဟေသီနှင့် ဆွေ့တို့၏ ဇာတ် သည် မြန်မာ့အမျိုးသား မြန်မာ့အမျိုးကောင်းသမီးတို့အတွက် နားရှက်စရာ ဖြစ်လျက် ရှိနေသောကြောင့်ပင် ဖြစ်ပါသည်။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဖွဲ့ အစည်းသည် ထိုသို့သော စရိုက်ဆိုးများကို လက်ခံခဲ့သည့် အစဉ်အလာ

မရှိခဲ့ပါ။ ကိန္ဒရာဒေဝီမဟေသီနှင့် ဆွေ့တို့သည် ကာမေသုမိစ္ဆာစာရက်ကို ကျူးလွန်ခဲ့ကြခြင်း ဖြစ်ပါသည်။ မြန်မာအမျိုးကောင်း သားသမီးတို့သည် ထို ကာမေသုမိစ္ဆာစာရက်အား ဝေရာမဏီ ရှောင်ကြဉ်လေ့ရှိကြပါ၏။ အနောက် တိုင်းယဉ်ကျေးမှုနှင့် ဆန့်ကျင်ဖီလာ ရှိနေပါသည်။ မြန်မာ့အမျိုးကောင်း သားသမီးတို့သည် ထိုအမှုမျိုးကို ကျူးလွန်ရန်ပင် မဆိုထားနှင့်၊ နား၀ လေသံ မျှပင်မကြားချင်ကြပေ။ မြန်မာအမျိုးကောင်းသားသမီးတို့သည် အသက်နှင့် လူလုပ်ကြသူများ မဟုတ်ကြ။ အရှက်နှင့် လူလုပ်ကြသူများ ဖြစ်ကြချေ၏။

တစ်မိသားနှင့် တစ်မိသားတို့ ချစ်ခင်စုံမက်၍ အိမ်ရာထူထောင်မှု ပြုကြ ရာ၌လည်း သုံးနှစ်သုံးမိုး အချိန်ယူ၍ ပြင်ဆင်ကြရလေ့ရှိပါသည်။ တစ်ဦး၏ စရိုက်အား တစ်ဦးက ကြိုက်နိုင် မကြိုက်နိုင်၊ တစ်ဦး၏ မနောအား တစ်ဦးက သဘောကျနိုင် မကျနိုင်၊ စောကြောလေ့လာ ဝေဖန်ကာ ညှိနှိုင်းလျက် တည်ဆောက်ကြခြင်း ဖြစ်ပါသည်။ "အိမ်ထောင်မှုဘုရားတည်၊ ဆေးမှင်ရည် စုတ်ထိုး၊ ဤသုံးမျိုးချက်မပိုင်၊ နောင်ပြင်ရန်ခက်သည့်အမျိုး" ဟူ၍ စလေ ဆရာ ဦးပုညက ဆိုခဲ့သည်မှာ မြန်မာ့ရိုးရာယဉ်ကျေးမှု လူ့အဖွဲ့အစည်း၏ အာဘော်မျှပင် ဖြစ်ပါသည်။ ဤအာဘော်ကို မြန်မာအမျိုးကောင်းသားသမီးတို့ လိုက်နာလေ့ ရှိကြပါ၏။ ရှေးက ပန္နက်ရေစက်အဟုန် ကြီးမားခဲ့သဖြင့် ခုချစ်၊ ခုကြိုက်၊ ခုလိုက်ခြင်းမျိုးများ (ချွင်းချက်အနေဖြင့်) ရှိတတ်သော်လည်း မြန်မာ အမျိုးကောင်းသားသမီးတို့သည် လွယ်လင့်တကူ ထူထောင်မိသော အိမ်ထောင်ရေးကို အလွယ်တကူပင် ပြန်လည်၍ ဖျက်တတ်ခြင်းမျိုး မရှိကြပါ။ တစ်ဦးနှင့်တစ်ဦးသည် ထင်းပုံခေါင်းချ၊ ရိုးမြေကျ သစ္စာရှိတတ်ကြမြဲ ဖြစ်ပါ သည်။

ထိုသို့ မြန်မာ့ရိုးရာဓလေ့များကို မပယ်ရှားကြသော မြန်မာအမျိုးကောင်းသားသမီးတို့အတွက် ကိန္နရာဒေဝီနှင့် ငဆွဲ့တို့၏အမှုသည် အလွန်ပင်ရိုင်းလျက် ရှိပါသည်။ ထို့ကြောင့် ဤဇာတ်တော်အား ပြန်လည်ဝေဇ ရှင်းပြမည်ဆိုပါက ဂိုဏ်းထောက်ဆရာတော်ကြီး၏ စေတနာရည်ရွယ်ချက်တို့ကို ကြိုတင် အကြောင်းခံကာ စကားအသုံးအနှုန်းမှအစ ရွေးချယ် သုံးနှုန်းရခြင်းဖြစ်ပါသည်။

မြန်မာအမျိုးကောင်းသားသမီးတို့ တိတိကျကျ လိုက်နာလေ့ရှိသော သားသမီးဝတ်ငါးပါး၌ အမျိုးအနွယ်ကိုစောင့်ထိန်းခြင်းက တာဝန်တစ်ရပ်ဖြစ်ပါသည်။ မိမိတို့၏ အမျိုးနွယ်ဂုဏ်သိက္ခာ ဆုတ်ယုတ်စေရန် အားမထုတ်ကြပါ။ မြှင့်တင်နိုင်ရန်သာ ကြိုးပမ်းတတ်ကြပါသည်။ သားသမီးမကောင်းလျှင် မိဘခေါင်း ဟူသောဆိုရိုးမှာ မကောင်းသောသားသမီးအတွက် မိဘဂုဏ်သိက္ခာကျရသည်။ ထိခိုက်ရသည်ကို ဆိုလိုရင်းဖြစ်ပါသည်။ ထို့ကြောင့် မြန်မာအမျိုးကောင်းသားသမီးတို့မှာ မိမိတို့၏ ပယောဂကြောင့် မိဘမျိုးရိုးဂုဏ်သိက္ခာကို မကျဆင်းစေရန် အထူးရှောင်ကြဉ် လိုက်နာလေ့ ရှိကြပါသည်။ မိဘမျိုးရိုး၊ မိဘအနွယ်ကို စောင့်ရှောက်ခြင်းသည် မြန်မာအမျိုးကောင်း သားသမီးတို့၏ အသက်ပင် ဖြစ်ပါချေသည်။

ယခုအချိန်၌ အနောက်တိုင်းယဉ်ကျေးမှုများသည် တိုးတက်ခေတ်မီလာသော ဆက်သွယ်ရေးကိရိယာများ၏အကူအညီဖြင့် ထိုးဖောက်ဝင်ရောက်လျက် ရှိပါသည်။ လျှပ်ပေါ် လော်လည်သော အနောက်တိုင်းယဉ်ကျေးမှုကို မြန်မာအမျိုးကောင်းသားသမီးတို့ အားမကျစေလိုပါ။

ထို လျှပ်ပေါ်လော်လည်မှုများကို ကျင့်သုံးခြင်းသည် ခေတ်မီခြင်း မဟုတ်၊ ခေတ်ဆန်ခြင်းမျှသာ ဖြစ်သဖြင့် ခွဲခြားသိနိုင်ရန် လိုအပ်ပါသည်။ အတုခိုး မမှားရန်လည်း သတိရှိရပါမည်။ ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံများ၌ ရုပ်ဝတ္ထုများ တိုးတက်လျက်ရှိသည် မှန်သော်လည်း စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုမှာ အလွန်အားနည်းလျက်ရှိသဖြင့် ဟန်ချက်မညီရှိနေသည်ကို မြင်တတ်ရပါမည်။ ထိုဟန်ချက်ကို ထိန်းညှိရန်အတွက် ကမ္ဘာ့အရပ်ရပ်သို့ အနှံ့ သွားရောက်လျက် လေ့လာနေကြသော အနောက်တိုင်းပညာရှင်များသည် မြန်မာ့ရိုးရာဓလေ့ ယဉ်ကျေးမှုများကို လေးစားအံ့သြကြပါသည်။ မိဘနှင့် သားသမီးတို့ အကြားရှိသော ၅၂၈ မေတ္တာမျိုးမှာ သူတို့ဆီ၌ ရှားပါးကုန် ဖြစ်လျက် ရှိပါသည်။ မျိုးရိုးဂုဏ်နှင့် နိုင်ငံတော်ချစ်စိတ် ဆိုသည်မှာလည်း သူတို့ဆီ၌ လက်ကျန်မရှိတော့ပေ။ သူတို့သည် ရုပ်ဝတ္ထု တိုးတက်မှုကိုသာလျှင် အမီလိုက်ကာ ကိုးကွယ်နေကြသူများ ဖြစ်သည်။

ရုပ်ဝတ္ထုတိုးတက်သူတို့၏ လျှပ်ပေါ်လော်လည်သော အကျင့်ဆိုးများကို အတုယူမှားကြမည် ဆိုပါက မြန်မာအမျိုးကောင်းသားသမီးတို့၏ ဂုဏ်သည် ယုတ်လျော့လာလိမ့်မည်မှာ ဧကန်မလွဲပေ။ လျှပ်ပေါ်လော်လည်ခြင်းဖြင့် ဃရာဝါသကိစ္စများ၌ ထမင်းစား ရေသောက်ပမာ သဘောထားကြသူများဖြစ်သည်။ သုံးကျောင်းပြောင်းသောရှင်၊ သုံးလင်ပြောင်းသောမိန်းမမျိုး လက်ညှိုးထိုးမလွဲ ဖြစ်လာပါလိမ့်မည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုသည် သုံးကျောင်းပြောင်းသောရှင်နှင့် သုံးလင်ပြောင်းသော မိန်းမမျိုးကို လက်သင့် မခံကြပေ။ ဗလောင်းဗလဲ အပြောင်းအလဲများသဖြင့် လူရာသွင်းလေ့ မရှိပါ။ ထိုထက်

လွန်ကဲလာလျှင် သူတို့နှင့်ထိုက်တန်သော ဒေသသို့ပို့လျက် အရေးယူတတ်ကြပါသည်။ ဤစကားမှာ မြန်မာအမျိုးကောင်းသားသမီးတို့အတွက် ရိုင်းပျလွန်းနေမည်ဖြစ်သဖြင့် နားနှင့်မနာ ဖဝါးနှင့်သာ နာစေလိုပါ၏။ သို့သော် ယနေ့အချိန်၌ မိမိတို့၏ယဉ်ကျေးမှုကို မလေးစားဘဲ အနောက်တိုင်းယဉ်ကျေးမှု၏ လျှပ်ပေါ်လော်လည်ခြင်းများကို အာသာငန်းငန်းရှိနေကြသူများရှိလာသဖြင့် ထိုသူများအား ရည်ညွှန်းခြင်းဖြစ်ပါ၏။ မြန်မာအမျိုးကောင်းသားသမီးမှန်လျှင် အမျိုးအနွယ်၏ ဂုဏ်ကို ထိန်းသိမ်းရပါမည်။ ထိုသို့ထိန်းသိမ်းနိုင်ရန်အတွက် လျှပ်ပေါ်လော်လည်မှုများ (ကာမေသုမိစ္ဆာစာရ အကျင့်အား) ကို ပယ်ရှားရပါမည်။ ထင်းခွေသူ၏ အန္တရာယ်မှလွတ်ကင်းနိုင်ရန်မှာ မိမိတို့၏စည်းရိုးကို လုံခြုံခိုင်ခံ့အောင် ကာရံခြင်းပင် ဖြစ်ပါသည်။ ထိုသို့မဟုတ်ပါလျှင် (ဖရိုဖရဲရှိနေပါလျှင်) မခိုင်သောစည်းရိုးမှာ အချိုးသန်သော ထင်းခွေသမား၏ လက်တွင်းသို့ ရောက်သွားမည် ဖြစ်ပါ၏။ အမျိုးအနွယ်၏ဂုဏ်သိက္ခာကို ထိန်းသိမ်းနိုင်မည့်စည်းရိုးမှာ ဟိရိသြတ္တပ္ပတရားပင်ဖြစ်ပါချေ၏။ ထို့ကြောင့် ဆရာတော်ကြီးက မြန်မာအမျိုးကောင်း သားသမီးတို့အား ရှက်တတ်ကြစေရန် သင်ကြားဆုံးမခဲ့ခြင်း ဖြစ်ပါသည်။

ခေါင်းဆောင်မှုညံ့ဖျင်းသော သီပေါမင်း၏လက်ထက်၌ နယ်ချဲ့တို့၏ အန္တရာယ် လက်တစ်ကမ်း အကွာအဝေးတွင် ရောက်ရှိနေပြီဖြစ်ပါသည်။ တစ်နေ့မဟုတ် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် နယ်ချဲ့တို့၏ ထောင်ချောက်အတွင်းသို့ မလွဲမသွေ ကျရောက်တော့မည်ကို ဂိုဏ်းထောက်ဆရာတော်ကြီးသည် ရိပ်စားမိခဲ့ဟန် တူပါသည်။အနာဂတ်ကာလတွင် နယ်ချဲ့အင်္ဂလိပ်တို့၏

လျှပ်ပေါ်လော်လည်သော မိစ္ဆာအကျင့်ဆိုးများအား အတုယူမှားကြလျက် ဇာတ်ပျက်များ ဖြစ်လာနိုင်ကြသည်။ မြေမျိုသဖြင့် မြန်မာလူမျိုးတို့ မပျောက်နိုင်။ လူမျိုးမျိုမှသာလျှင် မြန်မာလူမျိုး ပျောက်သွားနိုင်သည်။ ထို့ကြောင့် တပည့်တော် သားရဟန်းတို့အား လျှပ်ပေါ်လော်လည်ခြင်း၌ ရှက်တတ်ကြစေရန်နှင့် လူမျိုးတို့ပျောက်မည့်အန္တရာယ်အား ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်လျက် ငါးရာငါးဆယ်နိပါတ်တော်နှင့် ဓမ္မပဒဒေသနာတော်လာ ဝတ္ထုများမှ ရွေးချယ် ထုတ်နုတ်လျက် ရုပ်စုံခင်းစေခဲ့ခြင်း ဖြစ်ပါသည်။ ခေတ်ပြိုင် ပန်းပုရုပ်စုံကျောင်းများ၌ မဟာဇနကဝင်ကို အလေးပေးလျက် ရုပ်စုံခင်းလေ့ရှိသည့် အစဉ်အလာအား တော်လှန်လိုက်ခြင်းမှာ နည်းနည်းနောနော ရည်ရွယ်ချက်မျိုး မဟုတ်ပေ။ အတော်ပင် အမြော်အမြင်ကြီးခဲ့ခြင်း ဖြစ်ပါသည်။

စလေပန်းပုရုပ်စုံကျောင်း၌ ကာမဂုဏ်၌ လျှပ်ပေါ်လော်လည်ခြင်းအား ရှက်တတ်လာစေရန်အတွက် အထူးအလေးပေးထားသော ဇာတ်တော်များမှာ အရှေ့မှအနောက်သို့ အစဉ်အတိုင်း ဖော်ပြရလျှင် ဥပကတက္ကတွန်းနှင့် မဆာဝါတို့၏ ဇာတ်လမ်းမှ စတင်ရပါမည်။ ရှင်တော်မြတ်ဘုရားသည် ဗောဓိမဏ္ဍိုင်မှ မိဂဒါဝုန်တောသို့ ကြွချီတော်မူခဲ့ရာ လမ်းခရီး၌တွေ့ရသူမှာ ဥပကတက္ကတွန်း ဖြစ်ပါသည်။ သို့သော် ကျွတ်ထိုက်သူမဟုတ်သေးသဖြင့် ရှင်တော်မြတ်ဘုရား၏ သဗ္ဗညုတဉာဏ်တော်အရာကိုပင်လျှင် လက်ခံနိုင်ခဲ့သူ မဟုတ်ပေ။ ထိုဥပကတက္ကတွန်းသည် သူ့အား ကိုးကွယ်နေသော မုဆိုးကြီး၏သမီး မဆာဝါကို မြင်တွေ့ရသောအခါ ငုပ်နေသော တဏှာစိတ်များ ရှင်သန်လာသဖြင့် စိတ်အလိုလိုက်ကာ မဆာဝါနှင့် အိမ်ထောင်ပြုခဲ့သည်။

လူမှုကိစ္စများ ဦးဆောင်မှုမပေးနိုင်သဖြင့် ဒုက္ခရောက်ရပုံကို ကွင်းကွင်း ကွက်ကွက် သရုပ်ဖော်ထားသည်။ ဓမ္မပဒတဏှာဝဂ်လာဝတ္ထု ဖြစ်ပါသည်။ တပည့်သား ရဟန်းများအား မသွယ်မဝိုက် တိုက်ရိုက်ပင် သတိပေးထားခြင်း ဖြစ်ပါ၏။ သိဝိမင်းကြီးနှင့် ဥမ္မာဒန္တီဇာတ်မှာမူ ငါးရာငါးဆယ် ပဏ္ဏာသ နိပါတ်တော် ဖြစ်ပါသည်။ ဘုရားအလောင်းတော်ရင့်မာကြီးဖြစ်သူ သိဝိ မင်းကြီးကိုယ်တိုင် သူတစ်ပါး၏အိမ်ရာဖြစ်သော ဥမ္မာဒန္တီအား တိမ်းမူးလျက် အရူးပမာ ဖြစ်ခဲ့ရသည့်အတွက် သာမန်ပုထုဇဉ်များအနေနှင့် အထူးသတိထား လျက် ဆင်ခြင်ကြရန် ရည်ညွှန်းထားခြင်း ဖြစ်ပါသည်။ ငါးရာငါးဆယ်မဟာ နိပါတ်တော်လာ ဝိဓူရဇာတ်မှာမူ ပုဏ္ဏကနတ်ဘီလူးသည် နဂါးမလေး၏ စေခိုင်းချက်အရ ဘုရားအလောင်းတော်၏ နှလုံးသားကို လိုချင်ဇောနှင့် ဘုရားအလောင်းတော်အား ကိုင်ပေါက်၍ သတ်နေဟန်ဖြစ်ပါသည်။ မ, ဘက် လိုက်၍ မိုက်ဘက်မပါကြရန် မြစ်တားခြင်းပင်ဖြစ်သည်။

အရှင်သုန္ဒရသမုဒ္ဒအား မာယာဖြင့် ဖြားယောင်းခန်းမှာ ဓမ္မပဒဗြဟ္မဏ ဝဂ်လာဝတ္ထု ဖြစ်ပါသည်။ ဗုဒ္ဓသာသနာအတွင်း၌ ရဟန်းပြုလျက်ရှိသော သားဖြစ်သူ အရှင်သုန္ဒရသမုဒ္ဒအား လူထွက်လာစေရန် မိဘများက ကြေးစား အမျိုးသမီးများ ငှားရမ်းစေလွှတ်၍ အာရုံငါးပါး၌ တိမ်းညွှတ်စေရန်ဆောင်ရွက် ခဲ့ပါသည်။ သို့သော် အရှင်သုန္ဒရသမုဒ္ဒသည် ဖြားယောင်းမှုမှန်သမျှကို တွန်းလှန်နိုင်ခဲ့ပါသည်။ ထိုသို့ အာရုံငါးပါးအား တွန်းလှန်နိုင်ခဲ့သည်ကို လူတို့ ငြင်းကျင်းသည့် သဘင်များအား မျက်နှာလွှဲ၍ ထိုင်နေသော ရဟန်းတစ်ပါး၏ ဖြင့် ပေါ်လွင်စေခဲ့သည်။

ကိလေသာနှောင်အိမ်မှာ ဓမ္မပဒ – တဏှာဝဂ်မှဒေသနာအား သရုပ်ဖော်ထားသည်။ ရတနာပုံခေတ်အိမ်တစ်လုံးကို ဥပမာပြထားပါသည်။ အပျိုဆောင်အတွင်း၌ သနပ်ခါးလိမ်း၊ ပန်းပန်ကာ အလှပြင်နေသော လုံမပျိုနှစ်ဦးအား ပြင်ပမှလူရွယ်တစ်ဦးက ချစ်ရေးဆွယ်နေဟန်ပါရှိသည်။ အိမ်မကြီးအတွင်း၌ အိမ်ရာထောင်ပြီး မိသားစုအား သရုပ်ဖော်ထားသည်။ ပုဏ္ဏား ဗေဒင်ဆရာတစ်ဦးကိုလည်း တွေ့ရပါသည်။ အိမ်၏ခေါင်းရင်းဦးခန်း၌မူ သူငယ်ပြန်နေသော အဘိုးကြီးနှင့်အဘွားကြီးကို နမူနာပြထားပါသည်။ သူငယ်ပြန်နေသော အဘိုးကြီးအား အဘွားကြီးက ခေါင်းခေါက်နေဟန် ဖြစ်သည်။ နုပျိုငယ်ရွယ်စဉ်ဘဝမှ ဖွဲတစ်ဆုပ်မျှသာ နိုင်တော့သည့် ဇရာအိုဘဝအထိ သတိမထားလျှင် နစ်မွန်းနေဦးမည်ဖြစ်ကြောင်း တိုက်ရိုက်ပြထားခြင်း ဖြစ်ပါသည်။ အဘိုးကြီးနှင့်အဘွားကြီးတို့သရုပ်မှာ ဟာသရသမြောက်လျက်ရှိပါ၏။

ဓမ္မပဒ–သဟဿဝဂ်ဒေသနာလာ ပဋာစာရီဇာတ်တော်ကိုလည်း မမေ့မလျော့ တင်ပြထားပါသည်။ မိဘများ၏ စကားကို မနာယူဘဲ ရွှေနွယ်ရိုးနှင့် ခိုးရာလိုက်ခဲ့သူ မပဋာ၏ဒုက္ခများကို အစီအရီ ပြထားသည်။ လူငယ်များ သင်ခန်းစာယူနိုင်ရန်အတွက် ဖြစ်ပါ၏။ သားသေ၊ လင်ဆုံး၍ မိဘရပ်ဌာန် ပြန်လာခဲ့ရာ မိဘမောင်ဘွားများမှာလည်း ပျက်စီးနေနှင့်သည်ကို ကြုံသဖြင့် ရူးသွပ်သည်အထိ ခံစားခဲ့ရပုံကို သရုပ်ပြထားသည်။ ထို ပဋာစာရီဇာတ်ရုပ်နှင့် ကပ်လျက်တည်ရှိသော လူဝံနှင့်အမျိုးသမီးပါဝင်သော ပန်းပုရုပ်အားလည်း ပဋာစာရီရူးခန်းအဆက်ဟူ၍ အချို့က ယူဆကြပါသည်။ အဝတ်မကပ်နိုင်အောင် သတိကင်းမဲ့လျက် ရူးသွပ်နေသောပဋာအား လူဝံကပင် မကြည့်ရဲ

နေပုံရှိသောဝတ်စုံကို ဆီးကြပါသည်။ အောက်ခြေဒေရလိုင်းများအတွင်း၌ ကလေးငယ်တစ်ယောက် သေနေပုံ ဖော်ပြထားသည်။ မပဌာသည် တောအတွင်း၌ ရှုးသွပ်ခဲ့ခြင်း မဟုတ်ပါ။ သာဝတ္ထိမြို့အဝင်သို့အရောက် မိဘ မောင်ဘွားများ၏ အဖြစ်ဆိုးကို ကြုံရသဖြင့် ရှုးသွပ်ခဲ့ခြင်းဖြစ်သဖြင့် လူဝံနှင့် တွေ့ရန် အကြောင်းမရှိချေ။ လူဝံနှင့် မင်းသမီးဂဟေဆက်ကြသည့် ထိုးဇာတ် များလည်း ရှိကြပါသည်။ မင်းသမီးက လူတောထဲသို့ပြန်သောအခါ လူဝံကြီး က မင်းသမီးအား စိတ်နာသဖြင့် ကလေးငယ်အား တစ်ခြမ်းစီခွဲ၍ ပေးလိုက် သည်။ ဤကဲ့သို့သော ထိုးဇာတ် ဗုဒ္ဓခေတ်နောက်ပိုင်း နှောင်းခေတ် လူတို့ စီရင်သော ပုံဖြင့်များကိုလည်း ပန်းပုရုပ်စုံကျောင်း၌ တွေ့ရှိပါသည်။ ဥပမာ ပြရလျှင် မရွှေဥထံသို့ ရွှေဖျဉ်းလေး လူပျိုလှည့်ခန်း ဖြစ်ပါသည်။ ပန်းပုရုပ်စုံ ကျောင်း၌ ဒုတိယကမ္ဘာစစ်မတိုင်မီက ကျောင်းသားဖြစ်ခဲ့ဖူးသူများ၏အဆို အရ “ဘွေးတုတ်ဆင်လိုက်ခန်း” မှာလည်း အလားတူ ထိုးဇာတ်ဖြစ်ခဲ့ပါသည်။ ထို ဘွေးတုတ်ဆင်လိုက်ခန်းပန်းပုရုပ်မှာ ယခု မရှိတော့ပြီ ဖြစ်သဖြင့် သတင်း စကားအရ သွားရည်ယိုစရာ ဖြစ်ခဲ့ရပါသည်။

သစ်ပင်ရိပ်၌ မိန်းမပျိုတစ်ယောက်အား ကာလသားများက ဝိုင်းဝန်း လျက် အရေးတယူပြုနေပုံ ပန်းပုရုပ်ကိုလည်း တွေ့ရပါသည်။ မသမာသူတို့ ခိုးယူလွန်းသဖြင့် ရွှေ့ပြောင်း၍ ထိန်းသိမ်းရသော အရုပ်ဖြစ်သဖြင့် အဆက် အစပ် အထောက်အထား မရှိတော့ပေ။ ကာမဂုဏ်လွန်ကျူးသူတို့အား ကဲ့ရဲ့ နေသူနှစ်ဦးဟူ၍ အမည်ပေးထားသော ပန်းပုရုပ်မှာ မသမာသူတို့ ခိုးယူ သွားသော (သူငယ်ပြန်အဘိုးကြီးနှင့် အဘွားကြီး) ပန်းပုရုပ်၏ အဆက်အစပ်

ဖြစ်သည်ဟု ဆိုကြသဖြင့် မူလရည်ရွယ်ချက် ပေါ်လွင်လာစေရန် ရည်ညွှန်းစာ ရေးထားပါ၏။

ထိုသို့ ကာမဂုဏ်၌နစ်မွန်းမှန်းမသိ နစ်မွန်းလျက်ရှိကြသူတို့အား အမှောင်ထွင်းဖောက် အလင်းရောက်နိုင်ရန် ထွက်ရပ်ပေါက်လမ်း အမှန်ပြထားသည်ကိုလည်း တွေ့ရှိရပါသည်။ ထိုလမ်းမှာ အရှင်ရေဝတ၏ လမ်းကြောင်းဖြစ်ပါသည်။ အရှင်ရေဝတသည် အရှင်သာရိပုတ္တရာ၏ညီ အငယ်ဆုံးဖြစ်ပါသည်။ ဗုဒ္ဓသာသနာအတွင်းသို့ ခိုလှုံသွားကြသော အရှင်သာရိပုတ္တရာအပါအဝင် သားကြီး၊ သမီးကြီးတို့၏ လမ်းစဉ်ကို လိုက်သွားမည်ကို စိုးရိမ်သော မိခင်ပုဏ္ဏေးမကြီးသည် အရှင်ရေဝတအလောင်းအလျာအား ငယ်ငယ်ရွယ်ရွယ်နှင့် လက်ထပ်ထိမ်းမြား ပေးခဲ့ပါသည်။ ထိုမင်္ဂလာအခမ်းအနား၌ နှစ်ဖက်ဘိုးဘွားမိဘတို့အား ရှိခိုးကန်တော့စေရာ၌ အရှင်ရေဝတအလောင်းအလျာသည် ဇာတိနှင့်နှင့် ဇရာသဘောကို နားလည်သိရှိခဲ့ပါသည်။ မင်္ဂလာဆောင်ပွဲမှ အပြန်တွင် အစောင့်အကြပ်အခြွေအရံတို့အား အယုံသွင်းလှည့်စားလျက် အရှင် ရေဝတအလောင်းအလျာသည် ထွက်ပြေးကာ ဗုဒ္ဓသာသနာအတွင်းသို့ ခိုလှုံခဲ့ပါသည်။ နောင်အခါတွင် ဘုရားတောနေ အရှင်ရေဝတဟူ၍ ဧတဒဂ်ရ ရဟန္တာ အကျော်အမော်တစ်ပါး ဖြစ်လာခဲ့ပါသည်။ ထိုအရှင်ရေဝတ၏ အကြောင်းကို ဓမ္မပဒအရဟန္တာဝဂ်၌ လေ့လာတွေ့ရှိ နိုင်ပါသည်။ အရှင်ရေဝတ၏ လူ့ဘဝမင်္ဂလာဆောင် အပြန်ခရီးကို နွားလှည်းယာဉ်စီး ဇနီးမောင်နှံအဖြစ် သရုပ်ဖော်ထားခဲ့ပါသည်။

ထိုးဇာတ်များကို ဖော်ပြရာ၌ ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေးဇာတ်သရုပ်ဖော်ပြ ရှိခဲ့ပါသည်။ ထိုဇာတ်၏ အဓိကဇာတ်လိုက်များဖြစ်သော ရွှေဖျဉ်းကြီး

ရွှေဖျဉ်းလေးတို့ ကျားစီးနေဟန် ပန်းပုရုပ်မှာ မသမာသူတို့၏ လက်ချက် မိသွားခဲ့သည်ဟု ဆိုကြပါသည်။ ကျန်ရှိနေသော ဓာတ်ဝင်ခန်းမှာ ယက္ကန်း ခတ်နေသော မရွှေဥထံသို့ ရွှေဖျဉ်းလေးလူပျိုလှည့်နေဟန် ဖြစ်သည်။ အများ လက်ခံထားသော ဓာတ်လမ်းအရ သစ်ဖောင်ချသွားသော ကိုရင်မောင်၏ဇနီး မရွှေဥအား ရွှေဖျဉ်းလေးက လျှပ်ပေါ်လော်လည်စွာ ကြံစည်ခဲ့ခြင်း ဖြစ်ပါသည်။ ရွှေဖျဉ်းကြီးနှင့် ရွှေဖျဉ်းလေးတို့သည် အနော်ရထာမင်းကြီး၏အမိန့်အရ ကျန်စစ်သားက အရေးယူခဲ့သဖြင့် နတ်ဖြစ်သွားကြခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဂိုဏ်းထောက်ဆရာတော်ကြီးက တပည့်အပေါင်းတို့၏ အားထား ကိုးကွယ်ရာ ရွှေဖျဉ်းကြီး ရွှေဖျဉ်းလေးတို့၏ မူလဘူတရုပ်အသွင်ကို လှစ်ဟ ပြထားခြင်း ဖြစ်ပါသည်။ သို့သော် ကြာကူလီတစ်ဖြစ်လဲ နတ်တို့ကျားစီး နေဟန်မှာ သူတို့ကိုယ်ကိုသူတို့ မကာကွယ်နိုင်ရှာသဖြင့် သူခိုးနောက်ပါသွား ခဲ့ပြီး ဖြစ်ပါသည်။ ကျန်ရှိနေသော မရွှေဥ၏ ယက္ကန်းခတ်နေဟန်နှင့် ယက္ကန်း စင်အနီး၌ ထိုင်လျက်ရှိသော မရွှေဥအား ရွှေဖျဉ်းလေးရပ်လျက် စကားပြော နေဟန်တို့မှာ ရှေးခေတ်ကျေးလက်ဓလေ့ကို ပီပြင်စွာ သရုပ်ဖော်ထားသဖြင့် လွမ်းမောချင်စရာပင် ကောင်းလှပါသည်။ ဆရာတော်ကြီး၏ မူလ ရည်ရွယ် ချက်အတိုင်း မရွှေဥထံ ရွှေဖျဉ်းလေး လူပျိုလှည့်ခန်းဟူ၍ပင် အမည်ပေးထားခဲ့ ပါသည်။

ထိုမျှသာမက တပည့်သားရဟန်းတို့အတွက် ရည်ရွယ်လျက် အခြား သိသင့် သိထိုက်ဖွယ်ရာများကိုလည်း ငါးရာငါးဆယ်နိပါတ်တော်နှင့် ဓမ္မပဒ ဒေသနာလာဝတ္ထုများမှ ထုတ်နုတ် ဆုံးမခဲ့ပါသေးသည်။ အရှေ့စွန်ကျောင်းဦး

၌ရှိသော သရုပ်ဖော်မှာ ဓမ္မပဒပါဠိပဝဂ်ဒေသနာလာ အနာထပိဏ်သေဌေးနှင့် တံခါးစောင့်တို့၏ဇာတ် ဖြစ်ပါသည်။ ဗုဒ္ဓသာသနာအား အလှူအတန်းများနှင့် ချီးမြှောက်လေ့ရှိသော အနာထပိဏ်သေဌေးအား တံခါးစောင့်နတ်က မလှူဒါန်းရန် ပိတ်ပင်ခဲ့ပါသည်။ ဗုဒ္ဓမြတ်စွာဘုရားနှင့် ရဟန်းတော်များ ကြွရောက်အလှူခံသောအခါဏိုင်း၌ တံခါးစောင့်နတ်သည် သူ၏ဘုံဗိမာန်မှဆင်း၍ အရိုအသေပြုရလွန်းသဖြင့် အနာထပိဏ်သေဌေး၏အလှူများကို ငြိုငြင်ခဲ့သောကြောင့် ဖြစ်ပါ၏။ အနာထပိဏ်သေဌေးကြီးသည် ကံအကြောင်းမလှသဖြင့် သေဌေးကြီးဘဝမှ ဆင်းရဲသွားခဲ့သော်လည်း တတ်စွမ်းနိုင်သည့် ယာဂုကိုပင် လှူဒါန်းနေဆဲ ဖြစ်ပါသည်။ ထိုအချိန်၌လည်း တံခါးစောင့်နတ်က ထပ်မံ၍ မလှူဒါန်းရန် စည်းရုံးဆော်သြနေသဖြင့် အနာထပိဏ်သေဌေးဟောင်းကြီးက စိတ်ဆိုးကာ တံခါးစောင့်နတ်အား နှင်ထုတ်လိုက်ပါတော့သည်။ သောတာပန်၏အမိန့်ကို တံခါးစောင့် မခံမရပ်နိုင်ရှာ။ ဘုံဗိမာန်ပျောက်လျက် ဒုက္ခရောက်ရပါတော့သည်။ နောက်ဆုံးတွင် သောတာပန်ဖြစ်သော သိကြားမင်း၏အကြံပေးချက်အရ တံခါးစောင့်နတ်သည် အနာထပိဏ်သေဌေးကြီး၏ သမုဒ္ဒရာအတွင်းသို့ ကျရောက်ဆုံးရှုံးနေသော ရတနာများကိုလည်း ရှာဖွေ၍လည်းကောင်း၊ အခြားကုန်သည်များက ပြန်၍မဆပ်သော ကြွေးဟောင်းများကို ပြန်လည်ရရှိအောင် ကြံဆောင်၍လည်းကောင်း အားထုတ်ကာ သေဌေးကြီးအား ကြေရာကြေကြောင်း တောင်းပန်ခဲ့ရပါသည်။ ဗုဒ္ဓဘာသာ သာသနာအား လှူဒါန်းသည်ကို ပိတ်ပင်ခြင်း၊ ဝန်တိုငြိုငြင်ခြင်း မရှိကြစေရန် ဆုံးမထားခြင်း ဖြစ်ပါသည်။

ယော်ရှယ်စဉ်အခါက ပညာမရှာခဲ့သဖြင့် ကုဋေရှစ်ဆယ်ဥစ္စာတို့ အလဟဿ ဆုံးရှုံးခဲ့ရသော မဟာဓနသေဌေးသားကိုလည်း သေသောက်ကြူးများ ခြံရံလျက် မြင်းစီးနေဟန်နှင့် သရုပ်ဖော်ထားခဲ့သည်။ ရှေးကံကုသိုလ် အကျိုးပေးကောင်းသော ဇောတိကသေဌေးနှင့်ဇနီးဖြစ်သူ မြောက်ကျွန်းသူ အတုလကာယံတို့အားလည်း ဗိမ္ဗိသာရမင်းက ချီးမြှင့်သော သေဌေးဆောင်းထီးများ ဆောင်းနေဟန်နှင့် စံနမူနာပြထားခဲ့ပါသည်။

ပန်းပုရုပ်စုံကျောင်းတော်ကြီးအား အပြီးမသတ်နိုင်စဉ်ကာလအတွင်း ၌ပင် ပါတော်မူခဲ့ရခြင်းနှင့် ပါတော်မူခဲ့ပြီးနောက် နယ်ချဲ့တို့၏ အမှောင့်ပယောဂကြောင့် ဂိုဏ်းထောက်ဆရာတော်ကြီး၏ ပန်းပုရုပ်စုံကျောင်းစွန့်သွားခဲ့ရခြင်း အစရှိသည်တို့ကြောင့် ဂိုဏ်းထောက်ဆရာတော်ကြီး၏ ပန်းပုရုပ်စုံများနှင့် ပတ်သက်သော မူလရည်ရွယ်ချက်များကို ဂဃနဏ မသိရှိနိုင်တော့ပေ။ မျက်နှာငယ်စွာနှင့်ကျန်ရစ်ခဲ့သူ တပည့်ရဟန်းများမှာလည်း နယ်ချဲ့တို့၏ အမုန်းတော်ခံအဖြစ် သိမ်ငယ်ခဲ့ရသော ကျောင်းတော်ကြီးရှိ ပန်းပုသရုပ်ဖော်များနှင့် မူလရည်ရွယ်ချက်များနှင့် ပတ်သက်၍ ဂုဏ်ပူဝင်ကြွားကာ ဟောပြ ဆုံးမလိုသည့် ဆန္ဒများ ဆိတ်သုဉ်းသွားခဲ့ကြသဖြင့် နောင်လာနောက်သားတို့အတွက် အမျိုး ဘာသာ သာသနာနှင့် သက်ဆိုင်သော ဆုံးရှုံးမှုတစ်ရပ် ဖြစ်ခဲ့ရပါသည်။ ထို့ကြောင့် ပန်းပုသရုပ်ဖော်များသည် နှောင်းခေတ်လူတို့အတွက် ပဟေဠိများပမာ ဖြစ်ခဲ့ရပါသည်။

ယခုအခါ နိုင်ငံတော်က အမျိုး ဘာသာ သာသနာ၏ "စံ" ဖြစ်ခဲ့သော ပန်းပုရုပ်စုံကျောင်းတော်ကြီးအား ပြတိုက်ကြီးအဖြစ် ဂုဏ်ယူကာ ပြသထား

လျက်ရှိပါသည်။ အများပြည်သူတို့ လေ့လာတွေ့ရှိနိုင်သော ပန်းပုရုပ်ဖော်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။ ဂိုဏ်းထောက်ဆရာတော်ကြီး၏ မူလရည်ရွယ်ချက်များကို လုံးဝဥဿုံဖော်ထုတ်နိုင်ခြင်းမရှိသေးသည်ကို ဝန်ခံလိုပါသည်။ ထို့အတွက် မြန်မာအမျိုးကောင်း သားသမီးအပေါင်းတို့အား ဝိုင်းဝန်းကူညီ ပံ့ပိုးဖော်ထုတ်ပေးကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပန်းပုရုပ်အမည် | ဇာတ်လမ်းနှင့် ရည်ရွယ်ချက် | မှတ်ချက် |
| --- | --- | --- | --- |
| ၁ | (က) အနာထပိဏ်သေဌေး နှင့် တံခါးစောင့်နတ် | ဓမ္မပဒ–ပါဠိဝင် (အလှူဒါနအား ဝန်တိုပိတ်ပင်မှု မပြုကြရန်) | ဖော်ထုတ်ပေးသူ ဦးမာနိတ၊ ကိုးဆောင်ကျောင်း(စလေ) |
| | (ခ) အလှူခံ ရဟန်းများ | | |
| ၂ | (က) ဥပကတက္ကတွန်းနှင့် မဆာဝါ မိသားစု | ဓမ္မပဒ – တဏှာဝဂ် (တပည့်ရဟန်းများ စိတ်အလို မလိုက်ကြရန်) | |
| | (ခ) မဆာဝါနှင့် မုဆိုးကြီး မိသားစု | | |
| | (ဂ) ဆွမ်းလှူနေသော မဆာဝါနှင့် ဥပက | | |
| ၃ | ရတနာပုံခေတ်အိမ်ဈေးဆိုင် | | လေ့လာရှာဖွေဆဲဖြစ်ပါသည် |
| ၄ | (က) ဂိဇ္ဈကုတ်တောင် ကျောက်ဂူ၌ ဗုဒ္ဓ မြတ်စွာစံနေတော်မူခန်း | | အနုမာန အယူအဆ |
| | (ခ) ပူဇော်နေကြသောမင်း | | အနုမာန အယူအဆ |
| ၅ | ဘူရိဒတ်ဇာတ်တော်လာ မင်းသားနှင့် နဂါးမ | ငါးရာငါးဆယ်မဟာနိပါတ် | ချောက်[illegible] တရားရုံးမှ [illegible] ရှူးပြုသည်။ |

| စဉ် | ပန်းပုရုပ်အမည် | ဇာတ်လမ်းနှင့် ရည်ရွယ်ချက် | မှတ်ချက် |
|---|---|---|---|
| ၆ | မင်းသမီးအား နှိပ်စက်သတ် ဖြတ်နေသောမင်းသား | ငါးရာငါးဆယ်ဒုကနိပါတ် စူဠပဒုမဇာတ် (ပထမပိုင်း) | |
| ၇ | ဘုရားအလောင်းလှည်းကုန် သည်နှင့် နဂါးမင်း | ငါးရာငါးဆယ်ပကိဏ္ဏက နိပါတ် မဟာဝါဏိဇဇာတ် | အနုမာန အယူအဆ |
| ၈ | (က) ဥမ္မာဒန္တီနှင့် ခုနစ် ဆောင်တိုက်ခန်း | ငါးရာငါးဆယ် မဏ္ဍာသ နိပါတ် | |
| | (ခ) သိဝိမင်းကြီး နက္ခတ် သဘင်လှည့်ခန်း | ဥမ္မာဒန္တီဇာတ် | |
| | (ဂ) ပန်းကြဲနေသော ဥမ္မာဒန္တီ | (သူတစ်ပါးအိမ်ရာမပြစ်မှားရန်) | |
| ၉ | (က) မဟာဓနသေဌေးသား | | ခေတ္တဂူပေမ – |
| | (ခ) ပရိသတ် | | ပေတာ ဝတ္ထု (အနုမာန) |
| ၁၀ | မဟာဓနသေဌေးသားနှင့် သေသောက်ကြူးများ | ဓမ္မပဒရောဝဂ် ပညာမရှိမိုက်မှား ဆုံးရှုံးရပုံ | |
| ၁၁ | (က) မဟာဓနသေဌေးသား တဖြစ်လဲ ရက္ခစိုးနတ် နှင့် မင်းသမီး သုလ သာ | | ခေတ္တဂူပေမ – ပေတာ ဝတ္ထု (အနုမာန) |
| | (ခ) မဟာဓနသေဌေးသား မင်းသားနှင့် အာဏာသားများ | | ။ |
| | (ဂ) သုလသာ၏ အိမ် | | ။ |

| စဉ် | ပန်းပုရုပ်အမည် | ဇာတ်လမ်းနှင့် ရည်ရွယ်ချက် | မှတ်ချက် |
|---|---|---|---|
| ၁၂ | ဝိဓူရနှင့် ပုဏ္ဏက | ငါးရာငါးဆယ်မဟာနိပါတ်<br>ဝိဓူရဇာတ်<br>(မဘက်လိုက်၍ မိုက်ဘက်မပါ<br>ကြရန်) | |
| ၁၃ | အရှင်သုန္ဒရသမုဒ္ဒအား<br>မာယာနှင့် ဖြားယောင်းခန်း | ဓမ္မပဒ– ဖြပ္ပကဏဇာတ်<br>(တပည့်ရဟန်းများ အာရုံလှည့်စား<br>မှုသို့ စိတ်မယိုင်စေရန်) | |
| ၁၄ | ခံတက်ပင်နှင့် လူပျင်း | ငါးရာငါးဆယ်ဧကနိပါတ်<br>ဝရုဏဇာတ်<br>(ပျင်းရိခြင်းကြောင့် အကျိုးဆုံးရှုံး<br>ရပုံ) | |
| ၁၅ | (က) ကိန္နရဒေဝီနှင့် ဒဆွဲ့<br>( ခ )မာရာဏသိပြည့်<br>ရှင်မင်းကြီး | ငါးရာငါးဆယ်အသီတိနိပါတ်<br>ကုဏာလဇာတ်တော်<br>(လျှပ်ပေါ် လော်လည်ဖောက်ပြားခြင်း<br>မပြုကြရန်) | |
| ၁၆ | မဈွေ့ထံ ရွှေဖျဉ်းလေးလူပျို<br>လှည့်ခန်း | ထိုးဇာတ် (နတ်သမိုင်း)<br>(လျှပ်ပေါ် လော်လည်ဖောက်ပြားခြင်း<br>မပြုကြရန်) | |
| ၁၇ | ကိလေသာနှောင်အိမ်<br>(ဗန္ဓနာဂါရ) | ဓမ္မပဒ – တဏှာဝဂ်<br>(ကာမဂုဏ်၌ သတိဆင်ခြင်မှုပြုကြ<br>စေရန်) | |
| ၁၈ | (က) ဥပတိဿနှင့် ကော<br>လိတတို့ဆင်နွှဲကြ<br>သောတောင်ထိပ်ပွဲ | ဓမ္မပဒ – ယမကဝဂ် | အနုမာန<br>အယူအဆ |

| စဉ် | ပန်းပုရုပ်အမည် | ဇာတ်လမ်းနှင့် ရည်ရွယ်ချက် | မှတ်ချက် |
|---|---|---|---|
| ၁၉ | (က) အခြားသူငယ်ပစ္စည်းရှိ သတ်များ | | |
| ၂၀ | ရွှေလှလှဝံနှင့် မင်းသမီး | ထိုးဇာတ် (အမျိုးကောင်းသားသမီးတို့သွား လာမှု ဆင်ခြင်ကြရန်) | အနုမာန အယူအဆ |
| ၂၁ | မပဋာနှင့် ကိုဒါသ | ဓမ္မပဒ – သံဟာသဝင် (လူငယ်လူရွယ်များ စိတ်အလို မလိုက်ကြရန်) | |
| ၂၂ | ထီးဆောင်းခွင့်ရ ဇောတိက အတုလကာယံ | ဓမ္မပဒဗြာဟ္မဏဝင် ကုသိုလ်ကံ အကျိုးပေးကောင်းပုံ | |
| ၂၃ | ပညာရှိနှင့် ရဟန်းလူထွက် | | လေ့လာနေဆဲ |
| ၂၄ | အရှင် ရေဝတ၏ လူဘဝ မင်္ဂလာဆောင်အပြန် | ဓမ္မပဒ အရဟန္တဝဂ် (ဇာတိ – ဇရာဆင်ခြင်မှုတရား ရစေရန်) | |
| ၂၅ | ကာမဂုဏ် လွန်ကဲနေသူတို့ အား ကဲ့ရဲ့ခြင်း | ဓမ္မပဒ | |
| ၂၆ | ကြာပလ္လင်ခံ မင်းသားရုပ် (ပျက်) | | ဘုရားအလောင်း ပါဝင်သော ဇာတ် တစ်ခု ဖြစ်နိုင်ပါ သည်။ |

မှတ်ချက်။ ။အထက်ဖော်ပြပါ ပန်းပုရုပ်များမှာ ရတနာပုံခေတ်လက်ရာများ ဖြစ်ကြသဖြင့် ဇာတ်ဟန်ပန်းပုအမျိုးအစားများ ဖြစ်ကြသော်လည်း လက်ရာများမှာ အလွန်ကောင်းမွန်လျက် ရှိသည်။ ဇာတ်ကောင်များ၏ စရိုက်အမူအရာကိုပင် ထိမိပေါ်လွင်လာအောင် ဖော်ပြနိုင်စွမ်းရှိခဲ့ပါသည်။ ဇာတ်တော်လာဖြစ်စဉ်များကို အစ၊ အဆုံး ထုလုပ်ခြင်းမဟုတ်ဘဲ၊ တစ်ကွက်ကောင်းမျှသာ သရုပ်ဖော်ခြင်း ဖြစ်ခဲ့သဖြင့်၊ ပဟေဠိပမာ ဖြစ်နေခြင်း ဖြစ်ပါသည်။ ညောင်းရမ်းခေတ်လက်ရာများကဲ့သို့ နွဲ့ပြောင်းမှုရှိသော ကခုန်မြူးထူးနေဟန်ကို ကိန္နရာရုပ် (၉) ရုပ်ကိုလည်း ဖော်ပြပါ ဇာတ်ဟန်ပန်းပုများ၏ အထက်၌ တိုင်းဖုံးများအဖြစ် လေ့လာတွေ့ရှိရပါသည်။ ကျောင်းတော်ကြီးစတင် ဆောက်လုပ်ခဲ့သော မြန်မာသက္ကရာဇ် (၁၂၄၄) ခုနှစ်အား၊ နောင်လာနောက်သားတို့ အမှတ်ရလွယ်စိမ့်သောငှာ "အောင်ကျော်လှဝင်း ရုပ်စုံခင်း" ဟူ၍ လင်္ကာထိုးလျက် မှတ်တမ်းတင်ရာ၌ပင် ပန်းပုရုပ်စုံများ၏ သြဇာသည် သက်ရောက်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

# ၆။ မွေ့ခံထိုက်စေ

နိုင်လွန်ကတ္တရာ လမ်းမကြီးများနှင့် မိုးမျှော်ကွန်ကရစ် အဆောက်အအုံကြီးများ၏ အလယ်တွင် ထွန်းကားတိုးတက်လျက်ရှိသော အနောက်တိုင်းယဉ်ကျေးမှုဆိုသည်မှာ ကွန်ပျူတာယဉ်ကျေးမှုပင် ဖြစ်ပါချေ၏။ ယင်းကွန်ပျူတာယဉ်ကျေးမှုနှင့်အတူ ရှင်သန်နေထိုင်ရန် အသည်းအသန် ကြိုးစားနေကြရသော အနောက်တိုင်းသားတို့သည်လည်း ကွန်ပျူတာနှလုံးသား ပိုင်ရှင်များပမာ ဖြစ်လာကြရသည်။ အပေါင်း၊ အနုတ်၊ အမြှောက်၊ အစားနှင့် အကျိုးရလဒ်များအပေါ် အခြေတည်လျက် ဘဝကို ထူထောင်နေကြရပါသည်။ တစ်လက်ဆွမ်း ပမာဏမျှသာရှိသော နှလုံးသွေးကို အမှိုသဟဲပြုလျက်နေသည့် စိတ်သဏ္ဍာန်၌ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပက္ခာတည်းဟူသော ဗြဟ္မစိုရ်တရားသည် ပွင့်လန်းရာမြဲဖြစ်သော်လည်း ကွန်ပျူတာနှလုံးသား၌မူ ဗြဟ္မစိုရ်တရားသည် ကိန်းအောင်းရှင်သန်နိုင်ရန်မှာ လွန်စွာပင်ခဲယဉ်းလှပါသည်။ လူနေမှုအဆင့်အတန်းအား တစ်နေ့ထက်တစ်နေ့ မြင့်မားစေနိုင်သော ရုပ်ဝတ္ထုအသစ်အဆန်းများအား ဖန်ဆင်းပေးနိုင်စွမ်းသော ယန္တရားများကို ပိုင်စိုးနေကြပြီမှန်သော်လည်း စိတ်၏တည်ငြိမ် ရင့်ကျက်နေမှုကိုမူ တည်ဆောက်နိုင်စွမ်း အလျဉ်းမရှိကြပါပေ။ "တော်သူနေ၊ မတော်သူသေ"ဟူသော ကမ္ဘာဦး

ဇိတ်ဓာတ်သာလျှင် ပဓာနဖြစ်လျက်ရှိနေကြသဖြင့် ဖြဟ္မစိုရ်တရားသည် ;ပါင်းမြက်တို့အလယ်၌ လောင်းရိပ်မိလျက် ရှိနေပါတော့သည်။

အနောက်တိုင်းယဉ်ကျေးမှုသည် သူတစ်စိမ်းတို့အပေါ်သို့ မဆိုထားနှင့် သွေးသားရင်းချာ တော်စပ်ကြပါသော မိဘနှင့်သားသမီး မိသားစုများအကြား ၌ပင်လျှင် ဗြဟ္မစိုရ်တရားအား အကန့်အသတ်နှင့် ခွင့်ပြုထားပါသည်။ သား သမီးများသည် အသက် ၁၈ နှစ်အရွယ်သို့ ရောက်ပြီဆိုလျှင် ကိုယ့်ဝမ်း ကိုယ်ကျောင်းလျက် ကိုယ့်လမ်းကိုယ်လျှောက် ရပါတော့သည်။ မိဘများ၏ တာဝန်မှာ ကုန်ဆုံးပြီဖြစ်ပါ၏။ ထို့ကြောင့် သားသမီးများကလည်း မိဘများ အား ပြန်စောင်း၍ပင် မကြည့်ကြတော့။ ယုတ်စွအဆုံး ဆုံးမ လမ်းညွှန်သမှု ပြုကြသည်ကိုပင် လက်မခံကြတော့ပေ။ ငါ့မြင်း ငါစိုင်းကြပြီ ဖြစ်ပါ၏။ မိဘ နှင့်သားသမီးပင် ဖြစ်လင့်ကစား အကြောင်းကြီးငယ်ကိစ္စ ပေါ်ပေါက်သော် လည်း တစ်ဦးအိမ်သို့ တစ်ဦးက ဖိတ်ကြားမှုရှိမှသာလျှင် အရောက်အပေါက် ရှိကြပါတော့သည်။ တစိမ်းပြင်ပြင် အသွင်နှယ်တည်း။ ဤကဲ့သို့ အကန့်အသတ်၊ အပိုင်းအခြားရှိသော ဗြဟ္မစိုရ်တရားကို ကျင့်သုံးကြသည့် မိသားစုများအား စုစည်းလျက် နိုင်ငံထူထောင်မှုပြုကြရသော အနောက်တိုင်း အနောက်ကမ္ဘာ၌ ဗြဟ္မစိုရ်တရားသည် ရှားပါးကုန်ပမာ ဖြစ်လျက် ရှိပါ၏။ ထိုသို့ ဗြဟ္မစိုရ်တရား မထွန်းကားသောကြောင့် တစ်ဦးနှင့် တစ်ဦးအပေါ် အသွေးအရောင်၊ အရည် အချင်း၊ အဆင့်အတန်းခွဲခြားလျက် ဆက်ဆံခြင်းကို အခြေပြုလျက် လူ့အခွင့် အရေးများ တစ်စတစ်စနှင့် ပျက်ပြားခဲ့ကြရပါသည်။ လူ့အခွင့်အရေး ကြေညာ ချက်ဥပဒေကိုး ထုတ်ပြန်လျက် အစွမ်းကုန်လိုက်နာစေသော်လည်း ရင်တွင်း နှလုံးသားမှ လှိုက်လှဲသော စေတနာ လှုံ့ဆော်မှုများ မပေါက်ဖွားကြသဖြင့်

လက်တစ်လုံးခြား ချိုးဖောက်မှုများကြောင့် လူ့အခွင့်အရေးများမှာ လုံးပါးပါး နေကြရာသည်။ စာရွက်များပေါ်၌ ပြဌာန်းထားသော အနောက်တိုင်း ယဉ်ကျေးမှု၏ လူ့အခွင့်အရေးများသည် ဗြဟ္မစိုရ်တရား ၄ ပါး မပွင့်လန်းနိုင်သေးသ၍ အဓိပ္ပာယ် သက်ဝင်လာဦးမည် မဟုတ်ပါချေ။

ဗြဟ္မစိုရ်တရား ၄ ပါးထွန်းကားလျက်ရှိသော မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးဆိုသည်မှာ အသစ်အဆန်းမဟုတ်တော့သဖြင့် အထူးဝါယမ စိုက်ထုတ်လျက်တည်ဆောက်ရန် မလိုအပ်တော့ပါ။ ဗြဟ္မစိုရ်တရားသည် မြန်မာတို့၏ သန္ဓေဗီဇပင်ဖြစ်နေပါသည်။ ဗြဟ္မစိုရ်တရား မွတ်သိပ်လျက် ရှိသူများက လူ့အခွင့်အရေးအား တမ်းတမ်းစွဲတောင်းခံနေကြချိန်တွင် ကျွန်ုပ်တို့ သံယောင်လိုက်၍ ကယောင်ကတမ်းဖြစ်စရာ မလိုအပ်ပါ။ ရုပ်ဝတ္ထု တိုးတက်မှုများကို ပဉ္စလက်အတတ် တစ်ဖက်ကမ်းခပ်မျှ ဖန်ဆင်းပြနိုင်သော အနောက်တိုင်းယဉ်ကျေးမှုအား အထင်ကြီးစိတ် လွန်ကဲနေသူများ၏ ခေတ်ပေါ်ဖက်ရှင်တစ်ခုမျှသာ ဖြစ်ပါ၏။ "သူများယောင်၍ယောင်ရသည် အမောင် တောင်မှန်းမြောက်မှန်းမသိ"သည့် အဖြစ်မျိုးသို့ မရောက်သင့်ပေ။ အနောက်ကမ္ဘာ၏ သွင်းကုန်တစ်မျိုးဖြစ်သော လူ့အခွင့်အရေးမှာ ဗြဟ္မစိုရ် တရား ၄ ပါး ထွန်းကားလျက်ရှိသော မြန်မာနိုင်ငံအတွက် မလိုအပ်ပါချေ။ ပိုလျှံလျက်ပင် ရှိပါချေ၏။ ဗြဟ္မစိုရ်တရားကို တန်ဖိုးမထားတတ်ဘဲ လူ့အခွင့်အရေးမှ လူ့အခွင့်အရေးဟူ၍ တမ်းတမ်းစွဲဖြစ်နေကြခြင်းများသည် အယောင်ဆောင်မျက်နှာဖုံး တပ်ထားကြသည့် မင်းမဲ့စရိုက်ရှိသူတို့၏ ကြွေးကြော်သံများ ဖြစ်ပါချေသည်။

မြန်မာတို့၏ ဘိုးဘွားများဖြစ်ကြသော ပျူတို့သည် တိဘက်– မြန်မာ အနွယ်ဝင်များ ဖြစ်ကြပါသည်။ မြန်မာတို့ ယုံကြည်ကိုးကွယ်လျက်ရှိသော

ဂေါတမဗုဒ္ဓရှင်တော်ဘုရား ပေါ်ထွန်းခဲ့သည့် သကျ ( စကျ ) သာကီဝင်တို့မှာလည်း တိဗက်– မြန်မာအနွယ်ဝင်များ ဖြစ်ကြပါသည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် မြန်မာလူမျိုးဟူ၍ပင် သာသနာသမိုင်းသုတေသီတို့က လက်ခံ ယုံကြည်ကြပါသည်။ " မြန်မာအစ၊ တကောင်းက" ဟူသော သမိုင်းအယူအဆမှာ မြန်မာတို့သည် ဗုဒ္ဓရှင်တော်မြတ်နှင့် တစ်မျိုးတစ်နွယ်တည်း ဖြစ်ခဲ့သည်ကို သဲလွန်စပေးထားခဲ့ခြင်း ဖြစ်ပါသည်။ ထိုသို့ ဗုဒ္ဓရှင်တော်မြတ်နှင့် မျိုးနွယ်တူ၊ တစ်အူထုံ့ဆင်းခဲ့ကြသော ပျူတို့၏ ရှေးခေတ်မြန်မာနိုင်ငံ၌ အေဒီ ၈ ရာစုမှ စတင်၍ ဗုဒ္ဓသာသနာထွန်းကားခဲ့သည်ဟု သုတေသီတို့က ယုံကြည်ကြပါသည်။ မြန်မာရှေးဟောင်းသုတေသနဌာန၏ တူးဖော်ချက်၊ တွေ့ရှိချက်များအရ ပျူစာပါရှိသော ကျောက်စာနှင့် ရွှေပေလွှာတို့၌ ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် အဘိဓမ္မာတရားတော်များကို ကမ္ပည်းတင်လေ့တင်ထရှိကြောင်း သိရှိရပါသည်။ ပိဋကတ်သုံးပုံ၌ သိမ်မွေ့နက်နဲလှသော အဘိဓမ္မာတရားတော်များကို ပျူတို့လေ့လာလိုက်စား ကျင့်သုံးနေကြသည့် အထောက်အထားများ ဖြစ်ပါသည်။ ထိုခေတ်ကာလ၌ ပျူတို့သည် ဗုဒ္ဓဘာသာဝင် နိုင်ငံသားတိုင်း၏ အခြေခံဖြစ်သော ဗြဟ္မစိုရ်တရားအား ထမင်းစားရေသောက်ပမာ အလိုအလျောက် တည်ဆောက်ကျင့်သုံးပြီး ဖြစ်နေမည်ပင် ဖြစ်ပါ၏။ ထို့ကြောင့် ဗြဟ္မစိုရ်တရား လက်ကိုင်ထားသော ပျူခေတ်မြန်မာနိုင်ငံ၌ လူ့အခွင့်အရေးတို့ အပြည့်အဝရှိခဲ့သည်ဟု မှတ်ယူရပါသည်။

ကျေးပိုင် ကျွန်ပိုင်စနစ် အငွေ့မကင်းသေးသော ပုဂံခေတ်၌လည်း ဗြဟ္မစိုရ်တရားများ ထွန်းကားလျက်ရှိသဖြင့် လူ့အခွင့်အရေးများ အပြည့်အဝ

ရှိခဲ့သည့် အထောက်အထားအဖြစ် ပန်းပုရပ်စုံကျောင်း၌ ထိန်းသိမ်းပြသထားသော သက္ကရာဇ် ၅၆၀ ခုနှစ်ထိုး " အမျိုးသမီးတစ်ဦး၏ ကျောက်စာ "ကို တင်ပြလိုပါသည်။ အဆိုပါ ကျောက်စာမှတ်တမ်းများအရ –

(၁) ပုဂံခေတ်အမျိုးသမီးများသည် မိမိတို့၏ အရည်အချင်း ဂုဏ်သိက္ခာအရ ယောကျ်ားများနှင့်တန်းတူ "သခင်မ"ဘွဲ့ကို ခံယူနိုင်ခြင်း ။

(၂) အမွေဆက်ခံနိုင်ခြင်း ၊ အမွေပေးဝေနိုင်ခြင်း။

(၃) တစ်ပင်လဲလျှင် တစ်ပင်ထူနိုင်ခွင့်ရှိခြင်း အစရှိသည့် အမျိုးသမီးအခွင့် အရေးများ အပြည့်အဝ ရှိခဲ့ပါသည်။

ထိုပုဂံခေတ်နှင့်အပြိုင် အခြားနိုင်ငံများရှိ အခြားဘာသာဝင် အခြားလူမျိုးအမျိုးသမီးများ၌ ထိုအခွင့်အရေးမျိုး လုံးဝ မရှိခဲ့ပေ။ ယောကျ်ားများနှင့် တန်းတူအခွင့်အရေးမရှိခြင်း၊ လင်ယောကျ်ားများ သေဆုံးသောအခါ လင်ယောကျ်ားများနှင့်အတူ လိုက်ပါသေဆုံးရခြင်း (မိမိကိုယ်ကိုသတ်သေရခြင်း) သို့မဟုတ် မီးရှို့အသတ်ခံရခြင်း ( သို့မဟုတ် ) မုဆိုးမအဖြစ် အချုပ်အချယ်ခံရခြင်း၊ အမွေဆက်ခံခွင့် မရှိခြင်း၊ အမွေပေးဝေနိုင်ခွင့် မရှိခြင်း အစရှိသဖြင့် အမျိုးသမီးအခွင့်အရေးများ ဆုံးရှုံးကြရပါသည်။ ပုဂံခေတ် မြန်မာနိုင်ငံ၌မူ အမျိုးသမီးအခွင့်အရေးများ အပြည့်အဝ တည်ရှိခဲ့ပါသည်။ ထို့အပြင် ဘိက္ခုနီသာသနာ တည်ရှိနေသေးသဖြင့် ဘိက္ခုနီအမျိုးသမီးရဟန်းတို့မှာလည်း မိမိတို့၏ အရည်အချင်း ( သီလ၊ သမာဓိ ၊ သိက္ခာ ) အရ အမျိုးသားရဟန်းများအပေါ် ဦးဆောင်မှုပြုနိုင်ခဲ့သည်ကိုလည်း ထိုကျောက်စာအရ အထောက်အထား တွေ့ရှိရပါသည်။

၁၉၉၇ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ပန်းပုရုပ်စုံကျောင်းပြတိုက်သို့ လာရောက် လေ့လာခဲ့သော အမေရိကန် ဟားဗတ်တက္ကသိုလ်၊ သမိုင်း ပါမောက္ခ ဒေါက်တာ လီလီယန်ဟန်ဒလင် (**Dr. Lilian Handlin**) သည် ထိုကျောက်စာပါ ပုဂံခေတ်အမျိုးသမီးတို့၏အခွင့်အရေးများကို အံ့သြလျက် အထူးနှစ်ခြိုက်သဘောကျသွားခဲ့ပါသည်။ ယခုအချိန်တိုင်အောင် အမျိုးသမီး တို့၏ အခွင့်အရေးများအတွက် တိုက်ပွဲဝင်ကြရသေးသော အမေရိကန်သူ တစ်ဦးအတွက် ပုဂံခေတ်အမျိုးသမီးတို့၏ ခေတ်ရှေ့ပြေးလျက်ရှိသည့် အခွင့် အရေးများသည် ရောမ ချီးကျူးစရာများ ဖြစ်ခဲ့ပါသည်။ မြန်မာတို့ ဂုဏ်ယူ ထိုက်ပါသည်ဟူ၍ မှဒိတာ မှတ်ချက်ပြုခဲ့ပါသည်။ ထိုသို့ အမျိုးသမီးတို့၏ အခွင့်အရေးများ အပြည့်အဝ ရှိခဲ့ခြင်းမှာ ဗုဒ္ဓစိုရ်တရား အခြေခံကြောင့်ပင် ဖြစ်ပါသည်။

နှောင်းခေတ်များ၌လည်း စစ်ပြိုင်ကြသော ပဒေသရာဇ်မင်းများသည်ပင် စစ်နှင့်မပတ်သက်သော ပြည်သူတို့၏ လူ့အခွင့်အရေးများကို ထိန်းသိမ်း စောင့်ရှောက် ပေးခဲ့ကြသည့်သာဓကများ ရှိခဲ့ကြပါသည်။ ထိုကဲ့သို့ လူ့အခွင့် အရေးများ မဆိတ်သုဉ်းခဲ့သည့် မြန်မာနိုင်ငံ၌ ဗြဟ္မစိုရ်တရားလေးပါးကို မိသား စုအိမ်အတွင်း၌ပင် စတင်တည်ဆောက် ကျင့်သုံးကြပါသည်။ မိဘဝတ္တရား၊ သားသမီးဝတ္တရားတို့မှာ ဗြဟ္မစိုရ်တရားလေးပါး၏ အခြေခံများပင် ဖြစ်ကြ ပါသည်။ ပတ်ဝန်းကျင်၌ ဆက်သွယ်ဆက်ဆံကြရာ၌လည်း တပည့်ဝတ္တရား၊ ဆရာ့ဝတ္တရား၊ မိတ်ဆွေဝတ္တရား၊ အကြီးအကဲ (နာယက) ဝတ္တရား အစရှိသော ဗြဟ္မစိုရ်လေးပါး အခြေခံဝတ္တရားများကို ထူထောင်ကြပါသည်။ ထိုသို့သော

ဖြဟ္မစိုရ်လေးပါး အခြေခံဝတ္တရားများအနက် မိဘနှင့်သားသမီးတို့၏ ဝတ္တရားများသည် မြန်မာတိုင်းရင်းသား၊ နိုင်ငံသားတို့၏ မူလအခြေခံ မွေးရာပါတာဝန်များ ဖြစ်ခဲ့ပါသည်။ အဆိုပါတာဝန်အား ကျေပွန်ခဲ့ကြသဖြင့် မြန်မာဟူ၍ ကမ္ဘာပေါ်၌ ရပ်တည်နေနိုင်ခြင်း ဖြစ်ပါ၏။ မိဘတို့၏ဝတ္တရား၌–

(၁) ဗုဒ္ဓဘာသာဝင်အဆုံးအမနှင့် မလျော်ညီသော မကောင်းမှုများအား မကျူးလွန်စေရန် မြစ်တားခြင်း၊

(၂) ဗုဒ္ဓဘာသာအဆုံးအမနှင့် လျော်ညီသော ကောင်းမှုများအား ဆောင်ရွက်စေရန် လမ်းညွှန်ပေးခြင်း၊

(၃) အတတ်ပညာ သင်ကြားပေးခြင်း၊

(၄) ဖျာတစ်ချပ်၊ ရေအိုးတစ်လုံးမှအစ တတ်စွမ်းသမျှ အမွေခွဲဝေပေးခြင်း၊

(၅) အမျိုးအနွယ်ကို စောင့်ရှောက်ရန်အတွက် အမျိုးအနွယ်တူတို့နှင့် ထိမ်းမြားပေးခြင်း အစရှိသည်တို့ ဖြစ်ကြပါသည်။

သားသမီးဝတ္တရား ငါးပါးမှာ–

(၁) ဘုရားနှင့်တန်းတူထားလျက် ကိုးကွယ်ထိုက်သော ကျေးဇူးရှင်မိဘနှစ်ပါးအား တစ်တုံတစ်လှည့် ကျွေးမွေးပြုစုခြင်း၊

(၂) ကျေးဇူးရှင်တို့၏ အညစ်အကြေးများမှအစ ပြုစု ဆောင်ရွက်ခြင်း၊

(၃) ကျေးဇူးရှင်မိဘများ ပေးဝေသော (ဖျာတစ်ချပ်၊ ရေအိုးတစ်လုံးမျှပင်ဖြစ်စေ) အမွေပစ္စည်းတို့အား အမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက် ပွားများစေရခြင်း၊

(၄) ဗုဒ္ဓဘာသာပိပိ လူ့ဒါန်းရာ၌ မိဘတို့အား တလေးတစား အမှု အတန်း ပေးဝေရခြင်း၊

(၅) မိဘမျိုးရိုး ဂုဏ်သိက္ခာတို့အား စောင့်ထိန်းရခြင်း တို့ဖြစ်ကြပါ သည်။

ဖြဟ္မစိုရ်တရားများ သင်းပျံ့နေသော ထိုဝတ္တရားများအား မိဘနှင့်သား သမီးတို့ အပြန်အလှန် လိုက်နာကြခြင်းကြောင့် ကမ္ဘာပေါ်၌ မြန်မာဟူ၍ ဘည်တဲ့ခြင်းအကျိုးကို ဖြစ်စေခဲ့ပါသည်။ ထိုဝတ္တရားများသည် အမျိုးသား အခြေခံဝတ္တရားများ ဖြစ်ခဲ့ကြပါသည်။ ကျေးဇူးရှင်မိဘများအပေါ် မေတ္တာ ကရုဏာ တို့ဖြင့် ကျေးဇူးဆပ်ကြရသကဲ့သို့ မိဘမျိုးရိုးဂုဏ်သိက္ခာ ထိန်းသိမ်း နိုင်ရေးအတွက် အမွေခံထိုက်အောင် အားထုတ်ရခြင်းနှင့် အမျိုးအနွယ်ကို စောင့်ထိန်းရခြင်း စသည်ဖြင့် တာဝန်ကြေ ကြရပါမည် ဖြစ်ပါသည်။ သို့မှသာ လျှင် မြန်မာအမျိုးကောင်း သားသမီး ဖြစ်လာပါမည်။ တစ်နည်းဆိုရသော် မြန်မာနိုင်ငံ သားကောင်းတစ်ယောက်၊ ကျောက်ကောင်းတစ်စေ့ ဖြစ်လာနိုင် ပါမည် ဖြစ်ပါသည်။

ဘိုးဘွားမိဘတို့၏ အမွေကို ထိန်းသိမ်းစောင့်ရှောက် တိုးပွားစေရာ၌ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်ကာကွယ်ခြင်း သည်လည်း အကျုံးဝင် အရေးပါလျက်ရှိသည်။ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းနိုင်မှသာလျှင် မိဘဘိုးဘွားတို့၏ ဇာတိ ပုည ဂုဏ်မာနကို ကျွန်ုပ်တို့ တန်ဖိုးထား၍ လေးစားဂုဏ်ယူ တတ်လာမည်ဖြစ်ပါသည်၊ ဇာတိပုည ဂုဏ်မာန တို့ပျောက်ကွယ်နေသော လူမျိုးဟူသည် ကမ္ဘာပေါ်၌ မျက်နှာအငယ်ဆုံးနှင့်

သနားစရာ အကောင်းဆုံးသောသူများပင် ဖြစ်မည်။ ထိုသို့ ကမ္ဘာ့အလယ်၌ မြန်မာတို့ မျက်နှာမငယ်ကြရစေရန်နှင့် ကမ္ဘာ့အလယ်၌ မြန်မာတို့ ထည်ဝါမှု ရကြစေရန် ဖြစ်သည်။ သို့ဖြစ်၍ ရှေးဟောင်းအမွေအနှစ်များကို ဂုဏ်ယူလျက် ထိန်းသိမ်း စောင့်ရှောက်လျက် ရှိပါသည်။ ထို့ကြောင့် ရှေးဟောင်းအမွေအနှစ် များကို ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော မြန်မာတို့သည် ကမ္ဘာ့အလယ်၌ အလွန်ပင် မျက်နှာပွင့်လန်းလျက်ရှိပါ၏။

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ပန်းပုရှပ်စုံကျောင်းကြီးသို့ လာရောက်ကြည့်ရှုခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) သည် ၇၅% မျှ ပျက်စီးယိုယွင်းလျက်ရှိသည့် ကျောင်းတော် ကြီးအား နိုင်ငံတော်နှင့်ပြည်သူတို့လက်တွဲလျက် ပြုပြင်ကြရန်နှင့်စလေဦးပုည အထိမ်းအမှတ်ပြတိုက်အဖြစ် ပူးတွဲဖွင့်လှစ်ရန် လမ်းညွှန်မှုပေးခဲ့သဖြင့် ၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် စလေပန်းပုရှပ်စုံကျောင်းတော်ကြီး ပြန်လည် မွမ်းမံရေးနှင့် ဦးပုညပြတိုက်ဖွင့်လှစ်ရေးကော်မီတီကို အောက်ပါအတိုင်း ဖွဲ့စည်းခဲ့ပါသည်–

(၁) ဥက္ကဋ္ဌ — ဥက္ကဋ္ဌ
မကွေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

(၂) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မကွေးခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

(၃) တာဝန်ခံ ဦးဝင်းမောင် — အဖွဲ့ဝင်
ရှေးဟောင်းယဉ်ကျေးမှုနှင့် သမိုင်းဆိုင်ရာ
အကြံပေးပုဂ္ဂိုလ်၊
နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့

(၄) ဦးစိန်မြင့် (ရွှေချည်ထိုးပညာရှင်) အဖွဲ့ဝင်
(၅) ဦးအောင်ကြိုင် (ညွှန်ကြားရေးမှူး) အဖွဲ့ဝင်
ရှေးဟောင်းသုတေသနဌာနခွဲ၊ ပုဂံမြို့
(၆) တိုင်းအင်ဂျင်နီယာမှူးကြီး၊ မကွေးတိုင်း အဖွဲ့ဝင်
(၇) ဥက္ကဋ္ဌ အဖွဲ့ဝင်
ချောက်မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့
(၈) တိုင်းပြည်သူ့ရဲတပ်ဖွဲ့မှူးကြီး၊ မကွေးတိုင်း အတွင်းရေးမှူး

၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် အတွင်းရေးမှူးဖြစ်သော မကွေး တိုင်း ရဲမှူးကြီး ဦးမြင့်ကျော်၏ ဦးဆောင်မှုအရ အောက်ပါအတိုင်း ဆပ်ကော်မတီ များကို ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြပါသည်—

(၁) ဆောက်လုပ်ရေးကြီးကြပ်မှုဆပ်ကော်မတီ

| | | | |
|---|---|---|---|
| (က) | ဒုတိယဗိုလ်မှူးကြီး တင်စိုး | ဥက္ကဋ္ဌ၊ ခရိုင်ငြိမ်ဝပ် ပိပြားမှု တည်ဆောက် ရေးအဖွဲ့ | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဗိုလ်မှူးကြီး ဌေးဦး | တပ်ရင်းမှူး ခမရ (၄၁၆) | ဒု ဥက္ကဋ္ဌ |
| (ဂ) | ဦးမျိုးမင်း | လက်ထောက် မန်နေဂျာ၊ သစ် ထုတ်လုပ်ငန်း | အဖွဲ့ဝင် |
| (ဃ) | ဦးမျိုးမြင့် | လက်ထောက် မန်နေဂျာ၊ သစ် ရောင်းစက် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (င) | ဦးအောင်ကြိုင် | ဦးစီးအရာရှိ<br>ရှေးဟောင်းသုတေသန | အဖွဲ့ဝင် |
| (စ) | ဦးမောင်မောင်လတ် | လက်ထောက်ဦးစီးမှူး<br>ရှေးဟောင်းသုတေသန | အဖွဲ့ဝင် |
| (ဆ) | ဦးကြည်ဝင်း | မန်နေဂျာ<br>မြန်မာ့ရေနံ | အဖွဲ့ဝင် |
| (ဇ) | ဦးလှထွန်း | ဥက္ကဋ္ဌ၊ မြို့နယ်ငြိမ်ဝပ်<br>ပိပြားမှုတည်ဆောက်ရေး<br>အဖွဲ့၊ ချောက်မြို့ | အဖွဲ့ဝင် |
| (ဈ) | ဦးအောင်ဒင် | ဒုစက်ရုံမှူး<br>စလေတတ်မြေ | အဖွဲ့ဝင် |
| (ည) | ဦးဌေးအောင် | ဗိသုကာ၊ မန္တလေးမြို့ | အဖွဲ့ဝင် |
| (ဋ) | ဦးမျိုးမင်း | ဗိသုကာ၊ တာဝန်ခံ | အဖွဲ့ဝင် |
| (ဌ) | ဦးတင်အုံ | အင်/ယာ၊ဆည်မြောင်း | အဖွဲ့ဝင် |
| (ဍ) | ဦးဝင်းဆန်း | လက်ထောက်<br>အင်/ယာ၊ စည်ပင် | အဖွဲ့ဝင် |
| (ဎ) | ိုးတင်ရွှေ | မန်နေဂျာ<br>လယ်စိုက်ရှင်း | အဖွဲ့ဝင် |
| (ဏ) | ဦးခင်မောင်လတ် | အတွင်းရေးမှူး၊ မထသ | အဖွဲ့ဝင် |
| (တ) | ဦးယဉ်မောင် | ဂေါပကအဖွဲ့ဝင်၊ စလေ | အဖွဲ့ဝင် |
| (ထ) | ဦးညိုမောင် | ဂေါပကအဖွဲ့ဝင်၊ စလေ | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ဒ ) ဦးဝင်းနိုင်ဦး | အတွင်းရေးမှူး ကြံ့/ဖွံ့၊ စလေ | အဖွဲ့ဝင် |
| ( ဓ ) ဦးမြင့်ဇော် | ဒု လက်ထောက် အင်/ယာ၊ စည်ပင် | အဖွဲ့ဝင် |
| ( န ) ဦးတင်ငြိမ်း | အင်/ယာ၊ ဆောက်လုပ်ရေး | အတွင်းရေးမှူး |
| ( ပ ) ဦးမြ | အင်/ယာ ဆောက်လုပ်ရေး | တွဲဖက်အတွင်းရေးမှူး |

( ၂) ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

| | | |
|---|---|---|
| (က) ဒုတိယဗိုလ်မှူးကြီး တင်စိုး | ဥက္ကဋ္ဌ၊ ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ ) ဗိုလ်မှူး သန်းနိုင် | အတွင်းရေးမှူး၊ ခရိုင်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | ဒု-ဥက္ကဋ္ဌ |
| ( ဂ ) ဗိုလ်မှူး တင်လေးမောင် | ဌာနချုပ်တပ်ခွဲမှူး ခမရ (၄၁၆) | ဒု-ဥက္ကဋ္ဌ |
| (ဃ) ဦးသာထွန်းအောင် | ဥက္ကဋ္ဌ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | အဖွဲ့ဝင် |
| ( င ) ဦးတင်ဝင်း | ဥက္ကဋ္ဌ၊မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ တောင်တွင်းကြီး | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( စ ) ဦးစိန်သောင်းကြွယ် | ဥက္ကဋ္ဌ၊မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ မြို့သစ် | အဖွဲ့ဝင် |
| (ဆ) ဦးဒိုင်တုန်း | ဥက္ကဋ္ဌ၊မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ နတ်မောက် | အဖွဲ့ဝင် |
| ( ဇ ) ဦးတင်အောင် | ဥက္ကဋ္ဌ၊မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ရေနံချောင်း | အဖွဲ့ဝင် |
| ( ဈ ) ဦးဝင်း | ဘဏ်မန်နေဂျာ | အဖွဲ့ဝင် |
| (ည) ဦးထွန်းရင် | အကြီးတန်းအုပ်ချုပ်ရေးအရာရှိ (ရေနံ) | အဖွဲ့ဝင် |
| ( ဋ ) ဦးမောင်မောင်ကြည် | မန်နေဂျာ၊ ရေနံရောင်း/ဝယ်ရေး | အဖွဲ့ဝင် |
| ( ဌ ) ဦးအောင်မော် | ဆက်သွယ်ရေးတာဝန်ခံ | အဖွဲ့ဝင် |
| ( ဍ ) ဦးကြည်အောင် | မြို့နယ်လျှပ်စစ်အင်/ယာ | အဖွဲ့ဝင် |
| ( ဎ ) ဦးချစ်အောင် | မြို့နယ်အခွန်ဦးစီးအရာရှိ | အဖွဲ့ဝင် |
| (ဏ) ဦးတင်ရှင် | ဥက္ကဋ္ဌ၊ မထသ | အဖွဲ့ဝင် |
| (တ) ဦးဝင်းဆွေ | ငွေးချေးပရစခန်းမှူး | အဖွဲ့ဝင် |
| (ထ) ဦးလှအောင် | ပညာရေးမှူးဟောင်းစလေ | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( ဒ ) ဦးလှကြည် | ကျောင်းအုပ်ကြီးဟောင်း စလေ | အဖွဲ့ဝင် |
| ( ဓ ) ဦးလှထွန်း | ဗီဒီယို၊ ဥက္ကဋ္ဌ | အဖွဲ့ဝင် |
| ( န ) ဦးစိုးဝင်း | တွင်ခုံလုပ်ငန်း | အဖွဲ့ဝင် |
| ( ပ ) ဦးမြင့်ဟန် | ဥက္ကဋ္ဌ၊ စလေ ရဝတ | အဖွဲ့ဝင် |
| ( ဖ ) ဦးခင်မောင်လေး | ဥက္ကဋ္ဌ၊ ငွေးချို ရဝတ | အဖွဲ့ဝင် |
| ( ဗ ) ဦးခင်မောင်ဆွေ | ဥက္ကဋ္ဌ၊ ငွေးပင် ရဝတ | အဖွဲ့ဝင် |
| (ဘ) ဦးသိန်းဟန် | ကုန်သည်ကြီးအသင်း စလေ | အဖွဲ့ဝင် |
| ( မ ) ဒေါ်ခင်ဝင်း | ကုန်သည်ကြီးအသင်း ချောက် | အဖွဲ့ဝင် |
| (ယ) ဦးလှထွန်း | ဥက္ကဋ္ဌ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | အတွင်းရေးမှူး |
| ( ရ ) ဦးသက်နိုင်ဦး | ဒု–ဦးစီး | တွဲဖက် |
| | အရာရှိ (ထွေ/အုပ်) | အတွင်းရေးမှူး |

(၃) ပစ္စည်းဝယ်ယူထိန်းသိမ်းရေးဆပ်ကော်မတီ

| | | |
|---|---|---|
| (က) ဦးလှထွန်း | ဥက္ကဋ္ဌ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ | ဥက္ကဋ္ဌ |
| ( ခ ) ဦးစိုးမြင့် | ဒုစက်ရုံမှူး ရေနံချက်စက်ရုံ | ဒု–ဥက္ကဋ္ဌ |

| | | | |
|---|---|---|---|
| (ဂ) | ဦးရဲမြင့်သျှင် | အုပ်ချုပ်ရေးမှူး စလေစက်ရုံ | အဖွဲ့ဝင် |
| (ဃ) | ဦးမြင့်ရွှေ | အင်/ယာရေနံ ဆောက်လုပ်ရေး | အဖွဲ့ဝင် |
| (င) | ဦးတင်ကို | ဦးစီးအရာရှိ ကုန်တင်/ချ | အဖွဲ့ဝင် |
| (စ) | ဦးသန်းနိုင် | လောပိတာတာတ်အား ခွဲရုံမှူး | အဖွဲ့ဝင် |
| (ဆ) | ဦးအောင်ကျော်ဦး | ဒုဦးစီးမှူး အခွန်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဇ) | ဦးမောင်မောင်လတ် | လ/ထဦးစီးမှူး ရှေးဟောင်းသုတေသန | အဖွဲ့ဝင် |
| (ဈ) | ဒေါ်မြဝင်းကြည် | အင်/ယာ ဆောက်လုပ်ရေး | အဖွဲ့ဝင် |
| (ည) | ဒေါ်စန်းစန်းလွင် | အငယ်တန်းအင်/ယာ | အဖွဲ့ဝင် |
| (ဋ) | ဦးခင်မောင်လတ် | မထသ၊ အတွင်းရေးမှူး | အဖွဲ့ဝင် |
| (ဌ) | ဦးမျိုးမြင့် | အဖွဲ့ဝင်၊ စလေရဝတ | အဖွဲ့ဝင် |
| (ဍ) | ဦးဝင်းနိုင်ဦး | ကြံ့/ဖွံ့၊ စလေ | အဖွဲ့ဝင် |
| (ဎ) | ဦးအောင်ခင် | ကားပိုင်ရှင် | အဖွဲ့ဝင် |
| (ဏ) | ဦးစိုးနောင် | ကားပိုင်ရှင် | အဖွဲ့ဝင် |
| (တ) | ဦးသိန်းဟန် | ဆီစက်ပိုင်ရှင် | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ထ) | ဦးစိုးလင်း | ဒု ဦးစီး (ထွေ/အုပ်) | အတွင်းရေးမှူး |
| (ဒ) | ဦးစိုးသန့် | ဒု မြို့နယ်မှူး | တွဲဖက် အတွင်းရေးမှူး |

(၄) စာရင်းစစ်ဆေးရေးဆပ်ကော်မတီ

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်လတ် | တိုင်းစာရင်းစစ် အရာရှိ | ဥက္ကဋ္ဌ |
| (ခ) | ဦးမြင့်ဆွေ | အတွင်းရေးမှူး (မဝတ) | ဒု ဥက္ကဋ္ဌ |
| (ဂ) | ဦးမျိုးချစ် | ကျောင်းအုပ်၊ စလေ အထက | အဖွဲ့ဝင် |
| (ဃ) | ဦးကြည်စိန် | တာဝန်ခံ၊ ဆိပ်ကမ်းအလုပ်သမား စောင့်ရှောက်ရေး၊ စလေ | အဖွဲ့ဝင် |
| (င) | ဒေါ်တင်တင်ဝင်း | အင်/ယာ (တ) ရေနံချက် စက်ရုံ | အဖွဲ့ဝင် |
| (စ) | ဒေါ်မြဝင်းကြည် | အင်/ယာ (စ) ဆောက်လုပ်ရေး | အဖွဲ့ဝင် |
| (ဆ) | ဒေါ်ရီရီလွင် | အင်/ယာ (စ) မြန်မာ့ရေနံ | အဖွဲ့ဝင် |
| (ဇ) | ဒေါ်အေးမေ | မြို့နယ်စာရင်းစစ် အရာရှိ | အတွင်းရေးမှူး |
| (ဈ) | ဒေါ်သန်းသန်းညွန့် | မြို့နယ် စာရင်းစစ်မှူး | တွဲဖက် အတွင်းရေးမှူး |

ထိုသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ပြည်သူတို့ လက်တွဲလျက် ပန်းပုရပ်စုံကျောင်းပြတိုက်ကြီးအား မွမ်းမံထူထောင်နေစဉ် အတွင်း ကမ္ဘာလှည့်ခရီးသည်များ အစဉ်မပြတ် တဖွဲဖွဲလာရောက် လေ့လာကြ နေကြသဖြင့် အလွန်တရာပင် ဂုဏ်ယူစရာ ဖြစ်ခဲ့ပါသည်။

ထို့ကြောင့် ၁၉၉၅ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်နေ့၌ ဒုတိယအကြိမ် လာရောက်ခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်း ရေးမှူး (၁) သည် ပန်းပုရပ်စုံကျောင်းတော်ကြီးအတွက် ဘဏ္ဍာငွေများကို ထပ်မံ၍ ခွင့်ပြုခဲ့ပြီး စလေမြို့ပေါ်ရှိ ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများအား (၄) နှစ်ဆက်၍ တစ်ဆင့်ချင်း ပြုပြင်သွားရန် လမ်းညွှန်မှုများ ပေးခဲ့ပါသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်သူတို့သည် ရှေးဟောင်း အမွေအနှစ်များကို ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြသရွေ့ ကာလပတ်လုံး ကမ္ဘာ့ပေါ်၌ မြန်မာတို့ဂုဏ် ထည်ဝါနေပေလိမ့်မည် ဖြစ်ပါသည်။ မိဘဘိုးဘွား တို့၏ အမွေများကို ခံယူထိုက်သော အမျိုးကောင်း သားသမီးများအဖြစ် တာဝန်ကျေနိုင်မှသာလျှင် မိဘဘိုးဘွား အမျိုးအနွယ်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်း စောင့်ရှောက်သူများ ဖြစ်လာကြမည် မလွဲပေ။ မြန်မာတို့၏ ဗြဟ္မစိုရ် တရားသည် သူတော်ကောင်းမြတ်တရားဓာတ် လွှမ်းဖက် ကမ္ဘာတည်စေ နိုင်တော့မည်မှာ မဝေးတော့ပါချေ။

# အကိုးအကားများ

၁။ ဂိုဏ်းထောက်ဆရာတော် ဦးဂုဏ၏ ပုရပိုက်မှတ်တမ်းများ (ပန်းပုရပ်စုံကျောင်းပြတိုက်)

၂။ ကျောင်းဒါယကာ ဦးဘိုးကြည်အရောင်းအဝယ်မှတ်တမ်း ပုရပိုက်များ (ပန်းပုရပ်စုံကျောင်းပြတိုက်)

၃။ ရတနာပုံခေတ် အုပ်ချုပ်ရေးဆိုင်ရာ ပုရပိုက်မှတ်တမ်းများ (ပန်းပုရပ်စုံကျောင်းပြတိုက်)

၄။ အရှင် ဓမ္မသာမိ၏ စလေမြို့သမိုင်း (လက်နှိပ်စာမူ)

၅။ ဦးကောဝိဒ (ဓမ္မသိပ္ပံကျောင်း) ၏ မှတ်သားချက်များ

၆။ ဒေါ်လှတင် (၁၉၀၆ – ၁၉၉၃) ၏ မှတ်သားချက်များ

၇။ ပန်းပုရပ်စုံကျောင်း ပြန်လည်မွမ်းမံရေးနှင့် ဦးပုညပြတိုက် ကော်မတီ မှတ်တမ်းများ

၈။ ဦးငြိမ်းမော်၊ ရှေးဟောင်း မြန်မာကျောက်စာများ (၃)

၉။ မြန်မာသမိုင်း သုတေသန ဂျာနယ်၊ အမှတ် (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)

၁၀။ ဦးစိန်ဝင်း ( သုတေသနအရာရှိ ) ၏ သူရဲသမိန် ပျူကျောက်စာ ဟောပြောချက်များ၊

ပ. စ. လ / ၆၃၇/ ၉၈/ စာပေ (စာတည်း) / ၁၂၀၀၀ အုပ်



၁၉၉၇ ခုနှစ်၊ စာပေဗိမာန်စာမူဆု

သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ပထမဆုရ

# စလေပန်းပုရပ်စုံကျောင်းသမိုင်း စာတမ်းများ

**ရေးသူ ... မောင်မောင်လတ်**

**(ရှေးဟောင်းသုတေသန)**

၁၉၅၇ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် အဖ ဦးမောင်မောင်သာန်း၊ အမိ ဒေါ်ခင့်စန်းတို့မှ စလေမြို့နယ်၊ ဟညောင် (စညောင်) ရွာ၌ မွေးဖွားသည်။

၁၉၆၂ ခုနှစ်တွင် ဟညောင်ရွာ မူလတန်းကျောင်းတွင် ပညာသင်ကြားခဲ့သည်။ စလေမြို့ အစိုးရ အထက်တန်းကျောင်း၌ နဝမတန်း၊ ချောက်မြို့ အမှတ် (၁) အထ[illegible] တန်းကျောင်း၌ ဒသမတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် ရှေးဟောင်းသုတေသန လုံခြုံရေးဝန်ထမ်းအဖြစ် စလေ[illegible]ရပ်စုံကျောင်း၌ အမှုထမ်းသည်။

၁၉၉၄ ခုနှစ်တွင် စလေပန်းပုရပ်စုံကျောင်း မွမ်းမံ[illegible] အထိမ်းအမှတ် ပြတိုက် ဆပ်ကော်မတီ အဖွဲ့ဝင်အဖြစ် တာဝ[illegible] ရှိသည်။

အမည်ရင်း ဦးမောင်မောင်လတ် ဖြစ်ပြီး၊ မွေ့ရာတန်းလမ်း၊ [illegible] ချောက်မြို့နယ်တွင် နေထိုင်လျက်ရှိသည်။